www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ခွင့်ပြုချက်အမှတ် ၅၀၀၁၅၈၀၂၀၉၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၅၂၅၀၆၀၉

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

ဖြန့်ချိရေး

အောင်မြင်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

၅၄၁၇၄၅၊၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊၀၉ ၅၀ ၂၁၃၅၄ ၊

ပထမအကြိမ် - ၂၀၀၉ ခုနှစ် ၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀) ၊ တန်ဖိုး(၂၀၀)ကျပ်

BURMESE CLASSIC .com

၈၉၅.၈၃

နတ်ရှာမိုး

လူပျိုကြီးတော့ ဖြစ်ချင်ဘူး / နတ်ရှာမိုး။ - ရန်ကုန်၊ အောင်မြင်စာပေ၊ ၂၀၀၉။

၁၅၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) နတ်ရှာမိုး



www.burmeseclassic.com

www.burmeseclassic.com

“ချစ်တယ်” ဆိုတဲ့စကားတစ်ခွန်း
နှုတ်ဖျားက ထွက်ပေါ်လာဖို့ဆိုတာ...
လက်ဖျစ်တစ်ချက် တီးရုံ,
စက္ကန့် တစ်ခုန်နှစ်ခုန်စာလောက်ပဲ ကြာတာ...
ကျုပ်ပြောမယ်ဆိုကာမှပဲ...
အနှစ်သုံးဆယ်လောက် ကြာသွားတယ်...။
ခင်ဗျားတို့ ပြောကြည့်စမ်းပါဗျာ...
“ချစ်တယ်” လို့...
တကယ် ဘုရားစူး...
နှစ်လုံးတည်းရယ်



www.burmeseclassic.com



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ တစ် ]

BURMESE CLASSIC

"ချစ်တယ်. . ."

"ဘာ!!. . . ပါးကွဲသွားချင်လား!. . . ဟင်း"

"ဗျာ. . . အဲ. . ."

ကျွန်တော့်တစ်ကိုယ်လုံး နတ်ကျသလို တုန်ခါသွားပြီး မျက်နှာတွေဆိုတာ ထူပိန်းပိန်းကြီးနဲ့ ဘယ်လိုကြီးကို. . . ဖြစ်သွားမှန်း ဘူး၊ တကယ်ပါဗျာ. . (လုံး၀)လုံး၀မရည်ရွယ်တာ အမှန်ပါ။

အမှန်တော့ ဒီစကားနှစ်လုံးက ကျွန်တော့်အ တစ်



www.burmeseclassic.com

www.burmeseclassic.com



သုံးမှာ. . အသုံးတည့်ခွင့်ရဖို့ အတော့်ကို ခက်ခဲလွန်းတဲ့အတွက် နာနာ ကျည်းကျည်းနဲ့ကို. . . ရေရွတ်နေမိတာ။

ပထမတော့ စိတ်ထဲကနေ ရွတ်တယ်၊ ရွတ်ရင်းက. . . ဘယ်လိုပြောမလဲ. . ရှာန်ဝင်သွားတယ်ပဲ ပြောမလား၊ ပါးစပ်ကနေ အသံထွက်ပြီး ရွတ်မိသွားတယ်. . .။ ဖြစ်ချင်တော့ ကားမှတ်တိုင်မှာ ကားစောင့်ရင်းဗျ။

ကံဆိုးချင်တော့. . ဘေးမှာ ကျွန်တော်တို့ရုံးက လက်ထောက် ဌာနမှူးအဖြစ် အသစ်ရောက်လာတဲ့ ဒေါ်ချိုချို။ 'ဒေါ်' လို့ တပ်ခေါ် ပေမယ့် အရွယ်က ကျွန်တော့်လို သာတီး. . မစို့မပို့အရွယ်ပါပဲ. . .။

မနက်ဖြန် ရုံးတက်ရင်တော့ ပွဲခံပြီပေါ့ဗျာ၊ စိတ်ညစ်လိုက်တာ၊ အရှက်ကွဲချင်တော့လည်း ကြည့်ဦး။

ဒေါ်ချိုချို ရှက်မွန်ပြီး ကျွန်တော့်ကို အော်ဟစ်ရင်း. . . ကား မှတ်တိုင်ကနေ ခြေဆောင့်ထွက်သွားတော့. . လူတွေ ကျွန်တော့်ကို ငိုင်းကြည့်ကြတာပေါ့။ ရှက်လိုက်တာ။

ဟိုလူ. . ဟိုအမျိုးသမီးကို. . . အနားကပ်ပြီး ဘာလုပ်လွှတ် လိုက်သလဲ မသိဘူးဆိုတဲ့ အတွေးမျိုး တွေးကြတော့မည်. . သွားပါပြီ။

"ဒီလူ ဘာလုပ်လွှတ်လိုက်တာလဲ!. . ."

"မလုပ်ဘူးဗျ. . တိုးတိုးကပ်ပြောတာ. . ."

"ဘာပြောမယ်လို့ ခင်ဗျားထင်လဲ!. . ."

"ရုပ်တာတော့. . . နွာဘူးရုပ်ပဲ"

"ခါးပိုက်နှိုက်များလားမသိဘူးနော်. . ."

"ဖြစ်နိုင်ဘူး. . . ပါးစပ်နှိုက်လို့တော့ ကျွန်မထင်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . ငါ့ရွှေသွားလေးတော့ အပါမခံနိုင်ဘူး သတိထားမှ"

ခပ်ကျယ်ကျယ် ကြည့်ပြီး . . ခပ်တိုးတိုး ဝေဖန်သံတွေကြောင့် ကျွန်တော်လည်း ဒီနေရာကနေ ထွက်သွားရမလားလို့ စဉ်းစားမိတယ်။

အဲ့ဒီအချိန်မှာပဲ အဓိပတိ အပြာရောင်တစ်စီး . . ငြိမ့်ခနဲထိုးရပ်လာတဲ့အတွက် ကျွန်တော်လည်း . . ရှက်တွင်းထဲက လွတ် . . ဖြွတ် ဆိုပြီး . . ဇွတ်ပြေးတက်ပစ်လိုက်ပါတယ် . . ။

ကားပေါ်တက်လာတာ ကျွန်တော်တစ်ယောက်တည်းဆိုတော့ . . စပယ်ယာ ကျွန်တော့်အနားကို ရောက်လာတယ်။

"ကားခ"

"ခင်ဗျာ . . ."

"ကားခလေဗျာ . . နှစ်ရာ . . နှစ်ရာ"

သေပြီ . . အိတ်ထဲမှာ တစ်ရာပဲ ပါတယ်။

စပယ်ယာ ကျွန်တော့်အနားရောက်လာတာဟာ အငှသေခံဖို့ခွဲတိုက်ခိုက်မယ့် စစ်သွေးကြွတစ်ယောက် ရောက်လာသလိုပါပဲ။

ဩော် . . လူဖြစ်ရတဲ့ ဒုက္ခများ၊ မတတ်နိုင်ပါဘူး၊ ကျွန်တော်အိပ်ထဲက တစ်ရွက်တည်းသော . . တစ်ရာတန်တစ်ရွက်ကို ဆွဲထုတ်ပြီးပေးလိုက်တယ်။

"ငါ . . . တစ်ဝက်ပဲ စီးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ပျို . . . လူပျိုကြီး"

ဟား . . . နားခါးလိုက်တဲ့ခေါ်သံကွာ၊ အဲ့သလို ခေါ်တာမျိုးကို အရမ်းမုန်းပဲ။

ကိုယ့်ဘာသာ မြည်တမ်းရင်း ထမင်းဇလုံ ကိုင်ပြီး အိမ်ရှေ့ထွက်ချောင်းကြည့်လိုက်တယ်။

"ဪ . . . ကိုစိုင်း . : . လာဗျ"

တခြားလူ မှတ်လို့။ ကျွန်တော့်မိတ်ဆွေ ပန်းချီဆရာ။ ဒီလူမှ တကယ့်လူ၊ သူက ကျွန်တော့်ထက် ဆယ့်ငါးနှစ်လောက် ကြီးပြီး ခုချိန်ထိ . . အိမ်ထောင်မကျသေးဘဲနဲ့များ ကျွန်တော့်ကို လူပျိုကြီးတဲ့ ကွာ၊ အံ့ရော . . . အံ့ရော။

ကိုစိုင်းလားရှိုး . . . ရောက်လာတော့ ကျွန်တော်လည်း မီးဖို



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ ပြန်မဝင်တော့ဘဲ အိမ်ရှေ့ဆက်တီဝိုင်းမှာပဲ ဇလုံချပြီး ထမင်းစားရင်း ညှော်ခံဖို့ ပြင်လိုက်တယ်။

"စားပါဦးဗျ. . . ဟင်းကတော့ မနေ့က လက်ကျန်ပြန်နွှေးပြီး ငပိရည်နဲ့ သမထားတာလေ. . ."

"မင်း ဒီ့ထက်ပိုကြွားပြောလဲ မစားပါဘူးကွာ. . . ဒါနဲ့ မင်း. . . ထမင်းချိုင့် မထည့်ဘဲ အိမ်ကနေ အပြီးစားသွားတာလား!"

"အင်း. . . အုံ. . . ကုံ. . ."

ပြန်ဖြေဖို့ ထမင်းကို. . . အတင်းမြိုချပစ်ရတယ်၊ သိတဲ့အတိုင်း. . . ထမင်းရောဟင်းပါ မနေ့က လက်ကျန်ဆိုတော့. . . မြို့သစ်ထဲ ကားဖြတ်မောင်းသလို. . . လည်ချောင်းထဲ ခလုခလုက်နဲ့ ရေသောက်ချမှပဲ အဆင်ပြေသွားတယ်။ .

"ထမင်းချိုင့်အကြောင်း မပြောပါနဲ့ ကိုစိုင်းရာ. . . အပြီးစားသွားတာပဲ ကောင်းတယ်"

"ဟေ. . . ဘာယ်လိုဖြစ်လို့တုန်း!"

ကျွန်တော့်မှာ သွပ်လက်စ ထမင်းလုပ်ကို မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ မြိုချလိုက်ရပြန်ပါတယ်။ ပြီးမှ. . .

"ဒီလိုဗျ. . . အဲဒီနေ့က အိမ်မှာ ဝက်သားချက်တယ် ဝေးကဝယ်ချက်တာတော့ မဟုတ်ဘူး၊ ရပ်ကွက်ထဲ ဝက်ပေါ်တဲ့အခါ ကုန်ပေးနဲ့ လဆိုင်းလို့ တစ်ပိဿာတွဲတစ်တွဲ ဆွဲထားလိုက်တာ ကလည်း ဝက်သားက ကြိုက်ကြိုက်၊ မစားရတာလည်း ကြာပြီး အိနေအောင် နှပ်ချက်ထားတဲ့ ဝက်သားကို ထမင်းချိုင့်ထဲ ထည့်သွားတယ်၊ ရုံးက ဘော်ဒါတွေလည်း ကျွေးမယ်ပေါ့ဗျာ၊ ကား



www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့ နှစ်မှတ်တိုင်လောက်ပဲ စီးရသေးတယ်၊ ခုံနေရာက ရရောဗျာ၊ (၂၀၃)ကလည်း ရုံးချိန်ဆို ကျွန်တော်ထည့်သွားတဲ့ ဝက်သား ဟင်းလိုပဲ အိနေအောင် ကြပ်တာဗျ၊ ဖြစ်ချင်တော့ ကျွန်တော့်ရှေ့ တည့်တည့် ရောက်နေတဲ့ ကောင်မလေးရဲ့ထမင်းချိုင့်ကို အားနာပြီး ယူကိုင်ထားပေးမိတယ်၊ ကောင်မလေးဘေးက ကုလားကြီးကလည်း ထ[illegible]င်းချိုင့်နဲ့၊ နာမည်က ဦးရာကွတ်တဲ့၊ ကျွန်တော်တို့ရုံးက လုံခြုံရေး ဝန်ထမ်း၊ ကောင်မလေးချိုင့်တော့ ယူထားပေးပြီး သူ့ချိုင့်မယူထားရင် မကောင်းဘူး မဟုတ်လား၊ အဲ့ဒါကြောင့် ဦးရာကွတ် . ပေး . ကျွန် တော်ကိုင်ထားမယ်ဆိုပြီး ယူကိုင်ထားလိုက်တယ်၊ ကောင်မလေးနဲ့ ဦးရာကွတ်က အိမ်နီးချင်းတွေ ထင်တယ်ဗျ၊ လမ်းမှာ စကားတွေ ဖောင်နေအောင် ပြောရင်း ကျွန်တော့်ကိုပါ မိတ်ဆက်ပေးလိုက်သေး တယ်၊ ကောင်မလေးက ခပ်ချောချောလေးဆိုတော့ နောက်မှ ဦးရာ ကွတ်ကို လက်ဖက်ရည်တိုက်ပြီး အမျိုးစပ်ကြည့်ဦးမယ်လို့တောင် စရန်သပ်ထားမိသေးတာ၊ စိတ်ထဲကပါ၊ အဲ့ဒါနဲ့ ဘားလမ်းရောက်တော့ ကောင်မလေး သူ့ချိုင့်သူဆွဲပြီး ဆင်းသွားရောဗျာ၊ ကုန်စျေးတန်း ရောက်တော့ ကျွန်တော်နဲ့ ဦးရာကွတ်လည်း ကိုယ့်ချိုင့်ကိုယ်ယူပြီး ဆင်း[illegible]ရောဗျာ၊ ထမင်းစားချိန်လည်း ရောက်ရော ပြဿနာတက် [illegible]ပဲ ကိုစိုင်းရာ၊ ချိုင့်ဖွင့်ကြည့်တော့ ဟင်းက ဝက်သားကနေ [illegible]က်သားဖြစ်နေတယ်၊ ဟင်းကတော့ တစ်အံ့အပြည့်ပဲ၊ သူလည်း [illegible]နိ်တော့်လို ကြက်လပေးရလို့ ဆွဲချက်သလား မသိဘူး၊ အဲ့ဒီအချိန် [illegible] ဦးရာကွတ် ဒေါနဲ့မောနဲ့ ရောက်လာပြီး ဝက်သားဟင်းနဲ့ ထမင်း ချိုင့်ကို ကျွန်တော့်ဆီက ချိုင့်နဲ့ လာလဲယူသွားတယ်ရော



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . အေးပေါ့ကွာ၊ သူက မတည့်ဘူး မဟုတ်လား!"

"ဒါပေမယ့် ကြက်သားက သူ့ဟင်းမဟုတ်ဘူး"

"ဟေ. . . မင်းဟာကလည်း"

"ပြောပြမယ်. . . ကျွန်တော်တို့ စားသောက်ပြီးလို့ ရုံးပြန်တက်မှ ကောင်မလေး ရောက်လာတယ်၊ သူက ဦးရာကွတ်နဲ့ သိတော့ ဦးရာကွတ်ဆီကနေတဆင့် ကျွန်တော့်အခန်း ရောက်လာတာ၊ ကျွန်တော်တို့ ဌာနခွဲစာရေးကြီး ကိုနောက်နောက်အသံကလည်း အောင်းခနဲ. . အောင်းခနဲကို အောင်တဲ့အသံမျိုး"

"ဟော့. . . နွေဦးမောင်၊ ကားပေါ်မှာ ထမင်းချိုင့် မှားလို့ဆိုပြီး လာပြန်လဲတယ်ကွ၊ ဒီမှာ မင်းရဲ့ ငရုတ်သီးဆားထောင်းဟင်း၊ သူ့ကြက်သားချိုင့် ပြန်ပေးပါတဲ့"

"ဟာ. . . မဖြစ်နိုင်ဘူး ဆရာ၊ အဲ့ဒါ ဦးရာကွတ်ချိုင့်ပဲ ဖြစ်ရမယ်. . လို့ ကျွန်တော်ပြောနေတုန်း ဦးရာကွတ် ရောက်လာပြီး ဘာပြောတယ်မှတ်လဲ. . ."

"ဒီမှာ မောင်ရင်. . ရာကွတ်နော်၊ လျှာပဲ ဝါးစားမယ်၊ ငရုတ်သီးဆားထောင်းနဲ့ ထမင်းမစားဘူး. . သဘောပေါက်လား. . တဲ့လေ ကျွန်တော်ဘယ်လိုပြောရမလဲ ကိုစိုင်း. . . ဦးရာကွတ်နဲ့ ကောင်မလေးက လူရင်း. . . ကျွန်တော်က အစိမ်းလေ"

"အဲ့ဒါနဲ့. . ."

"အဲ့ဒါနဲ့ ကြက်သားဟင်းဖိုး လျော်လိုက်ရတာပေါ့နေမလား. . .ထည်း စကားအသစ် ရသွားတယ်၊ ဝက်သားနဲ့ချဉ်ပေါင် လို့ ကြားဖူးတယ်လေ၊ ကြက်သားနဲ့ ငရုတ်သီးဆားထောင်း. . .မှာကြိုး



www.burmeseclassic.com

www.burmeseclassic.com



ကြားဖူးဘူးဆိုပြီး စနောက်ကုန်လို့ ကိုယ့်ဟင်းကိုယ်စား. . ကုလားကြက်သားကျွေး. . အလျှော်ပေး. . အရှက်ကွဲလိုက်ရလို့ စိတ်နာပြီး မထည့်တော့တာ"

"ဪ. . . ဂလိုကိုး၊ ဒါပေမယ့် ခုမှ (၈)နာရီပဲ ရှိသေးတာ၊ နေ့ခင်းကျ ဆာမှာပေါ့"

"ရတယ်. . . ဆာလည်း လက်ဖက်ရည် ဆင်းသောက်ပြီး လေခိုင်းထားလိုက်တယ်"

"အင်း. . . မင်းနဲ့တော့ ဟုတ်နေပြီ"

"ခဏလေးနော်. . ."

ပြောပြီး ကျွန်တော်က စောစောက ထမင်းထိုင်စားနေတဲ့ မီးဖိုခန်းထဲ လျှောက်ဝင်လာခဲ့တယ်၊ အခန်းထဲ ရောက်မှ ဇလုံထဲက ထမင်းလက်ကျန်ကို ပလုပ်ပလောင်း အမြီးသတ်ပြီး ဆေးကြောလိုက်ပါတယ်။ အဲဒီနောက် ပလုပ်ကျင်း၊ သွားတိုက်၊ လက်မှာ ငပိရည်နံ့ စွဲနေလို့ ဆပ်ပြာနဲ့ သေချာစင်အောင် ဆေးနေရတာ နည်းနည်းကြာသွားတယ် ထင်တယ်။

"ဟ. . . နွှေဦးမောင်ရ. . . ကြာလှချည်လားကွ"

"လာပြီ. . . လာပြီ. . . ကိုစိုင်းရေ"

အဲ့သလို အသံပြုရင်း အိမ်ရှေ့ခန်းဆီ ပြန်ထွက်လာခဲ့တယ် ...န်း ရောက်မှ. . . နံရံက. . နာရီကို မော့ကြည့်မိတယ်။

"ဟာ. . . (၈)နာရီ ထိုးပြီဟ၊ ကိုစိုင်းရေ. . . ခဏလေးဗျ ..."

...ပွဲကြီးကို ဒုက္ခပေးသလို ဖြစ်နေလို့ ကျွန်တော်လည်း အား...



www.burmeseclassic.com

www.burmeseclassic.com



နာနဲ့ အိပ်ခန်းထဲ ပြေးဝင်လာခဲ့ပါတယ်။

ကိုစိုင်း ရောက်လာတာ. . . အနည်းဆုံး လက်ဖက်ရည်ဆိုင် ထိုင်ပြီး လေပွမှာ သေချာတဲ့အတွက် ဆိုင်က ထရင် ရုံးကို တန်းလစ်နိုင်အောင် ပြင်ဆင်ပြီး အိမ်ကနေ အပြီးထွက်ရမှာ မဟုတ်လား။

ဒီမှာလည်း နည်းနည်းကြာသွားတယ်၊ အဝတ်အစားလဲ၊ မနေ့က. . . ရုံးက ယူလာတဲ့ဖိုင်တွေ ပြန်စုသိမ်း. . . လွယ်အိတ်ထဲထည့်၊ ဘော(လ်)ပင်၊ ပေတံ၊ ဂဏန်းပေါင်းစက်၊ ဒီနေ့တစ်ရက်စာအတွက် မနေ့က အမိပတိပေါ်မှာ အရှက်ကွဲခံပြီး စုဆောင်းထားတဲ့ ငွေတစ်ရာ၊

အဲ့ဒါတွေ အားလုံးစုံစိစေ့ငုအောင် ခပ်သွက်သွက် ပြင်ဆင်ယူဆောင်ပြီး ထွက်လိုက်တယ်. . . ဒါတောင် မသိမ်းရသေးတဲ့စောင်၊ ခြင်ထောင်တွေကို. . . တစ်ဖက်ဖြုတ်ပြီး လုံးကန်ထားခဲ့ရတာပါ။

အပြင်ထွက်လာတော့. . . ထိုင်စောင့်နေရလို့ ကိုစိုင်းမျက်နှာ သိပ်မကြည်လင်တော့ပါဘူး။

"မင်း. . . အဲ့ဒါကြောင့် မိန်းမ. . . မရပဲ လူပျိုကြီး ဖြစ်နေတာ"

"တောင်းပန်ပါတယ် ကိုစိုင်းရယ်. . . ကျွန်တော့်ကို လူပျိုကြီးဘဝကနေလွတ်အောင် သင်ကြားပေးစမ်းပါ. . . အားကိုးပါတယ်"

"အေး. . . ဒါဆို. . . ဟို. . အဲ. . အင်းလေ. . အင်းပေါ့"

ကိုစိုင်း အိုးနင်းခွက်နင်း ဖြစ်သွားပြီး. . . ရှေ့ကနေ ကြို့ထွက်နေပါတော့တယ်။ နှာနုဖြတ်ရိုက်မိသလို ဖြစ်သွားလို့ ကြိတ်ဆဲနေမလား

ဘာပဲပြောပြော ဒီဇင်ဘာ မနက်ခင်းလေးကတော့ ကမ္ဘာကြီး



www.burmeseclassic.com

www.burmeseclassic.com



ပူနွေးလာတာ. . သူနဲ့ မဆိုင်သလို အေးအေးလူလူ ရှိနေတာကိုက စိတ်ကြည်နူးစရာပါ။

ကျွန်တော်တို့နှစ်ယောက် လျှောက်လာရင်း ကိုစိုင်းက ပြောတယ်။

"မင်းတို့ရုံးမှာ ပြီးခဲ့တဲ့အပတ်ကမှ မန္တလေးက ပြောင်းလာတဲ့ ဝန်ထမ်းအသစ် ရှိတယ်မဟုတ်လား!"

ကျွန်တော့်အာရုံထဲမှာ ဒေါ်ချိုချိုကို. . ဖြတ်ခနဲ သွားမြင်ပြီး ဇတ်ခနဲ တုန်သွားတယ်၊ မနေ့က အရှိန်တွေ. . လေ။

"အင်း. . ရှိ. . . ရှိတယ်. . . လက်ထောက်ဌာနမှူး ရာထူးနဲ့ ရောက်လာတာ. . . ဒေါ်ချိုချို"

"ချိုချိုပါကွာ. . . အသက်က ရှိလှမှ မင်းတို့လောက်ပါ"

ကျွန်တော် 'ဒေါ်' တပ်ခေါ်လိုက်တာ. . . မခံမရပ်နိုင် ဖြစ်သွားတဲ့ ကိုစိုင်းမျက်နှာကို လှမ်းကြည့်မိသွားတယ်။ ကြည့်ကာမှ ကိုစိုင်းက သူ့မျက်နှာကို မော့ချီပစ်လိုက်သေးရဲ့။ ကြည့်ရတာ. . တော်တော် ပတ်သက်မှု ရှိပုံပါ။

"အဲဒါ. . . ငါနဲ့ စေ့စပ်ထားတဲ့ မိန်းကလေးကွ. . သိရဲ့လား!"

လေသံကတော့ ခပ်ကြွားကြွားပါ။ အမှန်ပြောရရင် ကိုစိုင်းမှာ ဒီလိုဝှက်ဖဲလေး ရှိနေတာကို ကြိတ်ပြီး အားကျသွားမိတယ်။

အဲဒါကြောင့်. . .

"ကိုစိုင်း တယ်ဆိုးလို့လဲ. . . ဘယ်တုန်းက စေ့စပ်ထားတာလဲ!"

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်က. . လူကြီးချင်း သဘောတူထား



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့ကွာ"

"ဟာ. . . ကြာပြီပဲ၊ ဘာလို့ လက်မထပ်ကြသေးတာလဲ!"

"ငါလည်း လက်ထပ်ချင်ပါတယ်. . . ဒါပေမယ့် စေ့စပ်ပြီး မကြာဘူး. . . နှစ်ဖက်မိဘတွေ ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးပါး ကုန်ကြလို့ကွ"

"ဟင်. . . ဘာဆိုင်လဲ!. . . မိဘတွေ မရှိကြတော့လို့ အမြန် အလှန် အားကိုးပြီး ပိုတောင်နီးစပ်ရဦးမယ်"

စကားပြောရင်း သူ့မျက်နှာ ပြန်မော့ကြည့်တော့ စောစော ကလို ချိမထားတော့ပဲ ချထားပါတယ်၊ လေသံလည်း. . . ပျော့သွား တယ်။

"အေးကွာ. . . မင်းပြောသလို သူတွေးမိရင် သိပ်ကောင်းမှာ၊ ခုတော့. . . လူကြီးချင်း သဘောတူထားတာ လူကြီးတွေ မရှိကြတော့ လို့ ကြောင်းလမ်းထားတဲ့ကိစ္စ အကျုံးမဝင်တော့ဘူးတဲ့ကွာ. . . အဲ့ဒါ ကြောင့် ဆယ်နှစ်နီးပါး ကြာလာတာ"

"ဟာ. . . ဘယ့်နှာကြီးလဲဗျာ"

စကားပြောရင်း ကျွန်တော် ထိုင်နေကျ လက်ဖက်ရည်ဆိုင် ရောက်လာလို့ ကိုစိုင်း စကားမဆက်တော့။ ဆိုင်ထဲ ချိုးဝင်ပြီး. . . နီးရာ စားပွဲလွတ်မှာ ဝင်ထိုင်လိုက်ပါတယ်၊ စားပွဲပေါ် တက်ထိုင်တာ မဟုတ်ပါဘူး၊ စားပွဲလွတ်ဘေးက ခုံလွတ်မှာ ဝင်ထိုင်ကြတာပါ။

"ကိုလူပျိုကြီးတို့. . . ကျဆိမ့်တူးလား!"

"ကျဆိမ့်ကတော့ တူးပဲ. . . ငါ့နာမည် နွေဦးမောင်၊ သူက စိုင်းလားရှိုး. . . နာမည်ရှိတာ နာမည်ခေါ်ကွာ၊ နောက်တစ်ခါ လူပျို

www.burmeseclassic.com



ကြီး ခေါ်လို့ကတော့. . . မင်းနာပြီ. . .”

ကျွန်တော် အဲ့သလို ခပ်တည်တည် ပြောလွှတ်တာကို. . . ကိုစိုင်း ကျေနပ်သွားတယ်။

“အေး. . ငါ့ရပ်ကွက်မှာလည်း ငါနည်းနည်းတော့ အချိုးပြင်ရလိမ့်မယ် အတိတ်တွေ နိမိတ်တွေကို ယုံကြည်လို့တော့ မဟုတ်ဘူး၊ လူပျိုကြီးလို့ တစ်ခါအခေါ်ခံရတိုင်း သွားကိုက်နေတဲ့ကြားက အမဲရွတ်ဟင်းနဲ့ စားရသလို. . . အတော့်ကို ခံရခက်ခက်သွားတယ်”

“ဟုတ်တယ်. . . ကျွန်တော်လည်း အတူတူပဲ၊ ကိုစိုင်းလည်း ကျွန်တော့်ကို ငွေဦးမောင်လို့ပဲ ခေါ်ပါဗျာ”

“အေးပါကွာ. . . ငါလည်း စချင်နောက်ချင်လို့ ခေါ်မိတာပါ”

ကျွန်တော်တို့ အဲသလို. . . သူတော်အချင်းချင်း. . . အဲ. . . မဟုတ်ဘူး. . . လူပျိုအချင်းချင်း သတင်းလွှေ့လွှေ့ ဖြစ်နေကြတုန်း စားပွဲထိုးလေး လက်ဖက်ရည် လာချပေးလို့ ကိုယ့်ပန်းကန် ကိုယ်ဆွဲပြီး သောက်ကြတယ်. . ။ ခဏကြာတော့ ကိုစိုင်းကပဲ စကားကို ပြန်ဆက်တယ်။

“ငါ ဒီမနက်လာတဲ့ရည်ရွယ်ချက်က. . . ချိုချို့သတင်း မေးချင်တာရယ်၊ ဖြစ်နိုင်ရင် မင်းနဲ့ လိုက်လာပြီး. . . ချိုချိုနဲ့ လိုက်တွေ့ချင်တယ်ကွာ၊ အစိမ်းသက်သက်ကြီး မဟုတ်ပေမယ့် မင်းက လူခံအနေနဲ့ ကြားဝင်ချိတ်ပေးရင်. . . ငါ့အတွက် ပိုပြီးချောမွေ့တာပေါ့ကွ. . . ဟုတ်ဖူးလား!”

ကျွန်တော့်မှာ ငုံမိလျက်သား လက်ဖက်ရည် ပြန်ထွက်လျှသွားမတတ် ထိတ်ပျာသွားပြီး လက်မတင်လေး မြိုချလိုက်ရတယ်။ ဒီမနက်



www.burmeseclassic.com

www.burmeseclassic.com



အဖို့ ကံကြမ္မာကတော့ မတွေးဝံ့စရာပါပဲ။ နားထောင်ရသလောက် ဒေါ်ချိုချိုဘက်က ကိုစိုင်းကို သိပ်စိတ်ဝင်စားပုံ မပေါ်ပါဘူး။ မနေ့က ပြဿနာကြောင့်. . . ကျွန်တော့်မျက်နှာ မြင်တာနဲ့ အမုန်းကြိတ်ပစ်ချင်တဲ့ကြားက ကိုစိုင်းကို ခေါ်သွားဦးမယ်ဆိုရင်တော့. . .။

ကျွန်တော် တွေးရင်းနဲ့တောင် ကြက်သီးမွေးညှင်းတွေ ထလာလို့. . .

"ဪ. . . ကိုစိုင်း. . . ဒီမနက် ရုံးကို လိုက်လာရင် အဆင်မပြေဘူး ထင်တယ်"

"ဟေ. . . ဘာဖြစ်လို့လဲ!. . . "

"ဒီမနက်. . ဝန်ထမ်းအထူးအစည်းအဝေးပွဲ ရှိနေတယ်၊ တစ်မနက်ခင်းတော့ ကုန်မှာပဲ၊ ကိုစိုင်း လိုက်လာရင် ငုတ်တုတ်မေ့မှာ သေချာတယ်. . ."

ကျွန်တော့်ဖြီးလုံးဖျန်းလုံးတွေကြောင့် ယမကာခိုးတွေနဲ့ နီမြန်းလင်းနေတဲ့ ကိုစိုင်းမျက်နှာဟာ ညှိုးပြီးတွန့်သွားတယ်၊ ဒီလိုမှ မလုပ်ရင် ရုံးရောက်တာနဲ့ ကျွန်တော်. . ငြိမ်ပြီး. . အတုပ်ခံရမှာ။ လောလောဆယ် ကျွန်တော့်မိတ်ဆွေကြီး စိတ်မကောင်း ဖြစ်နေတာကို ကြည့်ပြီး ကျွန်တော်လည်း စိတ်မကောင်း ဖြစ်ရတယ်။

"အေးကွာ. . ဒါဆိုလည်း ဘာတတ်နိုင်မှာလဲ. . တစ်ခုတော့ကူညီကွာ. . ."

"အင်း. . . ပြော. . ."

"မင်း သူနဲ့ တွေ့ရင် မေးကြည့်လိုက်. . . ကိုစိုင်း[illegible] သိလားလို့၊ သူက သိတယ်လို့ ပြောရင်. . . ဟာ. . . ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာစ်ရပ်ကွက်ထဲနေတာ အရမ်းခင်တယ်. . ဘာညာဆိုပြီး. . ရှိုးကွာ ဟုတ်ပြီလား”

“အာ. . ဒါ. . . ဒါတော့ ဖြစ်တယ်. . . ကိုစိုင်း မပူနဲ့၊ ဒီလို intro လေးနဲ့ သွားတာ ပိုကောင်းတယ်. . . စိတ်ချဗျာ၊ ကဲ. . . ကျွန်တော်လည်း အစည်းဝေးမှီအောင် လစ်မှ ဖြစ်မယ်၊ ဒီနေ့က. . . pay day ဆိုတော့ နည်းနည်းတက်ကြွပေးမှ. . . ဖြစ်မှာ. . ”

“ဟာ. . . pay day လား၊ Ok. . . ညနေ. . . ငါဆိုင်က စောင့်မယ်. . .”

“ဟုတ်ပြီဗျာ. . . ကိုင်း. . . ကျွန်တော်လစ်ပြီ”

“ဟ. . ဟ. . နေဦး. . နွေဦးမောင်ရ”

နေဦးလို့ ပြောပြီး. . . ပြုံးပြုံးကြီး လုပ်ကြည့်နေတဲ့ ကိုစိုင်းရဲ့ အကြည့်တွေကြောင့် ကျွန်တော်လန့်သွားတယ်၊ ဒီလိုအကြည့်မျိုး ကြည့်ရင် ဘာ. . ဆိုတာ ရင်းနှီးလာတဲ့ ကာလတစ်လျှောက်မှာ တွေ့ကြုံဖူးတဲ့အတွက်. . . ကျွန်တော် ခြေဖျားလက်ဖျားတွေတောင် အေးချင်လာပါတယ်. . .။

“မင်း. . . မင်း. . . ဒီဆိုင်မှာ. . ဘေ. . ဘေဖွင့်ထားခဲ့လို့ ရလား၊ ငါ. . . ပိုက်ဆံမပါဘူးကွ. . . ငါ့ဒီဖိုင်းတွေ ဖောင်ပိတ်နေတော့ ငါလည်း ခါးနေတယ်. . .”

သိတယ်၊ ကိုစိုင်း ဒီလိုကြည့်ရင် ဒီလိုပြောတော့မယ်ဆိုတာ ကျွန်တော် ကြိုသိနေပြီး ကြိုတင်. . . ရင်တုန်ပြီးသား။ ဩော်. . . ငါ့နှယ်။ ဒီလိုမုန့်း အစက သိရင်. . . ကိုတိုးကြီးဆိုင်မှာပဲ ထိုင်ပါတယ်၊ ကိုတိုးကြီးဆိုင်က လက်ဖက်ရည်သာ မကောင်းတာ၊ အကြွေးဆံရေး

www.burmeseclassic.com



အရမ်းကောင်းပြီး 'ဘော' ဆိုလည်း အိုကေပဲ။

ဒီမှာက မရဘူး၊ လက်ဖက်ရည်ကလည်း အပျံစား။ ဆိုင်ကောင်တာမှာ ထိုင်နေတဲ့ ဒေါ်မမကြီးကလည်း အလန်းစား။ အလန်းစားဆိုတာ ဒီခေတ်ချာတိတ်တွေ ပြောနေတဲ့ ဘန်းစကား အဓိပ္ပါယ်လို အရမ်းချော အရမ်းလှနေလို့ အလန်းစားလို့ ပြောတာ မဟုတ်ဘူး။

လူက မည်းမည်းတုတ်တုတ် ဝဝကြီး။

အညာသူမ အစစ်ကြီး။

ရန်ဘက်ပေါ်လာလို့ကတော့ လန်ထွက်နေအောင် တုတ်တတ်လွန်းလို့ အလန်းစားလို့ ပြောတာ။ ပြဿနာက ဒီဆိုင်က. . . လုံးဝ အကြွေး မရောင်းတဲ့ဆိုင်။

ဟိုတလောကမှ ဒီလိုပြဿနာမျိုး ဒီဆိုင်မှာ တစ်ကြိမ်ဖြစ်ဖူးတယ်။ ဒီရပ်ကွက်ထဲကတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ သွားရင်းနဲ့ လက်ဖက်ရည် ဝင်သောက်တဲ့ လူတစ်ယောက်ပါ။ လူပုံစံကတော့ တကယ့်ကို ခန့်ခန့်သန့်သန့်ပဲ၊ အသားဖြူဖြူ အရပ်မြင့်မြင့်၊ စကားပြောလည်း ရည်မွန်တယ်၊ ထိုင်တာတာလည်း ကျွန်တော်နဲ့ တစ်ဝိုင်းတည်း။

ကျွန်တော်နဲ့လည်း စကားပြောဖြစ်တယ်၊ သူက စပြောတာပါ။ ဒီရပ်ကွက်ထဲမှာ ရောင်းမယ့်အိမ်ရှိလား၊ ဘယ်ဈေးလောက် ရှိလဲ။ ငှားရင်ကော၊ စပေါ်၊ လခ. . မေးလာတော့ ကျွန်တော်လည်း နားစွန်နားဖျား ကြားတာလေး သိသလောက် ပြောပြလိုက်တယ်၊ သူ လည်း ကျေးဇူးတင်စကား ပြန်ပြောပြီး. . . စားပွဲထိုးကို လက်ဖက်ရည်ဖိုး ခေါ် ရှင်းတယ်။

ကျွန်တော့်အတွက်ပါ ထည့်တွက်ခိုင်းနေလို့ နည်းနည်းတားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်. . . အဲ့ဒီမှာ စေတွေ့တာပါပဲ၊ မှိုက်ခံရှိုက်သော သူ့အိတ်က ကွဲနေပြီ။

"ဟာ. . . သွားပြီဗျ၊ ခါးပိုက်နှိုက်ခံလိုက်ရပြီ"

လို့ တစ်ခွန်းပြောပြီး ပျာယာခတ်သွားတယ်၊ မျက်စိမျက်နှာတွေလည်း ပျက်လို့ပေါ့ဗျာ၊ ဒါ အကြံအဖန် မဟုတ်ဘူး၊ အမှန်အကန်ဆိုတာ ကြည့်ရုံနဲ့ သိသာပါတယ်။ တကယ်ဆို. . . ကျွန်တော် ကူညီလိုက်ဖို့ ကောင်းတာပါ၊ လက်ဖက်ရည်တစ်ခွက်မှ နှစ်ရာပဲ ရှိတာ၊ သူလည်း လက်ဖက်ရည်တစ်ခွက်ပဲ သောက်တာ၊ ကျွန်တော်နဲ့ ပေါင်းမှ ဆေးလိပ်တစ်ပွဲလုံး ပါရင်တောင် ခြောက်ရာပဲ ကျမယ်။

ဒီခေတ် ပိုက်ဆံခြောက်ရာဆိုတာ. . . ဘာမှမပြောပလောက်တဲ့ကိစ္စ၊ ခက်တာက. . . ကျွန်တော့်မှာ သုံးရာပဲ ပါတယ်၊ အဲ့ဒါကြောင့် လက်ဖက်ရည်တစ်ခွက်နဲ့ ဆေးလိပ်နှစ်လိပ်ပဲ သောက်ထားတာ။ ထားပါတော့၊ ကျွန်တော်လည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိ ဆိုတဲ့စကားနဲ့ မှိန်းနေတော့ သူလည်း မတတ်သာတဲ့အဆုံး ကောင်တာအထိ ကိုယ်တိုင်သွားပြီး အကျိုးအကြောင်း ပြောပြတယ် ထင်ပါတယ်။

"ဟား!!"

ရုတ်တရက် အော်ထည့်လိုက်တဲ့ ဒေါ်မမကြီးရဲ့အသံဗျာ၊ ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် မကြားဖူးအောင် ကျယ်လောင်တဲ့အသံကြီးပျာ. . . ။

ဆိုင်ကြီးတစ်ဆိုင်လုံး ပြည့်နေတဲ့လူတွေ. . . ဆိုတာ၊ မီးကိုရေနဲ့ငြိမ်းတာမှ ရှဲခနဲ မြည်ဦးမယ်၊ အခုဟာက တိခနဲ။ ကျွန်တော်ဖတ်ဖူးတဲ့ အဋ္ဌကထာထဲက အာဋ္ဌာဝကသုတ်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



အာဠာဝက ဘီလူးသည် ဆေးဒါန်း၊ မြင်းသီလာ ကျော
ဖျာကြီးတွင် လက်ဝဲခြေကိုလည်းကောင်း၊ ကေလာသ တောင်ထွ
လက်ျာခြေကိုလည်းကောင်း ထားရှိကာ 'ငါ အာဠာဝကပေ
ကြုံးဝါးသည့်အသံကို. . . ဇမ္ဗူဒိပ် တစ်ကျွန်းလုံး ကြားရပေသည်. .
လို့ ပြဆိုထားတာ ဖြစ်နိုင်လောက်တယ်လို့တောင် တွေးမိတ
ဟိုပုဂ္ဂိုလ်ခမျာမှာတော့ အအော်လည်း ခံရ၊ လူတွေ ဝိုင်းကြည့်တ
သည်း ခံရဆိုတော့. . . သေချင်စိတ်ကို ပေါက်သွားမှာ. . .

"နွေဦးမောင်. . . ဟေ့. . . နွေဦး. . ."

"ဗျ. . . ဗျာ. . ."

ကျွန်တော့်အတွေးနဲ့ကျွန်တော်. . . ချောက်ခြားပြီး လိပ်
လွင့်ချင်သလို ဖြစ်နေတုန်း ကိုစိုင်းခေါ်သံကြားမှပဲ လွင့်ချင်တဲ့ လိပ်
က ရင်ထဲမှာပဲ ဖုတ်လိုက်ဖုတ်လိုက် ပြန်ဖြစ်သွားတယ်။

"မင်းဘယ်လိုလဲ. . . ဖြစ်တယ် မဟုတ်လား!၊ မဖြစ်လ
ဖြစ်အောင်လုပ်ကွာ. . . မင်းရပ်ကွက်ပဲ၊ ငါလစ်ပြီ သိလား. . ."

ကျွန်တော် ဘာမှ မပြောလိုက်နိုင်ခင်ကိုပဲ. . . ကိုစိုင်း
ယောက် အာဆင်နယ် တိုက်စစ်မှူး 'အွန်နရီ' ရဲ့ခြေလှမ်းမျိုး
ထွက်ခွာသွားပါတော့တယ်။

(ဘုရားသခင် ကယ်တော်မူပါ. . .)

ပြောရရင်. . . ကျွန်တော့်မှာ. . ဘွဲ့ရ ကုမ္ပဏီအထ
စာရေး (လူပျို)ဆိုတဲ့ဂုဏ်လေး ရှိတာကလွဲလို့. . . ဘာ
အခိုင်အမာ ရှိတာမဟုတ်ဘူး၊ အင်း. . . နည်းနည်း ရင်.
ကျွန်တော် ဒီရပ်ကွက်မှာ အိမ်ငှားနေတဲ့. . . (ခုနစ်)နှီးပါး တ



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက် လူပျိုလူအေး၊ အသောက်အစားမရှိ၊ အလောင်းအစား မရှိ၊ အရှုပ်အရှင်း မရှိဆိုတဲ့ ဂုဏ်ပုဒ်ကလေးတော့ ရှိပါတယ်၊ ဘာပဲ ပြောပြော လူရိုးသေ ရှင်ရိုသေလေးတော့ ရှိတယ်ပေါ့ဗျာ. . .။

ဒါပေမယ့် ပရိသတ်ရေ. . . ဒေါ်မမကြီးကတော့ သူ့အံဆွဲ ထဲက ပိုက်ဆံကလွဲရင် ဘာမှကိုမရှိသေတာ. . .။

ဒီမနက်တော့ ရှိသမျှ ဂုဏ်သိက္ခာလေးတွေ ကုန်ပြီဆိုတာ သေချာသွားပြီဆိုတဲ့ အသိစိတ်နဲ့. . . အသက်ကို ပါးပါးလေး ပုတ်ရှူ ရင်း တင်းနေတဲ့ ဒေါ်မမကြီးမျက်နှာကို ဘယ်လိုရင်ဆိုင်ရမလဲလို့ တွေးမိတာလေး တစ်ချက်နဲ့တင် ကျွန်တော့်တစ်ကိုယ်လုံး ဇောချွေး တွေနဲ့ နစ်ရွှဲသွားတယ်။

ဒီလိုဒုက္ခမျိုး ပရိသတ်တို့လည်း ကြုံကောင်းကြုံဖူးမလား မသိ ဘူး။ ကန်တော့ဗျာ. . . ခံစားမှု တိတိကျကျ ပြောရရင်. . ခင်းကြီး ခင်းငယ်. . . သွားချင်စိတ်ကို ဖြစ်နေတာ. . .။ ဒေါ်မမကြီးရဲ့. . . မျက်လုံးညိုညိုကြီးတွေ ဒီဘက်ကို ဝေ့လာတဲ့အချိန် ကျွန်တော်မရဲတရဲ လှမ်းကြည့်တာနဲ့ ဆုံမိတိုင်း. . . ရင်တွေ တဒိုင်းဒိုင်း ခုန်မြည်သံဟာ ဘေးက လူတွေတောင် ကြားမလား ထင်ရတဲ့အဖြစ်ကြီးဗျာ. . . တကယ်ပါ။

အဲ့ဒီအချိန်မှာပဲ. . . ကျွန်တော်ငှားနေတဲ့အိမ်ရဲ့အိမ်ရှင် မပျို ကြီး. . . ဆိုင်ထဲ ဝင်လာတယ်။ မပျိုကြီးဆိုတာ. . . အမည်ရင်းတော့ မဟုတ်ဘူးဗျ. . . အမည်က မအုန်းအုန်းသာလို့ ခေါ်တယ်၊ အသက် က လေးဆယ့်ငါးလောက်ရှိတဲ့. . . (?)



www.burmeseclassic.com

www.burmeseclassic.com



က. . . ဟဲ့!. . . အပျိုကြီးဆိုပြီး ချစ်စနိုး ခေါ်စ,ရာကနေ ငယ်တဲ့သူတွေက လူကြီးတွေကို သံယောင်လိုက်ပြီး မပျိုကြီးလို့ ခေါ်ကြတယ်လေ၊ အဲ့ဒါနဲ့ပဲ. . . သူ့ခမျာ. . . မအုန်းအုန်းသာကနေ 'မပျိုကြီး' ဖြစ်သွားရတယ်။

မျက်နှာလေးတစ်ခုတည်း ကွက်ပြီးကြည့်ရင်တော့ မိုးပေါကို, လိုလို ဘာလိုလိုနဲ့ဗျ. . . ဆိုးတာက ပွင့်လောက်နီးနီး ဝနေတဲ့ ကိုယ်လုံးကြီးဗျာ. . . တကယ့်ကို နှမြောစရာပါ။ လက်ဖက်ရည်တလည်း ကြိုက်မှကြိုက်။ ကျွန်တော့်ကိုတော့ သူတော်တော်ခင်တယ်ဗျ၊ ကျွန်တော် အကူအညီတောင်းရင် ဘာမဆို. . အင်း. . (တစ်ချို့ကိစ္စတော့ ချွင်းချက်ပေါ့နော) အခု မပျိုကြီးကို မြင်လိုက်တော့. . ကျွန်တော် အတော်အားတက်သွားတယ်။ သူ လက်ဖက်ရည် ပါဆယ်ထုပ် ဆွဲပြီး ပြန်ထွက်လာရင် အသာလှမ်းခေါ်ဖို့ အသင့်ပြင်ထားလိုက်တယ်. . .။

"ဟော. . . မ. . . မ. . . ပျို. . . ပျို. . အဲဗျ. . ."

ကျွန်တော် လှမ်းခေါ်ဖို့ ပြင်လိုက်တဲ့ လက်ရော ပါးစပ်ပါ တန်းလန်းကြီး ဖြစ်သွားပြီး မျှော်လင့်မထားတဲ့ အခြေအနေကြောင့် ထိုင်မရထရ ဖြစ်သွားတယ်. . .။

"မတော်တဆလို့ ပြောပြီးပြီလေ. . . ရှင်က ဘာဖြစ်တာလဲ!"

"ဘာဖြစ်ရမလဲ. . . နင့်. . . နင့်ဖင်တုံးကြီးကြောင့် ဖြစ်တာ သိပြီလား!. . ."

"အလိုတော်. . . ဘာဖြစ်သွားလို့လဲ. . . ဘယ်နေရာ ထိကျိုးလဲ!. . ."

အခြေအနေက အတော်တင်းမာတဲ့ အခြေအနေ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဟိုလူက ထိုင်ရာကနေ ထရပ်ပြီး ပုဆိုးတိုတို ပြင်ဝတ်လိုက်တာ တိုက. . . ဆိုးအောင် ဖန်တီးလိုက်သလို ဖြစ်သွားတာပါ။

တွေးကြည့်ရင်. . . 'ဆောရီး'၊ 'ရတယ်' ဒီလောက်နဲ့ ပြီးရမယ့်ကိစ္စဗျာ၊ မပျိုကြီးက လက်ဖက်ရည် ဝယ်ပြီး ပြန်လှည့်အထွက် ပန်းကန်တစ်ထပ်ကြီး ပြန်သိမ်းလာတဲ့ စားပွဲထိုးနဲ့ တိုက်မိသွားမှာစိုးလို့ မပျိုကြီး. . ကိုယ်ကို တစောင်းလှည့်ကပ်ပေးလိုက်တာ နောက်မှာ ထိုင်နေတဲ့ ကိုယ်တော်ချောရဲ့နောက်စေ့ကို ဖင်နဲ့ ပေါက်သလို ဖြစ်သွားတာလေးပါ။ ဒါကို ခဲနဲ့ အထုခံရသလို သူ့ခေါင်းကို. . . အကြိမ်ကြိမ်ပွတ်ပြီး ရန်တွေ့နေလို့. . .။

"လုပ်လေ. . . ထိကြည့်လေ. . ဟင်း. . . ."

"ငါနော်. . . ဟင်း. . . မိန်းကလေး ဖြစ်နေလို့"

"အံမာ. . . နင်ကများ လက်သီးနဲ့ ရွယ်ရအောင်၊ နင့်နှမ. . သွားရွယ်လိုက်"

"ငါ့နှမသာဆို. . ပါးချည်းပဲ. . လက်ချိုးရေပြီး ရိုက်ပစ်တယ်"

အဲ့ဒီအချိန်မှာ ဒေါ်မမကြီး ကောင်တာက ဆင်းလာပြီး ပြည်တော်အေးစကား ဆိုတယ်ဗျ၊ အမယ်. . ဒေါ်မမကြီးမှာ. . ဒီလို ပြောတတ်တဲ့အလေ့လည်း ရှိသား။

"မင်းကွယ်. . . ယောကျာ်းလေးပဲဟာ သည်းခံလိုက်ပါ"

"သည်းခံတာ ခံနိုင်တယ်ဗျ. . . ကျုပ် ရက်ကိုးဆယ်နက္ခတ္တထိုးယအဓိဋ္ဌာန်ဝင်ထားတာ. . . ဒီနေ့ ရှစ်ဆယ့်ကိုးရက် ဖြစ်သွားပြီ. . . တစ်ရက်ပဲ ကျန်တော့တယ်. . . အခုဗျာ. . . ဒီမိန်းမနဲ့ ထမ်းမယ့်ထိတော့ သူ့ဖင်နဲ့ ခေါင်းနဲ့မှ လာပြီး. . . တောက်!. . . ကျုပ်သိဒ္ဓိ တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ကုန်ပြီလဲ. . အဒေါ် စဉ်းစားကြည့်လေ. . ငါနော်. . နင်. . "

"တောက်. . . ဒီလောက်ဖြစ်လှတာ. . ကဲ. . ဟယ်"

"ဖွမ်း!!. . . ."

"အား. . . ဟာ. . . "

အဖြစ်အပျက်က တကယ့်ကို စက္ကန့်ပိုင်းလေးပဲ၊ ရုတ်တရက် မပျိုကြီး ပစ်လွှတ်လိုက်တဲ့ လက်ဖက်ရည်ထုပ်က ဟို. . သိဒ္ဓိကိုယ်တော် မျက်နှာကို. . . ပိတ်မှန်သွားတယ်၊ ဒေါ်မမကြီး အနားရှိနေတော့. . . ပြဿနာ မကြီးရအောင်. . . ကြားဝင်တဲ့အချိန်၊ ကျွန်တော်ကလည်း ပြဿနာတက်ပြီဆိုပြီး မပျိုကြီးကို ထိန်းဖို့ပြေးအထွက် ဝိုင်းနှစ်ဝိုင်း ကြား ရောက်နေတဲ့ ကော်ထိုင်ခုံကို ခလုတ်တိုက်ပြီး ယိုင်ထိုးကျသွား တယ်၊ ကျသွားတာမှ. . . ဒေါ်မမကြီး ခြေရင်းမှာ ကားယားကြီး။

အဲဒီလိုလည်း ဖြစ်ရော၊ သိဒ္ဓိကိုယ်တော် ကျွန်တော့်ကို လှည့်မဲပါလေရောလား။

"ဘာလဲ!. . . မင်းက ဘာအထာနဲ့ ဝင်လာတာလဲ. . . ဟေ့ကောင်"

"ဟာ!. . . ဟေ့!. . ဟေ့!. . . မလုပ်နဲ့"

"အဲ. . အိုး. . . "

ဝုန်း!!. . . ခလွမ်း!!. . . ဗွမ်း!!. . .

"အွတ်"

ပရိသတ် မျက်လုံးထဲ ကွက်ခနဲ မြင်ရအောင် ပြောရရင် ဒေါ်မမကြီး သူ့ပန်းကန်တွေ ခွက်တွေ ကွဲမှာစိုးလို့ လှမ်းတားကာ. . ကျွန်တော့်အပေါ်မှာ. . . ကားယား။ ဒေါ်မမကြီး ကားယားကျလို့ ဆွဲမိ



www.burmeseclassic.com

www.burmeseclassic.com



ဆွဲရာ ဆွဲတော့ မပျိုကြီးကို ဆွဲတယ်ဗျာ. . . ဟိုသိဒ္ဓိကိုယ်တော်ကိုပဲ ဆွဲလိုက်ပါတော့လား။

တွက်သာကြည့်တော့ ပရိသတ်ရေ၊ ကျွန်တော့်ကိုယ်လုံးလေး ပေါ်မှာ ပွင့်နှစ်ပွင့် ထပ်ပြီး အဖိခံလိုက်ရတဲ့အဖြစ်ဟာ ဆင်နင်းခံရတာ တမျှ. . . သက်သာမယ် ထင်တာပဲ။

ကျွန်တော့်မှာဗျာ. . . ဖားကို. . ကားနင်းထားသလိုပဲ. . . ပြားကိုနေတာ။

ဒါပေမယ့် ပြဿနာ အတိမ်အန· ်ယဲ. . ဘုမသိ ဘမသိ ရောက်လာတဲ့ ရပ်ကွက်ထဲက ဆယ်အိမ်မှူး ကိုဖိုးအောင်ရဲ့အသံက အတော့်ကို အောင်မြင်တယ် ဆိုရမယ်။

"ဟေ့. . . ဘာဖြစ်နေတာလဲ!၊ လာစမ်း. . အကုန်လုံး ရဲစခန်း ပို့ပစ်မယ်"

လူကလည်း ဖြူဖြူဝဝ ထောင်ထောင်မောင်းမောင်း၊ အသံ ကြီးကလည်း အောင်းခနဲ. . အောင်းခနဲ ထွက်လာလို့ ဆိုင်ထဲ ရှုတ် ရှုတ်သဲသဲ ဖြစ်နေတဲ့လူတွေ ကိုယ့်နေရာကိုယ် ပြန်ထိုင်သွားကြတယ်၊ တစ်ချို့ကလည်း ခွင်ပဲဆိုပြီး လက်ဖက်ရည်ဖိုး မရှင်းပဲ လစ်ကြတယ် ...င်ပါရဲ့. . . ထိုင်ခုံအပြည့် လူအပြည့်က တစ်ဝက်လောက်ပဲ ကျန် ...ခဲ့တယ်. . . ။

အဲ့ဒီအချိန်မှာ ဒေါ်မမကြီးကို ဆိုင်က စားပွဲထိုးတွေ ဝိုင်းတွဲ ထူထပေးပြီး ခေါ်သွားတယ်၊ ကျွန်တော့်ကိုတော့ မပျိုကြီးက ဆွဲထူ... ပါတယ်. . . ။

"မောင်လေး ဘာဖြစ်သွားသေးလဲ!"



www.burmeseclassic.com

www.burmeseclassic.com



"အား. . . ကျွတ်. . . ရ. . . ရပါတယ် မပျိုကြီး၊ ဟို. . ကျွန်တော့်လွယ်အိတ်. . ."

"ဒီမှာ ဒီမှာ မပျိုကြီး လွယ်ထားတယ်၊ ဟင်. . . မင်းအကျီ တွေ ပေကုန်ပါရောလား!"

"ဟုတ်. . . ရပါတယ်၊ ကျွန်တော် အိမ်ပြန်လဲလိုက်မယ်"

"လာ. . လာ. . အစ်မ တွဲပေးမယ်. . ဟင်း. . . အဲ့ဒီကောင် ကို အသေထုသတ်ပစ်ချင်တာ"

ဒီမနက်ရဲ့ကံကြမ္မာများ. . . ဖတ်တော်မူပြီးကြတဲ့အတိုင်းပဲ ပရိသတ်ရေ၊ နေမတက်ခင် အသေထွက်နဲ့ ထွက်လိုက်ရဖို့ သီသီလေး ရယ်။ ကျွန်တော် အိမ်ပြန်ရောက်ပြီး ရေမိုးချိုး အဝတ်အစား နောက် တစ်စုံ လဲလိုက်ရတယ်၊ အဝတ်အစားကတော့ အမှန်အကန်ကို လဲ တာပါ၊ ရေကတော့ အဟဲဟဲ. . . မနက်က ကိုစိုင်းရောက်လာလို့ မချိုးမိဘူးဗျ၊ အခုမှပဲ. . . အဟဲဟဲ။

"မောင်လေး. . ."

"ဗျာ. . ."

ကျွန်တော် ခြံထဲကနေ ကော့တော့ကော့တော့နဲ့ ထွက်လာ တုန်း မပျိုကြီး လှမ်းခေါ်ရင်း. . . အိမ်ပေါ်က ဆင်းလာတယ်။ မပျိုကြီး တို့အိမ်နဲ့ ကျွန်တော် ငှားနေတဲ့အိမ်က တစ်အိမ်ထဲပါပဲ။ အလယ် ထရံတစ်ချပ် ခြားထားတယ်ဆိုပေမယ့် ငှားနေတဲ့သူရော၊ အိမ်ရှင်ပေါ့ ပါ. . . စိတ်သန့် လွတ်လပ်အောင်ဆိုပြီး ခြားထားတဲ့ ထရံနဲ့တည့်တည့် ခြံစည်းရိုးပါ ခြားပေးထားတာပါ. . .။

"ရှုံးသွားတော့မလို့လား!. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ခင်ဗျ"

"အေး. . . စောစောက မမအတွက်နဲ့ မင်းဒုက္ခရောက်ရတာ တောင်းပန်ပါတယ်နော်"

"ဟာ. . . မဟုတ်တာပဲ မပျို့ကြီးရာ"

"မမ ခုန သွေးဆူလို့ မင်းကို မတောင်းပန်လိုက်ရဘူး"

"ရတယ်. . . မပျိုကြီး စိတ်ထဲ မထားနဲ့. . . သွားပြီနော"

"ဟို. . . မင်း. . . ထမင်းချိုင့်. . "

"မယူတော့ဘူး. . . မပျိုကြီး. . . အပြီးစားသွားတာ"

"ဟယ်. . . အစောကြီးရယ်၊ နေ့လည်ကျ ဆာရောပေါ့ကွယ်"

ဗုဒ္ဓေါ. . . မပျိုကြီး၊ ဟာ. . . မဖြစ်သေးပါဘူး၊ ကျွန်တော် မျက်နှာတွေပူ နားရွက်တွေပါ ထူအမ်းလာပြီး တစ်ချိုးတည်း လစ်ပြေးလာမိတယ်၊ ဘုရား. . . ဘုရား၊ မပျိုကြီး ကျွန်တော့်ကို ဘယ်လိုမျိုး ကြည့်လွှတ်လိုက်ပါလိမ့်။

တကယ်ပါ၊ ကျွန်တော့်ရင်ထဲ ဘယ်လိုကြီး ဖြစ်နေမှန်းကို မသိတာ ပရိသတ်ရေ. . .။ ဝန်ခံရရင် မျက်လုံးအကြည့်တွေရဲ့ အဓိပ္ပါယ်ကို. . . ကျွန်တော် သိပ်တော့ နားမလည်ဘူးဗျ၊ ဒါပေမယ့် ဆရာဦးသုမောင် ရေးတဲ့(စာမျက်နှာ-၁၆)ကို ဖတ်ဖူးတော့. . ဆရာ့ ကျေးဇူးနဲ့ 'အကြည့်'ရဲ့ သဘောကို နည်းနည်းနားလည်သွားတယ်။

ဆရာဦးသုမောင်က ပြောတယ်၊ 'အကြည့်ကြောင့် ရင်၌ တုန်ခါသွားခြင်းနှင့် ကြာကြည့်ကြည့်ခြင်းသည် တစ်ခြားစီ ဖြစ်လေသည်' တဲ့၊ အဟုတ်ပဲ. . . မပျိုကြီး ကျွန်တော့်ကို ကြည့်တာ ကြာကြည့်လည်း မဟုတ်၊ ကျားကြည့်လည်း မဟုတ်ဘူး၊ ဒါဆို. . ဆရာပြောသလို



www.burmeseclassic.com

www.burmeseclassic.com



‘ကြာကြည့်ဖြစ်မသွားစေသော. . . အကြည့်’ ပေါ့. . .

ဟိုး. . . ရင်ခေါင်းထဲအထိ စူးဝင်သွားတဲ့အကြည့်ပေါ့. . ၊ ဒါကြောင့် ကျွန်တော်. . . ကတုန်ကယင်ကြီးကို ဖြစ်နေတာ၊ ဒုက္ခပဲ. . မပျိုကြီး ကျွန်တော့်ကိုမျှား။ ဘုရား. . ဘုရား. . . ကံကွက်ကျားလို့ တကယ်မျှား ဖြစ်သွားရင်. . . လူ့အောက်ကျို့လို့ လူပိမသေဘူး. . . ဆိုတဲ့ စကားပုံကို လုံးဝမယုံဘူး. . နည်းနည်းနော်နော်ကြီးလားဗျာ။

ကျွန်တော့်အတွေးနဲ့ကျွန်တော် ထမင်းလုံးတစ္ဆေခြောက်ခံရသလို ဖြစ်နေပြီး ကားမှတ်တိုင်ကို ရောက်လာတယ်၊ ကျွန်တော်လည်း အရောက်၊ (၂၀၃). . အဲယားဟော့. . ဘတ်(စ်)ကားကြီး (ဟိုးအရင်တုန်းက. . . အဲယားကွန်းဘတ်(စ်)ဟု ခေါ်သောကား. . . )ဆိုက်လာတာနဲ့ ကြုံပြီး နမူးနတီးနဲ့ ပြေးတက်ပစ်လိုက်တယ်. . .။

ဘာပဲဖြစ်ဖြစ် ရုံးရောက်သွားရင် နောက်ထပ် အကြောင်းအရာ. . . အသစ်တွေနဲ့ ရင်ဆိုင်ပြီး ဒီမနက် ကြုံလိုက်ရတဲ့ ပြဿနာအားလုံး ပြည်ဖုံးကားလေး ချနိုင်မှာပဲလို့ မျှော်လင့်ပြီး. . . ကားစပယ်ယာကို ငွေတစ်ရာတိတိ. . . အားပါးတရကို ပေးပစ်တာ. . . ။

(ဩော်. . ဩော. . ငါ့နှယ်. . )ပရိသတ် ရှေ့ထားပြီး ညည်းတွားရတာလည်း. . . အားနာပါတယ်၊ ကျွန်တော် တကယ် မညည်းချင်ပါဘူးဗျာ. . . ဒါပေမယ့်လည်း ကျွန်တော်ဖြစ်နေသလို ပရိသတ်တို့ဖြစ်ရင်လည်း ကျွန်တော့်လို ညည်းမှာပဲ၊ မဟုတ်ဘူးလားဗျာ. . .။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ နှစ် ]

ဒီတစ်ပတ်လုံး. . ကျွန်တော် မင်္ဂလာရှိစွာနဲ့ ရုံးတက်ဖြစ်ပါတယ်လို့ ပြောရင်. . . ပရိသတ်တွေ ယုံချင်မှယုံမှာ၊ မဖြစ်နိုင်. . . ဒီကောင် ပြဿနာတွေ. . . တထွေးကြီးနဲ့ အေးစရာအကြောင်းကို မရှိဘူးလို့ ငြင်းဆိုချေပရင်လည်း လက်ခံပါတယ်၊ တကယ်လည်း တထွေးကြီးကိုး။

ဒီလိုဗျ. . . ကံဆိုးချင်တော့ အဲ့သလို ပြဿနာတွေနဲ့ ကြုံပြီး ကံကောင်းချင်တော့၊ ရုံးက. . လက်ထောက်ဌာနမှူး မခို(လက်တွေ့ ရွယ်တူတွေ ဆိုတော့ကာ)လည်း ရှောင်တခင် ခွင့်(၁၀)ရက် ယူသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကိုစိုင်းလားရှိုးလည်း ကျွန်တော်နဲ့ ဆုံတဲ့နေ့မှာပဲ. . . အသည်း ရောင်လို့ဆိုပြီး ဆေးကုနေရတယ်၊

ကျွန်တော် လူနာမေးဖို့ သွားရင်း. . . အရက်တွေ လျှော့ တော့ဗျာလို့. . . စေတနာနဲ့ သတိပေးတာကို. . . သူက ဘာပြော တယ်မှတ်လဲ. . .၊

"ဟေ့ကောင်. . . ငါ အသည်းရောင်တာ. . . အရက်ကြောင့် မဟုတ်ဘူးကွ၊ ငါတို့နားမှာ အထည်ချုပ်စက်ရုံ ရှိနေတော့. . . ကောင်မလေးတွေ ဖြတ်သွားဖြတ်လာ လုပ်တာ အရမ်းများလွန်းတယ်၊ ကြာလာတော့ ငါ့အသည်းက ခံနိုင်ရည် မရှိတော့ဘူး. . . ဒါတောင် ကောင်မလေးတွေ မြင်တာနဲ့ ငါ့အသည်းနေရာကို. . . လက်ဝါးနဲ့ ကာ ထားရတယ်. . . မရဘူးကွ. . . အမြင်အာရုံနဲ့ ပွန်းစားမှုဒဏ်ကို နှစ် ပေါင်းများစွာ ခံလာရတော့ ဒီအသည်းက သံတွေသံခဲမှ မဟုတ်တာ ရောင်ပြီပေါ့ကွာ". . တဲ့၊ ဖြစ်ပုံ. . . . ဖြစ်ပုံ။

ကျွန်တော်လည်း သူပြောကာမှ. . . ကိုယ့်အသည်းကို ခြင်း တောင်းနဲ့ အုပ်ထားရမလို ဖြစ်သွားတယ်။ အဲ့ဒီတစ်ခေါက် ရောက်သွား ပြီး ချောင်းကလေးပဲ ခြားတဲ့ သူတို့ရပ်ကွက်ဆီ ထပ်မရောက်ဖြစ်တော့ ပါဘူး၊ နောက်တစ်ခုက. . . ကျွန်တော့်အိမ်ရှင် မပျိုကြီးလေ၊ အဲ. . . အဲ. . . သူတို့သားအမိလည်း အထက်မြန်မာပြည်. . . ဘုရားဖူး ထွက် သွားကြတယ်။

ကိုင်း. . . ကျွန်တော် မင်္ဂလာရှိစွာနဲ့ ရုံးတက်ဖြစ်တယ်ဆိုတာ ယုံပြီမဟုတ်လားဗျာ။

ဒီနေ့ဆို တနင်္ဂနွေ မနက်ခင်းလည်းဖြစ်။ ရာသီဥတုကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းအကုန် နွေအကူး၊ လေရူးလေးတွေက. . . နွေဦးကံ့ကော်ရနံ့လေးတွေကို လစာကောင်းကောင်းပေးမယ်လို့ပြောပြီး ခေါ်ထုတ်လာတယ်။

အပြာရောင် ကောင်းကင်ပြင်ထဲမှာလည်း တိမ်မျှင်ပါးလျလေးတွေ တသွင်သွင် စီးလို့။ အရှက်သည်းပြီး ကျိုု့ထိုးနေတဲ့ ဥသြတစ်ကောင်ပဲ. . ရေသောက်ရင် သက်သာမှန်း သိလျက်နဲ့. . တွန်နေတာ၊

ဘာပဲပြောပြော ဒီနွေမှာ. . . ကျွန်တော့်နှလုံးသားပေါ် လှုပတဲ့ ကဗျာလေးတစ်ပုဒ် ရေးဖြစ်အောင် ကြိုးစားမှတော်မယ်လို့ ဆုံးဖြတ်ထားလိုက်တယ်ဗျာ။

သုံးဆယ်ဆိုတဲ့အရွယ်။ ဒီခေတ်မှာ. . အတော် 'ခါ' သွားပြီဗျ၊ ဟိုတုန်းက စကားနဲ့ဆို 'ဟိုင်း' သွားပြီပေ့ါ၊ ကျွန်တော့်ကိုလည်း လျှော မတွက်နဲ့ ပရိသတ်။ ရှေ့မှာ ရိုးတယ်၊ အေးတယ်၊ ရှင်းတယ်. . ရှော့မရှိဘူးလို့ ဆိုထားပေမယ့်. . . အဖေ မဆုံးခင်က အဖေတောင်းထားတဲ့ကတိကို ရဲရဲကြီးပေးပြီး. . 'စိတ်ချ အဖေ' လို့ ပလုပ်ပလောင်း အာမခံထားတာ။

မထူးတော့ပါဘူး. . . ပရိသတ် ဇာတ်ရည်လည်အောင် ကျွန်တော့်အကြောင်းလေး. . . နည်းနည်းလောက် ဖောက်သည်ပေးဦးမှ ပါပဲ။

ꩫ ꩫ ꩫ ꩫ



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပါ. . မရှက်တမ်း ဝန်ခံရရင် ကျွန်တော်ရဲ့နှစ်ဖက်မိဘတွေက လူပျိုကြီး အပျိုကြီးမျိုးရိုး ရှိတယ်။ အဖေနဲ့အမေလည်း လေးဆယ်ကျော်မှ အိမ်ထောင်ကျပြီး. . . အမေက ကျွန်တော့်ကို မွေးရင်းမီးတွင်းထဲမှာပဲ ဆုံးရှာတာ၊ ဒါကြောင့် ဆေးပညာအရ အသက်သုံးဆယ့်ငါးနှစ် ကျော်သွားရင်. . . အမျိုးသမီးတွေ ကိုယ်ဝန်ဆောင်တာဟာ. . . ကလေးရော လူကြီးပါ စိုးရိမ်စရာလို့ ဆိုတာပေါ့ဗျာ။

"သူ့ခမျာ. . မင်းအမေဆုံးတော့ အတော့်ကို ကြေကွဲပုံပဲ၊ လူပျိုကြီးဘဝကနေ ခါးတောင်းကျိုက် ခုန်ထွက်ပြီး အိမ်ထောင်သည်ဘဝထဲ ခုန်ချကာမှ. . . ကလေးတစ်ယောက်နဲ့ မုဆိုးဖို ဖြစ်ရှာတယ်လေ။ မင်းအမေကို ရဖို့တောင် အစ်မအပျိုကြီးတွေနဲ့ တိုက်ပွဲပေါင်းအလီလီ ဆင်နွှဲပြီး မိန်းမဘက်က အစ်ကို လူပျိုကြီးကြားက. . .



www.burmeseclassic.com

www.burmeseclassic.com



ခါးထမ်းပြီး ခိုးလာခဲ့ရတာ၊ မင်းအမေဆုံးတော့ သချိုင်းမှာ ခုနှစ်ရက်လုံးလုံး အုတ်ဂူကို ယပ်ခတ်ပြီး ငိုတာကွ. . ."

"ဗျာ. . . မြန်မြန်ခြောက်အောင်လို့လား!"

"ဘယ်ကလာ မန္တလေးက ပူဘယ်ကွ"

အဖေ့ရဲ့ လူယုံ ဦးသာဗျော ပြန်ပြောသလောက် ကျွန်တော်ကြားရတာတောင်. . ရင်ခုန်စရာ. . .။ အဲဒါကြောင့် အဖေက သူ့ရဲ့တစ်ဦးတည်းသောသား ကျွန်တော့်ကို စနစ်တကျ မွေးမြူတယ်၊ မန္တလေး မြင်းတန်းရပ်မှာ. . ဦးသာဆောင်ရဲ့တိုက် ဘယ်နားမလဲလို့မေး. . . လူတိုင်းသိတယ်. . . ကြွားတယ်လို့လည်း မဟုတ်ပါဘူး ပရိသတ်ရယ်. . .

ဇာတ်ရည်လည်အောင် နည်းနည်းပြောပြတာပါ။ အဖေက စီးပွားရှာတဲ့နေရာမှာလည်း တော်တယ်ဗျ။ အဲ့သလို ပျော်စရာကောင်းတဲ့ ရွှေမရှား. . ငွေမရှား ဘဝမှာ. . ကျွန်တော့်ကို လှလှပပ မွေးပြီး (ရှယ်)ပုံသွင်းတာ. . . ဘွဲ့ရပြီးတာနဲ့ မိန်းမပါ ရ,ရမယ်ဆိုတဲ့ စီမံချက်နဲ့ကို လုပ်တာ၊ အဖေ သူ့ဘဝကိုသူ အရမ်းစိတ်နာနေတာလေ။

စာပေပညာနဲ့ ဘဝပညာ ဆိုပြီ နှစ်ဘာသာ ခွဲသင်တယ်။ စာပေပညာကတော့ ကျောင်းမှာပေါ့၊ ဘဝပညာကတော့ အိမ်မှာလေ၊ အဖေကိုယ်တိုင် ကျွန်တော့်အတွက်. . . အချစ်ဇာတ်လမ်း ကောင်းကောင်းလေးတွေပါတဲ့ အခွေတွေ၊ စာအုပ်စာတန်းတွေ ရှာပေးပြီး. . ကြည့်ခိုင်း ဖတ်ခိုင်းတယ်။

အချိန်ရရင်ရသလို သြဝါဒလည်း ခြွေတယ်။

"လူပျိုကြီး မျိုးရိုးဗီဇတွေ ငါ့သားလက်ထက်မှာ ဂျက်ကို ဖျက်



www.burmeseclassic.com

www.burmeseclassic.com



ရမယ်. . . ဒါ အဖေ့ရဲ့သံမဏိ စီမံချက်ပဲ"

"စိတ်ချအဖေ. . . အရေးတော်ပုံ. . . အောင်ရမယ်"

"အေး. . ဒါမှ ငါ့သားကွ. . ဆော်စမ်း. . မန္တလေးမှာ မွေးပြီး မင်းတုန်းသွေးမပါရင် မင်းဘာကောင်လဲ. . . ချ. . ဒီနှစ်. . နှစ်ဝက် စာမေးပွဲပြီးလို့မှ မင်းရည်းစားမရဘူးဆိုရင်. . . သေမယ့်သာမြင်"

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



မှတ် မှတ်ရရ first year နှစ်ဝက်ပြီးလို့မှ ရည်းစားမရရင် သေမယ့်သာပြင်လို့ ကြိမ်းထားလို့ ကျွန်တော့်မှာ ရည်းစားကို အသည်းအသန် ရှာရတာ. . .။

မန္တလေး တက္ကသိုလ်ဝန်းအတွင်း စာတွေတစ်ထပ်ကြီးကိုင်ကာ နွေဦးမောင် ရည်းစားစာတွေ လိုက်ပေးနေလေသည်။

"ဒါလေး တစ်ဆိတ်လောက်. . ."

"ယူလိုက်ပါ ညလေးရယ်. . ငှဲ. . ငှဲ"

"အစ်မ ဒါလေး"

"ဘာလဲ!. . . အရေးထဲ. . . ဗေဒင် ဟောစာတမ်းသည်က တစ်မျောင့်"

"အမငီးနော်. . . သေသာသေလိုက်ချင်တော့တယ် လူပျိုကြီး အပျိုကြီးမျိုးကလည်း ကုလားမျိုး ကျနေတာပဲ



www.burmeseclassic.com

www.burmeseclassic.com



သန့်မှသန့်ပဲ၊ first year သာ ပြီးသွားတယ်. . . ချိုကျိုးနားရွက်ပဲ့လေး နဲ့တောင် ရည်းစားမဖြစ်ခဲ့လို့. . . ကျွန်တော် သုံးလလောက် အိမ်က နှင်ချခံရတယ်. . . နောက်မှ မဖြစ်ချေဘူးဆိုပြီး အဖေကိုယ်တိုင် လိုက် ခေါ်လို့ အိမ်ပေါ် ပြန်တက်ခွင့်ရတာ၊ ပြန်မခေါ်လို့ မဖြစ်ဘူးလေ. . . အဖေနှင်ချတော့ ကျွန်တော်လည်း ကိုးဒေါ်အပျိုကြီးတွေဆီ သွားနေ တာပေါ့။

အဲ့ဒီမှာ အဖေ ပျာယာခတ်ပြီး လိုက်ခေါ်တာ၊ အပျိုကြီးတွေ လက်ထဲ ကျွန်တော် အနေကြာသွားရင် သူ့စီမံချက် ပျက်ပြီမဟုတ် လား၊ အဲ့ဒါ. . . အဲ့ဒါ။

ဒုတိယနှစ် စတက်တော့. . . အဖေ ကျွန်တော့်ကို ဘယ်လို စည်းရုံးတယ် မှတ်လဲ။

"သားရာ. . . မင်းရုပ်ရည်၊ မင်းရဲ့ အရှိန်အဝါ မသေးကွေး ပါဘူးကွာ. . . ရည်းစားရအောင်ထားစမ်းပါ။ ဒီမှာ မင်း ရည်းစားထား ချင်သလောက် ထားကွာ၊ ရည်းစားတစ်ယောက်ကို အဖေ့ရှေ့ ခေါ်ပြနိုင်ရင်. . . မုန့်ဖိုး တစ်သိန်း ပေးမယ်၊ နှစ်ယောက်ပြ နှစ်သိန်း၊ သုံးယောက်ပြ. . . သုံးသိန်း ကွာ" တဲ့. . .။

ဘာပဲဖြစ်ဖြစ် ကျွန်တော် နည်းနည်းတော့ အားရှိလာတယ်။

ဒုတိယနှစ် ကျောင်းဖွင့်တာနဲ့ အဖေက ကျွန်တော့်အတွက် ကားအသစ်တစ်စီး၊ ဖုန်းအသစ်တစ်လုံးနဲ့ အသေးသုံးစရိတ်အတွက် ကျွန်တော့်နာမည်နဲ့ ဘဏ်မှာ ငွေထည့်ထားပေးတယ်. . .။

သုံးစမ်း. . .၊ ရှာစမ်း. . .။

ကျွန်တော်လည်း ကော်တာပဲ ဆိုပြီး. . သည်းကြီးမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာတာ။

ပရိသတ်ရေ. . . လိုချင်ရင် မရဘူးဆိုတဲ့စကားကို ကြားဖူးတယ် မဟုတ်လား၊ ကျွန်တော်ကိုက 'ကံ'ကို ခေလွန်းတာ၊ 'ကံတရား' လို့ မပြောချင်ရင်. . . မျိုးရိုးပေါ့ဗျာ၊ ဘယ်ဘဝက ဘာတွေလုပ်ခဲ့လို့ ဒီလောက် အကျိုးပေး နည်းတယ် မပြောတတ်ပါဘူး၊ အနားမှာ ဆရာကောင်း သမားကောင်းတွေလည်း ရှိတယ်ဗျာ၊ ပိုက်ဆံကလည်း ပေါပေါသီသီ သုံးနိုင်တဲ့ကောင်ဆိုတော့. . . အပေါင်းအသင်းကောင်းတွေလည်း ဝိုင်းဝိုင်းကို လည်နေတာ. . .

ကျွန်တော့်ကို ဒိုင်ခံ ရည်းစားစာ ရေးပေးတဲ့ မျိုးခင်ဆိုရင် သူ့အဖေက လျှမ်းလျှမ်းတောက် စာရေးဆရာကြီး မိုးကျော်သူပေါ့။

အနားကနေ ဘယ်လိုလုပ်၊ ဘယ်လိုပြော. . . ဘယ်အချိန်မှာ ဘာဆိုပြီး. . . အနီးကပ် ဂိုက်လိုင်းချပေးတဲ့ သာဦးက နောက်ကွယ်မှာ 'သာဘူး' လို့တောင် အမည်ပြောင်ပေးခံရလောက်အောင် စွံတဲ့ကောင်၊ သူနဲ့ ဖြစ်ခဲ့တယ်ဆိုတဲ့ ကောင်မလေးတွေရဲ့ဓာတ်ပုံတွေတောင် အယ်(လ်)ဘမ် နှစ်ခုစာလောက် ရှိတယ်၊ လောလောဆယ်ကို တစ်မေဂျာ တစ်ယောက်နှုန်းနဲ့ တစ်ရွာတစ်ကျီ ဆောက်ထားတဲ့ကောင်။

ပရိသတ်ရေ. . . အောင်သွယ်လုပ်ပေးတဲ့ ညိုအေးမေဆိုရင် သူ အောင်သွယ်လို့မှ အဆင်မချောဘူးဆိုရင်. . . သူကိုယ်တိုင်. . . လူစားဝင်လိုက်တဲ့ အောင်သွယ်မျိုးဗျ. . . နှယ်နှယ်ရရလား။

ကျွန်တော်နဲ့ကျမှ ညိုအေးမေ ကွတ်တာ။

"ငါ့ဘဝမှာ နင်နဲ့ တွေ့မှ အောင်သွယ်ရာဇဝင်ရိုင်းပြီ နွေဦးမောင်ရယ်. . . အဆင်မပြေလို့ အားနာပါတယ်၊ လူစားဝင်ပြီး နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ခံရအောင်ကလည်း ငါ့မှာ အစားဝင်ထားရတာ များနေပြီ. . .” ဆိုပြီး သူ့ရွတ်ပြတဲ့နာမည်တွေတင် ဆယ်ယောက်တိတိ ရှိတယ်. . . ဒါတောင် နှစ်ယောက်ကို တောင်းပန်ထားလို့တဲ့။

ပြောရမှာလည်း ရှက်တယ်ဗျာ။ ဒါပေမယ့် ပြောမှ ဇာတ်ရည်လည်မှာဆိုတော့ ပြောပါ့မယ်။

ဒုတိယနှစ် ကုန်ခါနီးအထိ. . . ရည်းစားတစ်ယောက်လောက်တောင် ဘယ်လိုမှ ရှာမရလို့. . . ကင်း(န်)တင်းမှာ မုန့်ဟင်းခါးရောင်းတဲ့ မစန်းကြည်ကို ရည်းစားစာ ပေးမိတာ. . . မော်ကွန်းထိန်းရုံး သွားတိုင်လို့ဗျာ. . ဒုက္ခတွေရောက်၊ အရှက်တွေ ကွဲလိုက်တာမှ. . အကြီးအကျယ်။

စာက ကျွန်တော်ပေးတာ မဟုတ်ဘူး။ သာဦး ပေးတာ။ အဲဒီနေ့က သာဦးနဲ့ကျွန်တော် ဗိုက်ဆာတာနဲ့ မုန့်ဟင်းခါး ဝင်ကြိတ်ကြတယ်။

မစန်းကြည်က ကျွန်တော့်ပန်းကန်ထဲ ဘဲဥဖတ်တွေ ဆယ်ထည့်ပေးနေတာကို သာဦးက ဘယ်လိုထင်တယ် မသိဘူး။

ဗိုက်ဆံရှင်းပြီး ပြန်ထွက်လာပြီးမှ သာဦး တစ်ခေါက်ပြန်သွားပြီး ကျွန်တော်က ပေးခိုင်းလို့ဆိုပြီး စာတစ်စောင် သွားပေးတယ်။

မကြာပါဘူး။ မော်ကွန်းထိန်းရုံးက လူဆိုးထိန်း ဆရာဦးကျော်လာခေါ်တော့တာပါပဲ။

“စာပေးတယ်ဆိုတာ ဟုတ်သလား!”

“ဟုတ်ပါတယ်”

“ဘာလို့ ပေးတာလဲ!”



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့ပါ"

"ဘာကွ!!"

"ဒါ လင်ရှိမယားဆိုတာ မင်းတို့ မသိဘူးလား!"

"အဲ့ဒါ ကျွန်တော်နဲ့ မဆိုင်ပါဘူးခင်ဗျာ"

"ဘာကွ. . နွေဦးမောင်၊ ခွေးကောင်. . မင်းရိုင်းစိုင်းယုတ်မာလှချည်လား"

"အထင်မလွဲပါနဲ့ ဆရာ၊ ကျွန်တော် အလွန်ပဲ သိမ်မွေ့နူးညံ့ပါတယ်"

"ဟေ့ကောင်"

"သည်းခံပါခင်ဗျာ. . . ကျွန်တော် စာရွက်ပဲ ပေးတာပါ။ ဘာစာမှ ရေးမထားပါဘူး၊ ကြိုက်တယ်ဆိုတာ လူကို ပြောတာမဟုတ်ပါဘူး၊ မုန့်ဟင်းခါးကို ပြောတာပါ၊ ကြိုက်လို့လည်း တစ်ခါစားရင် နှစ်ပွဲစားပါတယ်၊ ဒါကြောင့် ကျွန်တော့်သဘောထားက ဖြူစင်ပါတယ်ခင်ဗျာ"

ကျွန်တော့်စကားကြောင့် အားလုံး အိုးတိုးအန်းတန်း အူအူအဲအဲ ဖြစ်ကုန်တယ်။ ကျွန်တော်လည်း ရှိသမျှ ဉာဏ်နီဉာဏ်နက်ထုတ်သုံးလိုက်ရလို့ အပြစ်ဘေးက သီသီကလေး လွတ်ခဲ့ရပါတယ်။

မလွတ်တာကတော့ မစန်းကြည်မှာ ယောက်ျားရှိပါလျက်နဲ့ နွေဦးမောင် စာပေးတယ်ဆိုတဲ့ သတင်း အတင်းတွေပါပဲ။

(ဝဋ်ရှိသရွေ့ပေါ့. . . )။

www.burmeseclassic.com

www.burmeseclassic.com



**သာ**ဦးကတော့ ပြောပါတယ်။ မိန်းမများ ရှားလွန်းလွန်းလို့ မင်းပိုက်ဆံကိုင်ပြီးသာ လိုက်ခဲ့၊ ဘယ်နှစ်ယောက် ခေါ်မလဲဆိုတာမျိုး။ ဒါတော့ ကျွန်တော် လက်မခံဘူးဗျာ။

ပရိသတ် စဉ်းစားကြည့်. . .။ သာဦး အစီအစဉ်အတိုင်း ဟိုဟိုဒီဒီက ဘာညာဘာညာတွေ. . . ပိုက်ဆံပေးပြီး ခေါ်လာ။ အဖေ ဒါ ဘယ်မေကျာက. . . သားရဲ့ချစ်သူပါ. . . လို့ ပြောရင်. . . သေချာ တယ် တစ်သိန်း။

တစ်သိန်းမှစ သိန်းပေါင်းများစွာ ဖြစ်သွားအောင်. . . ဖိုးချစ် လေသံနဲ့ ပြောစရာမလိုပါဘူး။ ကျွန်တော့်လေနဲ့ ကျွန်တော်ပြောလည်း အသာလေးပဲ။ ဒါပေမယ့်. . . ကိုယ့်ကျေးဇူးရှင် ဖခင်ကြီးရဲ့အလိုဆန္ဒနဲ့ ဂုဏ်မာနကို မှန့်ဖိုးမက်ပြီး ပက်ပက်စက်စက်(အင်း. . . နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့တယ်. . . )ပိုးစိုးပက်စက်. . . ပျက်ပျက်ချော်ချော် လုပ်ပစ်တာ တော့ မချိမဆန့် မိုက်ရိုင်းတာပဲလို့ ကျွန်တော် ထင်မိတယ်။

မဟုတ်သေးဘူး။ စော်ကားတာလို့ပဲ မြင်တယ်ဗျာ. . .။

အဲ့ဒီနေ့ ညနေက ညစ်ညစ်နဲ့ မျိုးခင်ပါ ခေါ်ပြီး ဘီယာဆိုင် ထိုင်ဖြစ်ကြတယ်။ သာဦးက လမ်းတစ်ဖက် ပလက်ဖောင်းမှာ ရပ်နေတဲ့ မိန်းကလေးနှစ်ယောက်ကို မေးငေါ့ပြပြီး. . .

"မင်းလုပ်မလား!"

"ဟာကွာ. . . ဝါသနာမပါဘူး"

"ကျွတ်. . . ငါပြောတာက အဲဒါတွေ ခေါ်ပြီး မင်းပါပါကြီးကို ပြလိုက်၊ အဖေ. . ဒါက ဘယ်မေဂျာ၊ သူက ဘာမေဂျာ၊ နောက် တစ်ယောက်. . သူက. . အဟက်ဟက်ဟက်၊ ဒီမှာ. . တစ်သိန်းမှစ သိန်းပေါင်းများစွာ ရသွားမယ်၊ မင်းလည်း နားပူသက်သာသွားမယ် ဘယ့်နှယ့်လဲ!"

ခွပ်!!

"ဟာ. . . နွေဦးမောင်. . . မင်းဘာလုပ်တာလဲ!"

မျိုးခင် မေးတာကို ကျွန်တော်မဖြေဘဲ ထရပ်ပြီး သာဦးကို ငုံ့ကြည့်လိုက်တယ်။

"ငါ့အဖေရဲ့ ဘဝနဲ့ ချီပြီး နာကျင်ခဲ့ရတဲ့ဆန္ဒနဲ့ ဂုဏ်မာနကို ဒီအပုပ်အစပ်တွေနဲ့ ဖာထေးမယ့်အစား ငါ့ဘာသာ ကုံးကုံးလုပ်ပစ် မယ်ကွ. . . ကြားလား!"

ကျွန်တော် ဒေါသနဲ့ ပြောပြီး ထွက်လာခဲ့ပေမယ့် ကိုယ့်စကား ကိုယ် ပြန်ကြားယောင်ပြီး အရမ်းနှမြောမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



(မဖြစ်သေးဘူး. . . ဒါက အရမ်းရှားတယ်)

သာဦး အဲ့ဒီစကားပြောတဲ့နေ့က. . . ကျွန်တော် တော်တော် ပေါက်ကွဲတယ်. . . ဒီကောင် သူ့အစီအစဉ်နဲ့သူ မုန့်ဟင်းခါးသည် မစန်းကြည်ကို စာသွားပေးတာပဲ အတော်လွန်လွန်းနေပြီဗျ. . .။

သို့သော်လည်း. . . ကျွန်တော် ဖြေသိမ့်ပါတယ်. . . ဩော် သူ့ခမျာ. . . ငါ့အတွက် မီးကုန်ယမ်းကုန် ဆောင်ရွက်ရှာတာပါလို့။ သူငယ်ချင်းတစ်ယောက်ကို ကိုယ်ထိလက်ရောက်လုပ်မိတော့လည်း စိတ်က မချမ်းသာပြန်ဘူးလေ. .။

အဲ့ဒါကြောင့်. . . နောက်တစ်နေ့ တစ်ခြား သူငယ်ချင်းတွေ ရှေ့မှာပဲ သာဦးကို ကျွန်တော်တောင်းပန်လိုက်တယ်။ အဲ့သလို. . . အဲ့သလို ပရိသတ်ရေ. .။

"ရပါတယ်ကွာ. . . ငါလည်း မှားခဲ့တယ်"

နောက်ဆုံး. . အရင်းစစ်တော့ အမြစ်မြေက. . ဆိုမလိုပဲ၊ ဒီအတွေ့အကြုံတွေ၊ ခံစားမှုတွေအားလုံးအပေါ်မှာ ကျွန်တော် နားလည်လိုက်တာ. . . တစ်ခုရှိတယ်၊ အချစ်. . .။ အချစ်ပဲဗျာ။ကိုယ် သူ့ကို ဘယ်လောက်ချစ်တယ်။ သူ ကိုယ့်အပေါ်မှာ ဘယ်လောက် ချစ်နိုင်မယ်။

သူ့ရင်ထဲမှာ ကိုယ်ရှိသွားအောင် ဖန်တီးမယ်. .။ သူ့ရင်ထဲ မှာ ကိုယ့်အတွက် နေရာလေးတစ်ခု. . ရှိမရှိ သိသင့်တယ်။

"ချစ်တယ်. . ."

ဟုတ်ပြီ. .၊ အဲ့ဒီစကားလေးနှစ်ခွန်းကို ယောကျ်ားရင့်ကြီး ဖြစ်တဲ့ ကျွန်တော်က မိန်းမရင့်မာကြီးကို ပြောမှာလား!၊ မိန်းမနုနု



www.burmeseclassic.com

www.burmeseclassic.com



နယ်နယ်လေးကို ပြောမှာလား!၊ ချဉ်ချဉ်တူးတူး မူးပြီးရော. . ဗျာ. . ဆိုပြီး ရရာဆွဲပြောမှာလား!၊ ဖြူဖြူလား!၊ မည်းမည်းလား!၊ မဖြူမမည်း မညိုမရင့်. . အသင့်အတင့်လား!၊ အလန်းလေးတွေလား!။

အဲ့ဒါ ပြဿနာ၊ ပြောလေ များလေ၊ တွေးလေ နက်လေ၊ ဖွင့်လေ ကျယ်လေကြောင့်. . ကျွန်တော်လည်း နည်းနည်းလေသွားတယ်။ လေလွန်းလို့ ဒုတိယနှစ်. . . ကျောင်းပိတ်ခါနီးမှာ ဆုံးဖြတ်ချက် တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ကြီး ချလိုက်တယ်။

"မျိုးခင်. . . ငါဆုံးဖြတ်ထားတယ်"

"ဘာကိုလဲ!"

"ကျောင်းပိတ်ရင် ဘုန်းကြီးဝတ်တော့မယ်"

"ဟမ်!. ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



တတိယနှစ် ကျောင်းဖွင့်ရက်နီးမှ လူထွက်တယ်။ ကျောင်းတက်တော့ ကတုံးကြီးနဲ့ဗျ။ ပရိသတ်ရေ. . . ဘုန်းကြီးဝတ်တဲ့ပြဿနာလည်း ပြောရဦးမယ်။ အဖေလေ. . . သူက ကျွန်တော့်ကို ကိလေသာဒီပလိုမာဘွဲ့ ရစေချင်တာ. . . ကျွန်တော်က ပဥ္စင်းတက်ပြီး ဦးဇာဂရဘွဲ့ခံလိုက်တော့. . . ရေရေလည်လည်. . . ပေါက်ကွဲတော့တာပဲ၊

လူပျိုကြီးစရိုက်တွေ ဝင်မှာစိုးလို့ အချစ်ဝတ္ထု၊ အချစ်ကားများများကြည့်ပါလို့ ညွှန်ကြားချက် ပေးထားတဲ့ကြားက. . . အဖေပွဲရုံကိစ္စနဲ့ လားရှိုးဘက် တက်နေတုန်း ဘုန်းကြီးဝတ်ထည့်လိုက်တော့ ဘာပြောကောင်းမလဲ. . . ပြန်ရောက်ရောက်ချင်း ကျောင်းကို ပြေးလာပြီး ဆရာတော်ကြီးကို ဝင်လျှောက်တယ်. . . .။

"အရှင်ဘုရား. . . အိမ်မှာ သားအဖ နှစ်ယောက်ထဲ ရှိတာ၊



www.burmeseclassic.com

www.burmeseclassic.com



အလုပ်တွေကလည်းများ ကိုယ်ခွဲလည်း မရှိနဲ့၊ အိမ်မှာ သူမရှိရင် မဖြစ်ပါဘူးဘုရား၊ အမြန်ဆုံး လူထွက်မှ သင့်ပါ့မယ်ဘုရား. . ."

ဆိုတော့ ဆရာတော်ကြီး စိတ်ညစ်သွားတယ်၊ ဟိုကလည်း ဝိနည်းဆရာတော်ကြီးဆိုတော့ကာ ခွကျကျပဲ ပရိသတ်ရေ. . . စကားပြောလည်း ပြတ်တယ်. . .။

"ဒီမယ် ဒကာကြီး၊ ဘုန်းကြီးဆိုတာ အားအားယားယား သက်န်းပတ်ပြီး ဆွမ်းယပ်ခပ်စားနေတဲ့ပုဂ္ဂိုလ်တွေများ ထင်နေလား၊ အလုပ်များတာချင်း ယှဉ်ရင် တို့ဘုန်းကြီးတွေ ကျိန်းဖို့အချိန်တောင် မရှိဘူးကွ၊ မင်းသားကို ရိုက်ပြီး ဝတ်ခိုင်းတာ မဟုတ်ဘူး၊ သူ့ဘာသာ လာဝတ်တာ"

"မှန်. . မှန်ပါ့ဘုရား. . ."

"မှန်မှန်းသိရင်. . . မင်းဘာလာပြီး လျှောက်စရာလိုလဲကွ. . ဟေ. . ."

"ဟို. . တပည့်တော် ဆိုလိုတာက အကြာကြီး ဝတ်မှာစိုးလို့ ပါ ဘုရား. . ."

"ဟုတ်ပြီကွယ်. . . ရဟန်းဝတ်တဲ့ကိစ္စ လူတွေ ဂျင်ပေါက်သလို ဝင်စို့ ထွက်စို့ ခေါ်ပြီး ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့ ရမလား!"

"တင်. . . တင်. . . ဘုရား"

"တင်မနေနဲ့ကွာ. . . ပြန်ချထား. . ."

"မတင်တော့ပါဘူး ဘုရား. . ."

"မတင်နဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com



မန္တလေး ဘုန်းကြီး မဟုတ်လား၊ ခပ်ဆတ်ဆတ်၊ ခပ်ပြတ်ပြတ်ပဲ၊ အဖေလည်း. . . သားပဋ္ဌင်းကိုတောင် ဝတ်မဖြည့်နိုင်တော့ဘဲ တစ်ချီးတည်း လစ်ရတော့တာ။

ဒါပေမယ့် မလျှော့ဘူးဗျ. . .။

သူ ကိုယ်တိုင်မလာဘဲ သူ့တပည့်. . . ဦးသာဗျောကို လွှတ်တယ်၊ ဦးသာဗျောဆိုတာ အိမ်မှာ အဖေ့ရဲ့ဒရိုင်ဘာလည်းဖြစ်၊ အားအကိုးရဆုံး လူယုံလည်း ဖြစ်တယ်၊ အဖေ. . လူပျိုဘဝကတည်းက အပါးတော်မြဲခဲ့တာဆိုတော့ ကျွန်တော်လည်း သူ့လက်ပေါ် ကြီးခဲ့ရတာ။

အဖေ မရှိရင်. . . ကျွန်တော့်ကို သူ့ဩဇာပေါက်အောင်ကို မျက်နှာလွှဲရတဲ့သူပေါ့၊ ဝန်ခံရရင်. . . ဦးသာဗျောကို ကျွန်တော် ကြောက်ရတယ်ဗျ. . . ငယ်ငယ်လေးထဲက ကျွန်တော် အနေအထိုင် အပြောအဆို အချိုးမကျ ထောင့်မတည့်ရင် တွယ်ချက်က. . . နာတယ်. . . လုံးဝမညှာဘူး၊ အာဏာရ ပါးကွက်သားပေါ့ဗျာ။

တစ်ခါ သူဆုံးမတာ လက်လွန်သွားလို့ ကျွန်တော့်ခြေသလုံးတွေ. . စုတ်ပြတ်ကုန်တယ်. . သွေးထွက်တာ မြင်တော့ အဖေလည်း မခံနိုင် ဖြစ်သွားပြီး ဦးသာဗျောကို ဆူတယ်၊ အမယ်. . . ဦးသာဗျော ခေါင်းငုံ့ခံတယ်များ မှတ်လား၊

“ကောင်းပြီဗျာ. . . ဆရာမကြိုက်ရင်. . . ဆရာ့သားကို တစ်သက်လုံး မဆုံးမဘူး”

ပြောလို့ အဖေ့မှာ ပြန်ချော့ပြီး ဆုံးမခိုင်းရတယ်၊ ကျွန်တော်လည်း ဆက်ပြီးခံပေါ့ဗျာ၊ ပရိသတ်ရေ. . . စဉ်းစားသာကြည့်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးလည်း မဟုတ်၊ ကိုယ့်အိမ်က ဒရိုင်ဘာက. . . ကိုယ့်ကို ပူးဝါးနဲ့ ဟောက်ပြီး နားရင်းအုပ်တာမျိုး လုပ်လာရင်. . ပရိသတ်ဆိုရင်ကော ငုံ့ခံမလား၊ အဖေ့ကို ကြောက်လို့ ငြိမ်ခံနေရပေမယ့် ရင်ထဲမှာ. . . တေးထားမြှုံးထားမှာပဲ မဟုတ်လား၊ ကျွန်တော်လည်း ဒီလိုပဲလေ။ (ဟင်း. . မောင်ဗျော. . မိုးကောင်းတုန်း ရွာဦးပေါ့ကွာ. . )ပေါ့. . ။

အခု တွေ့ပြီ. . . အဟုတ်ဟုတ်။ အဖေ့ကားလေးကို ပူးခနဲ မောင်းလာပြီး ကျောင်းရှေ့မှာရပ်၊ ကုတ်ကုတ်,ကုတ်ကုတ်နဲ့ ဝင်လာ၊ ကျွန်တော့်ကို တွေ့ရင်တွေ့တဲ့နေရာမှာ ထိုင်. . . ဝတ်ဖြည့်တော့တာ ကလား. . . ။

ကျွန်တော်လည်း ဘာရမလဲ၊ ထင်းခွေမကြုံ၊ ရေခပ်တော့ ကြုံမှာပဲဆိုပြီး စောင့်နေတာ၊ ဘုန်းကြီးဝတ်ခါမှ လာကြုံလို့၊ မောင် ဗျော. . ဖြောင်ကောပစ်မယ်ဆိုပြီး ကျောင်းထဲ ခေါ်သွားတယ်၊ ကျွန်တော်က ခုံအမြင့်နဲ့ အကျအန ထိုင်ပြီး သူ့ကို အောက်မှာ ထိုင်ခိုင်းလိုက်တယ်။ ကိုယ့်လက်နဲ့ ဝေးနေလို့. . . . ။

"ရှေ့တိုး ဒကာ. . . သာဗျော. . . ဘာတုန်း ဘာကိစ္စတုန်း!"

ဦးသာဗျော. . . ရှေ့တိုးလာပြီး လက်အုပ်ကလေးချီ၊ မျက်လုံး လေး ပေကလပ် ပေကလပ်နဲ့. . .

"ဦးပဥ္စင်းဘုရား. . . ဦးပဥ္စင်း ဒကာကြီးက. . . အမြန်ဆုံး လူထွက်ဖို့ ပြောနေတယ်. . . အဲ့ဒါ တပည့်တော် လာလျှောက်တာပါ ဘုရား"

စကားဆုံးတာနဲ့ ဆီသုတ်ထားသလို ပြောင်လက်နေတဲ့ဦးသာ ဗျောရဲ့ဦးပြည်းပြောင်ပြောင်ကြီးကို လက်ဝါးနဲ့ တဖတ်ဖတ် ပုတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဖတ်. . ဖတ်. . ဖတ်"

"ဒကာကြီးတွေ မိုက်တုန်းကိုး၊ အိမ်း. . . သူက. . . မိဘဆိုတော့. . . သားဆိုတဲ့အမြင်နဲ့ ပုထုဇဉ်. . . အငှားကြွားပြီး. . . ကီလေသာခါးကို ရွှေကွပ်၊ လောဘ ဒေါသ မောဟတွေ အပြွတ်လိုက် ခုတ်ခိုင်းချင်တာကိုး. . . ဒကာဗျောရဲ့"

"ဖတ်. . ဖတ်. . ဖတ်"

"မမိုက်နဲ့ ဒကာကြီး. . . ထိပ်သာ ပြောင်တယ်. . . အဝိဇ္ဇာ အမှောင်. . . ကို မမြင်ဘူးဆိုရင် မင်္ဂဖိုလ်ဆိုတာ ဝေလာဝေး. . . မသေရသေးလို့ မအိုတတ်တာလား၊ နာသွားမယ်နော. . "

"ဖတ်. . ဖတ်. . ဖတ်"

"တင်. . . တင်ပါ့ဘုရား၊ တပည့်တော် အဲ့ဒီအတိုင်း ပြန်ချောက်လိုက်. . . အဲလေ. . . ပြန်ပြောလိုက်ပါ့မယ်ဘုရား. . . ဆီထုတ်စရာလေးရှိလို့ ပြန်ပါဦးမယ်ဘုရား. . ."

"နေပါဦး ဒကာ. . . "

ကျွန်တော်လည်း အခွင့်အရေးရတုန်း နောက်တစ်ချက် လှမ်းတွယ်တာ မမှီလိုက်ဘူး၊ တစ်ချိတည်း ဦးကုန်းချပြီး ပြေးတော့တာ. .။

"ဒကာ သာဗျော. . . နောက်နေ့ လာခဲ့ဦးနော. . . "

ဦးသာဗျော အံတကြိတ်ကြိတ်နှင့် ဟိုဒီလှမ်းကြည့်ပြီးမှ. . .

"တောက်. . . လူထွက်လာတဲ့နေ့ ကိုယ့်ဘဝ. . . ကိုယ်တွေးထား. . . ဟင်း"

ကျွန်တော်လည်း မအောင့်နိုင်တော့ဘဲ သက်နန်းခြုံပြီး တခွီးခွီးနဲ့ကို ရယ်ပစ်တာ ပရိသတ်ရေ. . . မြိန်လိုက်တာဗျာ၊ ပြောပါနဲ့. .။



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေတော့ ဦးသာဗျော မလာရဲတော့ဘူး၊ အဖေလွှတ်လည်း သူ လာရဲမှာ မဟုတ်တော့ဘူး။ ကျောင်းရောက်တယ်၊ ဦးပဥ္စင်းက မထွက်သေးဘူးနဲ့ ဘာညာဖြီးမှာပဲ၊ ကျွန်တော်လည်း မထွက်ရဲတော့ဘူး၊ ထွက်ရင်. . . တွယ်မှာ။ သိတယ်. . . ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ကျောင်းဖွင့်ရက် နီးလာတော့. . ဦးသာဗျော. . အဖေ့ကားလေးနဲ့ ရောက်လာတယ်၊ ကျွန်တော်ကလည်း ကျောင်းရှေ့မှာ စကြံနံလျှောက်နေတဲ့အချိန်ဆိုတော့ ကားလာတာ ကျွန်တော်မြင်တယ်၊ ဦးသာဗျောက မမြင်ဘူး၊ အမှန်တော့ ကျွန်တော် လူထွက်ချင်နေပြီ။ ပရိသတ်ရေ. . . လူ့ဘဝမှာ လူစာကျက်ရတာ ပင်ပန်းလှပြီမှတ်တာ၊ ဘုန်းကြီးဝတ်ပြီး ဘုန်းကြီးစာ ကျက်ရတာ. . . အသက်တောင် ထွက်ချင်တယ်၊ ဒါတောင် သဒ္ဒါရှစ်ဆောင်၊ သဂြိုလ်ကိုးပိုင်းကို နှစ်ပိုင်းတောင် မပြတ်ချင်သေးဘူး။

ကားရောက်လာတော့ ကျွန်တော် ဝမ်းသာသွားတယ်၊ ဦးသာဗျော ကျောင်းထဲ ဝင်သွားမှ. . . ကျွန်တော် အသာလေး ကားထဲချောင်းကြည့်လိုက်တော့. . လား. . လား လက်ညှိုးလုံးလောက် ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်လုံးကို သုံးလုံးပူးလုပ်ပြီး ဒရိုင်ဘာခန်းနောက်မှာ ကပ်ပြီး ထောင်ထားတာ. . . ဒီတစ်သက် လူထွက်လို့ မဖြစ်တော့ဘူး. . . လို့ တောင်တွေးမိတယ်၊ မထွက်ပဲလည်း မနေနိုင်ဘူး၊ ကျောင်းတွေ ပြန်ဖွင့်တော့မယ်၊ အဲ့ဒါနဲ့ ဉာဏ်နီဉာဏ်နက်တွေ. . ထုတ်၊ ဉာဏ်ဝါ တွေပါ ထုတ်ပြီး. . . ကျောင်းထဲကို ထေရ်ကြီးဝါကြီး စတိုင်နဲ့ လျှောက်ဝင်လာခဲ့တယ်။

ကိုသာဗျောကတော့. . . စိုင်းစိုင်းခမ်းလှိုင် သီချင်းထဲကလို ထန်းတောအလယ်မှာ မဟုတ်ဘူး၊ ကန္တာကုဋီတိုက်အလယ်မှာ. . . ကြုံ့ကြုံ့လေး ထိုင်လို့ဗျ။ ကျွန်တော့်ကို မြင်တော့. . . ကိုယ်တော်ဘယ်မှာ ထိုင်မလဲလို့ အကဲခတ်ပြီး ခပ်ခွာခွာ ထိုင်လိုက်တာ တွေ့မှရဲရဲဝတ်ဖြည့်တယ်။

"ဦးပဥ္စင်းဘုရား. . ."

ဦးသာဗျော စကားမဆုံးခင် ကျွန်တော် ဣန္ဒြေရရ လက်ကာပြပြီး. . .

"ကျုပ်သိတယ်. . . ဒကာကြီးက လူထွက်ဖို့ မှာလိုက်တယ်မဟုတ်လား!"

"တင်ပ့ါဘုရား. . . ကျောင်းတွေ ပြန်ဖွင့်တော့မယ် ဘုရား"

"ကျုပ်သိတယ်. . . သတိလည်း ရပါတယ်၊ ဒါပေမယ့် အင်မတန် မွန်မြတ်တဲ့ဘဝနဲ့ နေရခိုက်လေးမှာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာတော် အရှင်သူမြတ်တို့ရဲ့ဂုဏ်တော်ကျေးဇူးကြောင့် ကျုပ်ကိုယ်ကျုပ် သံသရာ တစ်လျှောက်လုံး ညစ်ပတ်လာခဲ့တဲ့ အတ္တဘောကောင်ကြီးပါလားလို့ မြင်ခွင့်ရလိုက်တယ်၊ ကျုပ် အရှမ်း စိတ်



www.burmeseclassic.com

www.burmeseclassic.com



မချမ်းမသာ ဖြစ်သွားတယ်၊ ရဟန်းဝတ်ကြီးနဲ့တောင် ခင်ပွန်းကြီး (၁၀)ပါးကို ပစ်မှားမိသေးတယ်. . . ကျုပ်ဟာ ဘယ်လောက်ဆိုးဝါးသလဲ. . . ဒကာကြီး. . . စဉ်းစားကြည့်ပါဦး"

"မှန်ပါဘုရား. . ."

တကယ်မှန်မမှန်တော့. . . ဦးသာဗျော့ပဲ သိမယ်၊ ကျွန်တော်မမှန်တာတော့ ကျွန်တော့်ကိုယ် ကျွန်တော်သိပါတယ် ပရိသတ်ရယ်၊ ဒါပေမယ့် ကြိမ်လုံးကြီးကို မြင်ထားပြီဆိုတော့ကာ။

"အဲ့ဒီတော့ ကျုပ် ဒီလို အမွန်အမြတ်ဘဝနဲ့ နေခွင့်ရတုန်း ကျေးဇူးရှိသူကို ကျေးဇူးဆပ်ချင်တယ်၊ ဦးဇင်းဒကာကြီးအတွက်တော့ ကျုပ်ကိုယ်တိုင် ရဟန်းတက်လိုက်လို့. . . မွေးကျေးဇူး ကျွေးကျေးဇူးကို ဆပ်ရာရောက်ခဲ့ပြီ၊ အခု ကျုပ်ကို အမုန်းခံ အနစ်နာခံပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ဒကာကြီး ဦးသာဗျော့ရဲ့ကျေးဇူးကို ဆပ်ချင်တယ်၊ လောကမှာ. . . တရားဓမ္မနဲ့ ဆပ်တဲ့ကျေးဇူးဟာ အမြတ်ဆုံးပဲ ဒကာကြီး. . . သည်းခံပြီး နားလည်သဘောပေါက်ပါတော့. . ."

"တင်ပါ့ဘုရား. . ."

ကျွန်တော့်ရဲ့အသံရော ဟန်ပါ ထေရ်ကြီးဝါကြီးတွေပုံ ဖမ်းထားတော့ ဦးသာဗျော့လည်း မျှော်ပြီးပါလာတယ်။

"ဒကာကြီး. . . လောကမှာ. . . အကြီးမားဆုံးအပြစ်ကို ပြုခြင်းဟာ အယူအစွဲ မှားခြင်းပဲလို့ မှတ်ပါ. . . မိစ္ဆာသက်ပွဂေါ်စွကံ အင်မတန် ကြောက်စရာကောင်းတယ်၊ ကံငါးပါး ကျူးလွန်တဲ့သူတောင် တစ်ကမ္ဘာပဲ ငရဲခံရတာ၊ အယူအစွဲမှားတဲ့ ကံကြွင်းနဲ့ ငရဲကိုသာ ဆင်းရရင် တစ်ကမ္ဘာပျက်ရင်. . . နောက်ကမ္ဘာအထိ. . . ဆက်



www.burmeseclassic.com

www.burmeseclassic.com



ခံရတယ်. . . အခု ကျုပ်. . . သာသနာ့ဘောင်ဝင်ပြီး. . . သာသနာ အကျိုးကို တနိုင်သယ်ပိုးထမ်းရွက်နေတာဟာ. . . ကောင်းသောအ လုပ်လား!၊ မကောင်းတဲ့အလုပ်လား!. . . "

"ကောင်းသောအလုပ်ပါ ဘုရား. . . "

"အိမ်း. . . ကောင်းတဲ့အလုပ် လုပ်တာကို မကောင်းဘူးလို့ ယူဆပြီး ဖျက်လိုဖျက်ဆီး လုပ်ရင် ဘာဖြစ်မလဲ!. . . "

ဦးသာဗျော အသံတိတ်သွားတယ်၊ မျက်လုံးကို အသနားခံ သလိုတောင် လှန်ကြည့်လာတယ်၊ ငြိသွားပြီလေ။

"ကျုပ်ကြောင့် ကြောက်စရာ အပြစ်ကြီးတွေ ကျုပ်ကျေးဇူးရှင် တွေ ခံရမယ်ဆိုရင်. . . ကျုပ်ကောင်းတာ လုပ်တာလို့ မပြောဝံ့တော့ ဘူးပေါ့၊ ဒါကြောင့် ဒကာကြီး ပြန်ပါ၊ အိမ်က ဒကာကြီးကိုလည်း ပြန်ပြောပြပါ၊ ကျုပ်ကို. . . လူထွက်ခိုင်းချင်တဲ့စိတ်ကို ဖျောက်ပါ၊ မနက်ဖြန်. . . ကျုပ်သဘောနဲ့ ကျုပ်ဘာသာ လူထွက်ပြီး အိမ်ပြန်ခဲ့ပါ မယ်. . . ဒကာကြီး"

ဦးသာဗျော မျက်နှာအရောင်ပြောင်းသွားတယ်၊ ပြောင်းသွား တဲ့အရောင်တွေထဲမှာ လူထွက်တာနဲ့ ငါ့ကို တွယ်မယ်ဆိုတဲ့ ဒေါသ ရောင် မောဟရောင်တွေ ကျန်သေးလားလို့ အကဲခတ်ရသေးတယ်. . ပရိသတ်ရေ၊ ကျန်တာတော့ မကျန်ဘူး ထင်တယ်၊ မျက်လုံးတွေဆိုတာ လင်းပြီး. . . ရွှင်တောက်နေတာ. . . ။

"ဝမ်းသာလိုက်တာ ဦးဇင်းရယ်. . . "

"အိမ်း. . . ဒကာကြီးရဲ့ ဝမ်းသာပီတိဟာ. . . ဒီနေ့ကနေ ရွေ့သွားပြီး နောက်တစ်နေရာမှာ ပျောက်သွားရင် မှုမျှောစရာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်. . . တစ်သက်တာ. . . ပီတိဖြစ်အောင် လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စ၊ ဝိစိကိစ္ဆာဆိုတဲ့ စိတ်ရဲ့အညစ်အကြေးတွေကို ဒီနေရာမှာ ပုံချထားခဲ့ ဒကာကြီး. . . ကျုပ်ပြောတာ ကြားရဲ့လား!"

"ကြားပါတယ် ဘုရား. . . တပည့်တော်ကို ပြန်ခွင့်ပြုပါဦး ဘုရား. . . ဒီစကားတွေ အိမ်က ဒကာကြီး. . အဲ. . အဲ. . ဆရာကြီး သာကြားရင် အတော့်ကို ဝမ်းသာမှာ ဘုရား. . . "

"အိမ်း. . . လူ့ဘဝဆိုတာ. . . အရိယာမဂ်. . . မကပ်နိုင်သရွေ့ ရာဂ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယ်လို့ ခေါ်တဲ့ မီးဆယ့်တစ်ပါး ရောပြွန်းလောင်မြိုက်နေတဲ့ မီးပင်လယ်ကြီးပါပဲ"

"မှတ်သားဆင်ခြင်ပါ့မယ် ဘုရား"

ဒီတစ်ခါတော့ ဦးသာဗျော ကြည်ကြည်ညိုညိုနဲ့ကို ဝတ်ဖြည့်ပြီး ပြန်တာ. . .။ သူပြန်သွားပြီးမှ ကျွန်တော်လည်း ကျောင်းရှေ့ကို မယောင်မလည် ထွက်ကြည့်လိုက်တော့ ထင်တဲ့အတိုင်းပဲဗျာ. . . ကြိမ်လုံးကို ပစ်ချထားခဲ့တယ်။ ကြိမ်လုံးကို မေးကြည့်ရင်. . . ကန်တော့ ကန်တော့လို့ ပြောသွားတယ်ဗျလို့တောင် ဆိုမလားပဲ။

အဲ. . . နောက်တစ်နေ့. . . ကျွန်တော် လူထွက်ပြီး ပြန်မယ် လုပ်တော့ အဖေကိုယ်တိုင် ကားမောင်းပြီး လာကြိုတာဗျား. . .၊ တစ်ခုတော့ ရှိတယ်။ မျက်နှာက သိပ်ပြီးမကြည်သာဘူး။

အိမ်ရောက်မှ အဖေ့ကို မဝံ့မရဲ မေးကြည့်တယ်. . .။

"အဖေ ဦးသာဗျောရောဗျ. . . "

"ဟေ. . . မင်းကြောင့်လေ. . . မင်းကြောင့်၊ မင်း ဘုရားဟော



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်လို့ အကျွတ်တရား ရပြီး ဒီမနက်ပဲ ဘုန်းကြီးဝတ်ဖို့ ရွာပြန်သွားပြီကွ. . . တောက်”

ကျွန်တော် ဆက်မမေးတော့ပဲ အသာငြိမ်နေလိုက်ရတယ်၊ မဟုတ်ရင် ကတုံးနဲ့ ဈေးဦးပေါက် မကောင်းဘူး ဖြစ်တော့မယ်. . . ပရိသတ်ရေ။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ခုတော့ရှိတယ်. . ကျွန်တော် ဘုန်းကြီးဝတ်လိုက်တာ က်အလှည့်အပြောင်းများ ဖြစ်သွားသလား မပြောတတ်ဘူးဗျ. . . ကျောင်းဖွင့်ဖွင့်ချင်း ကတုံးစန်းပွင့်ပုံများ အံ့စရာဗျာ. . . တကယ်ပါ၊ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို. . . မှန်ထဲ သေချာကြည့်ဖြစ်တယ်။

ဆံပင်နဲ့တုန်းကမှ. . . ဂျွန်စောလိုလို. . . ဘာလိုလို. . ရုပ် အမှန်. . . ဖြစ်နေသေးတာ၊ ကတုံးနဲ့ကျမှ. . . အတော့်ကို ကြည့်ရ ဆိုးတယ်၊ ဒါပေမယ့် ကျွန်တော် စိတ်ဓာတ်မကျဘူးဗျ၊ မင်းသမီး ထွန်းအိန္ဒြာဗိုတောင် ကတုံးတုံးလိုက်မှ စတားဖြစ်သွားတာ၊ ကျွန်တော် အဲ့ဒီမင်းသမီးကို. . . ကတုံးနဲ့ မြင်လိုက်ရမှ ချစ်သွားတာ. . . ဟို. . အခွေလေဗျာ. . . (နိုင်တီ နိုင်းတီနိုင်း)နဲ့ ကတုံးလေး ပွတ်ပွတ်ပြီး ဆိုတဲ့အခွေလေ. . . အဟက်ဟက်၊ အဲဒါနဲ့ ကျွန်တော်လည်း အားကျ



www.burmeseclassic.com

www.burmeseclassic.com



ပြီး. . . ကတုံးလေး ပွတ်ကာ ပွတ်ကာနဲ့ ကျောင်းထဲအဝင်။

ခွပ်!!

"အမငီး. . ."

ခွပ်ဆိုတဲ့အသံနဲ့ ကြယ်ကြွေတာပဲ သိလိုက်ရတယ်၊ လောက ကြီးနဲ့. . . နာရီဝက်သာသာလောက် အဆက်အသွယ် ပြတ်သွားတယ်၊ သတိရတော့ ဆေးရုံပေါ် ရောက်နေပြီ. . .။

ဖြစ်ပုံက ကျွန်တော့်ခေါင်းပေါ်ကို. . . အဆာဟိ ခေါက်ထီး တစ်လက် အပေါ်ထပ် ကော်ရစ်တာကနေ ကျလာပြီး မှန်တာတဲ့ဗျာ၊ မှန်တော့လည်း ကွဲတာပေါ့၊ ခေါင်းမှာလည်း ပတ်တီးတွေ. . . ငါးဆယ် သားလောက် ပတ်ထုတ်ထားတယ်။

ခုတင်ဘေးမှာ သာဦး၊ မျိုးခင်၊ ညိုအေးမေနဲ့ အညာဆန်ဆန် ချောချောလှလှ. . . မိန်းကလေးတစ်ယောက်။ ကျွန်တော့်အထင်. . . ညိုအေးမေရဲ့ဘော်ဒါပေါ့၊ မဟုတ်ဘူးဗျ၊ ကျွန်တော့်ကတုံးကို ကွင်းဖွင့် ထားတဲ့ ကောင်မလေး။ ဖစ်ဆစ်က မြယွန်းခင်တဲ့၊ ကျွန်တော်သတိရ လာလို့ သူ့မှာ ဝမ်းတွေသာနေတာ(ဝမ်းတွေလျှောတာ မဟုတ်ဘူး) ရယ်လိုက်ပြုံးလိုက်ကာမှ. . . မိုးရွာလို့ လန်းတက်လာတဲ့ ပန်းလေး တစ်ပွင့် လိုပဲဗျာ၊ လှချက်ကတော့(အား. . ကျွတ်. . ကျွတ်)ငမ်းချက် များရင် ခေါင်းမူးလာလို့ အသာညည်းတွားပြီး. . . မျက်လုံးကို ဗန်ချည် ကြိုးလောက်လေး ဖွင့်မှေးပြီး ငမ်းနေရတယ် ပရိသတ်ရေ။

"တောင်းပန်ပါတယ် ကိုနွေဦးမောင်ရယ်. . . ကျွန်မငြဲ တမင်လုပ်တာ မဟုတ်ပါဘူး၊ ထီးကို လက်ရန်းတန်းပေါ် တင်ပြီး. . . လွယ်အိတ်ထဲ. . . ဘော့(လ်)ပင်ရှာနေတုန်း လက်နဲ့ တိုက်မိပြီး"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်. . . ပြဿနာ မရှိပါဘူး. . ပေါက်သွားတာက ဖာလို့ရတယ်. . . ဂေါက်သွားရင် ပြာပြီ၊ အခု ကျွန်တော် မဂေါက်သေးဘူး၊ ခင်ဗျား ဘယ်လောက်လှတယ်ဆိုတာ. . . ကောင်းကောင်း မှတ်သားနိုင်တယ်"

ဟိုကောင်တွေ ခွီးခနဲ ရယ်ကြတယ်။ ဂရုစိုက်စရာလား၊ ကျွန်တော့်စကားကြောင့် မြယွန်းခင်. . . စတော်ဗယ်ရီရောင်. . . အပြုံးတွေနဲ့ တုန့်ပြန်လို့. . . ဖိုခနဲ ဖြစ်သွားတဲ့ရင်ဟာ. . . မှောက်ခုံလား၊ ပက်လက်လားဆိုတာတောင် သိဖို့ တော်တော်ခက်သွားတယ်။

အဲ့ဒီအချိန်မှာပဲ အဆာဟိုကြောင့် ပက်ကြားအက်သွားတဲ့ ကျွန်တော့်ဦးခေါင်းထဲကို. . . အတွေးတစ်ချက်. . . လက်ခနဲ ဝင်လာတယ်. . .။

(အချစ်. . . ဆိုတာ. . . ) ဒါမျိုးလား။ မျက်စိတစ်မှိတ်၊ လျှပ်တပြက်၊ လက်ဖျောက်တစ်ချက်၊ အီးတစ်ဘူ၊ စက္ကန့်တစ်ခုန်။ အို. . . တုန်ခနဲ၊ နွေးခနဲ၊ အေးခနဲ၊ ဖိုခနဲ. . . ဟုတ်မလား မသိဘူး။ တင်းနေတဲ့ လေပူဖောင်းအသားထဲ အပ်တစ်ဖျားစာ ဝင်သွားသလိုမျိုး. . . 'ပေါင်း. . 'ခနဲသာ မြည်ရင်တော့. . . 'ဒိုင်း. . 'ခနဲ သိနိုင်တယ်၊ ဒါဟာ အချစ်ပဲ. . . လို့။

ပရိသတ်ရေ. . . အခုဟာက. . . တော်တော် တော်တော့်ကို သိမ်မွေ့လွန်းတယ်။ ဖိုခနဲ ဖြစ်လိုက်ရတဲ့ ခံစားမှုဟာ ရင်ထဲမှာ ရုပ်ရှင်အနှေးပြကွက်နဲ့. . ရိုက်ပြနေသလိုမျိုး. . လေးလေးကြီး ဖြစ်ကျန်ခဲ့ပြီး ကိုးဒေါ်ကြီး ချက်ထားတဲ့ ကြက်သားဟင်းကို ခိုးစားရသလို. . . ချိုပြီး တော့ကို နေတာ. . .။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ရေ. . . ကျွန်တော့်အတွေးနဲ့ကျွန်တော် သွားရည်လည်နေတုန်း မြယွန်းခင်က. . .

"ကျွန်မ ပြန်တော့မယ်နော်. . . မနက်ဖြန်မှပဲ. . တစ်ခေါက်"

သူမ စကားမဆုံးခင်မှာပဲ တာဝန်ကျ သူနာပြုဆရာမ ဝင်လာတယ်။

"ကိုရွှေဦးမောင်. . . သက်သာရင် ဆေးရုံက ဆင်းနိုင်ပါပြီ"

"ဗျာ. . ကျွန်တော်. . အခုမှ. . . သတိရခါစ ရှိသေးတာလေ ဆရာမ"

"ဟုတ်တယ်. . . ဆရာဝန်ကြီးရဲ့မှတ်ချက်ထဲမှာ ပြင်းထန်တဲ့ဒဏ်ရာ မဟုတ်တဲ့အတွက်. . . ပြင်ပလူနာဌာနမှ ဆက်လက်ကုသရန်လို့. . ပြောထားတယ်"

ကျွန်တော့်ကံတရားက အဲ့သလို ဗွေဖေါက်တာ၊ တကယ်ဆိုလေးငါးရက်လောက်တော့ နေရမယ်၊ ကောင်မလေး လာလာကြည့်မယ်၊ သူ့ရဲ့ဂရုဏာသက်မှု၊ ကိုယ့်ရဲ့အားနာမှု. . . ဒါလေးတွေကို. . . ပြုစုပျိုးထောင်ရင်း. . . အကြည့်ချင်း ပေါင်းဆုံကြ။ နူးညံ့တဲ့ တော်ကီလေးတွေ လွှတ်ကြ. . . ရင်းနှီးမှုနဲ့ ဆက်သွယ်ပြီး သံယောဇဉ် ဖြုံဖြုံနဲ့ ချစ်သူတွေ ဖြစ်သွား. . . ဟုတ်တယ်မဟုတ်လား ပရိသတ်. . ။

ရုပ်ရှင်တွေ၊ ဝတ္ထုတွေ. . . ဒီပုံသေနည်းထဲမှာပဲ ရှိနေတာ၊ ကျွန်တော့်ကျမှ. . ဗျာ။

"ကဲ. . . လူနာ၊ ဆေးကုသမှတ်တမ်းနဲ့ ဆေးလိုက်ယူပြီး၊ ကျန်တဲ့သူတွေက အခန်းသန့်ရှင်းရေး လုပ်ပြီး. . . လူနာနဲ့နားနေဆောင်က ထွက်စောင့်ပေးပါ. . . "



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နည်းနည်းလောက် မူလဂျီကျပြီး ဈေးဆစ်မလားလို့ စိတ်ကူးမိချိန်မှာပဲ. . . အထုပ်တွေအပိုးတွေ၊ ထန်းခေါက်ဖာတွေနဲ့ လူနာကိုပါ. . . တွန်းလှည်းနဲ့ သယ်ယူလာတဲ့အတွက် ကုလားမူလေးတောင် မမူနိုင်ပဲ ခုတင်ပေါ်ကနေ မျောက်ခုန်,ခုန်ဆင်းလိုက်ရတယ်။

အဲ့ဒါနဲ့ပဲ. . . နားနေဆောင်ရောက်၊ ပြန်ရမှာဆိုတော့ မြယွန်းခင်လည်း အတူတူပြန်ဖို့ စောင့်တယ်၊ သာဘူး. . အဲ. . အဲ. . သာဦးတို့က ဒါမျိုးဆို သိပ်လျင်တာ ပရိသတ်ရဲ့၊ နားနေဆောင်မှာ. . ကျွန်တော့်ကို မြယွန်းခင်နဲ့ နှစ်ယောက်တည်း ထားခဲ့ပြီး. . ဆေးမှတ်တမ်းနဲ့ ဆေးယူဖို့ကိစ္စ. . . တစ်အုပ်စုလုံး မ,သွားတယ်၊ မောင်မင်းကြီးသားကျန်းမာချမ်းသာပါစေဗျာ။

ကျွန်တော်လည်း ဒီကောင့်ဆီက. . . ရက်တိုသင်တန်းတွေ အတော်များများ တက်ထားတော့. . .

"ကျွန်တော် အရမ်းမူးတယ် မြယွန်းခင်. . အား. . ကျွတ်"

"ဟင်. . . ဟုက်ကဲ့. . . ထိုင်. . ထိုင်လိုက်နော်"

ကောင်မလေး ပျာယာခတ်သွားပြီး. . ကျွန်တော့်ကို ဖေးဖေးမမနဲ့ ထိုင်ခုံမှာ ထိုင်ပေးတယ်၊ သူလည်း ဝင်ထိုင်တယ်၊ ကျွန်တော်လည်း ယိုင်လိုက်တယ်ဗျာ၊ ဒီလောက်ပြောပြပြီးမှတော့ မရှက်တော့ပါဘူး၊ အဲ့သလို. . ကလိမ်ကကျစ် လုပ်မှပဲ လျှို့ဝှက်ချက်တစ်ခုကို သိရတယ်. . . ။

ပရိသတ်လည်း သိချင်မှာပဲ၊ ပြောပြမယ်၊ ကျွန်တော်. . . ယိုင်တိုင်တိုင်လေးနဲ့ အင်တင်တင် ညည်းလိုက်တော့ မြယွန်းခင် သူ့ဝှန်းသားအိအိလေးနဲ့ ထိန်းပေးရှာတယ်၊ ဟိုစကားလိုပေါ့ဗျာ၊ ကိုယ့်


www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဖိတ်စာတစ်ခြမ်း ရိုက်ပြီးထားပြီ. . . သူ့ဘက်က ရဲတိုင်ထားဝယ်. . . ဆိုတာလိုပေါ့။ သူကတော့ ရိုးရိုးသားသား ဂရုစိုက်ပေးတာလား မသိဘူး၊ ကျွန်တော်ကတော့. . . ရှင်မတောင် ရန့်လေး ထုံနေတဲ့ သူမလေးရဲ့ကိုယ်နံ့ကိုပဲ. . . အောက်ဆီဂျင် လုပ်ပစ်တော့တာ။

အတော်သက်သာသွားတယ်၊ ကလိမ်ချိုကျပြီး မူးချင်တာတောင်. . . မမူးတော့ဘူး၊ ဘာလို့လဲ သိလား!၊ သူ့အရမ်းရှက်နေမလား!၊ ဆေးရုံဆိုတော့ လူတွေအများကြီး၊ လူတွေက ဘာထင်ကြမလဲ!၊ သူ စိတ်ကျဉ်းကျပ်နေရင်. . . အားနာစရာ၊ ဒါတွေ တွေးမိလာတယ်။ သူ့အတွက် ငဲ့ညှာမှု၊ စာနာမှုဆိုတာတွေ ရင်ထဲမှာ. . မြနှမ်းနေအောင် ဖြစ်လာတယ်။

ကျွန်တော် သိလိုက်တယ်ဗျာ။ (အချစ်ကို ရှာဖွေတွေ့ရှိချင်ရင် အရှက်နည်းနည်း သိက္ခာကျကျ. . နေတတ်ရမယ်၊ လိုအပ်ရင် လိမ်ကောက်ညစ်စုတ်ပြရမယ်၊ ချစ်တဲ့စိတ် ဝိညာဉ်ဟာ ကိုယ့်နှလုံးသားထဲမှာ. . . ဘတ်(စ်)ကား တိုးစီးသလို ကြပ်ညှပ်ပြီး စီးဝင်သွားရင်တော့ ကိုယ်ဟာ. . .သူ့အတွက် ဘယ်လိုလူစား ဖြစ်သင့်တယ်၊ ဘယ်လိုပေးဆပ်မယ်. . . ဆိုတာ ရွေးချယ်တတ်လာတယ်) ကျွန်တော် အရမ်းပျော်ရွှင်မိသွားတယ်. . . ပရိသတ်ရယ်။

တစ်ခုတော့ ဝန်ခံချင်တယ်ဗျ. . . ဒီလိုဝန်ခံမှုလည်း တရားမျှတမယ် ထင်တယ်၊ တကယ်တော့. . . အချစ်ဆိုတာ ဟင်းတစ်ခွက်ပဲ။ ရေမြေဒေသ လူမျိုးဘာသာ ယဉ်ကျေးမှု၊ ဓလေ့ထုံးပေါ်မှာ ပြီ ဟင်းတစ်မျိုးတစ်မယ်ထဲမှာပဲ အနံ့အရသာနဲ့ ပုံသဏ္ဌာန်နဲ့ ပြောင်းလဲကွဲပြားသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောပြတဲ့ အချစ်ရဲ့လျှို့ဝှက်ချက်နဲ့ အချစ်ဆိုတာ ကျွန်တော့်အမြင်နဲ့ ကျွန်တော့်အတွေ့ကို ပြောတာ၊ အားလုံး အတူတူ ပဲ မထင်နဲ့၊ နာမည်ပဲ တူတယ်. . . အရသာမတူဘူး၊ ခံစားမှု မတူဘူး၊ ဖန်တီးမှု မတူဘူး၊ ကျွန်တော်တွေ့လိုက်တဲ့ အချစ်က. . . ဝယ်လာတဲ့ ငါးတွေထဲမှာ. . အရှင်တစ်ကောင် ပါလာလို့ ခေါင်းထုသတ်ပြီးမှ မှား မှန်းသိတဲ့. . . ဘုန်းကြီးလူထွက်လို အချစ်မျိုး။

ဒီလောက်ဆို ကျွန်တော့်ပရိသတ်လည်း သဘောပေါက်မှာ ပါ. . နော. . .။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ်"

"ဘာလဲဟင်!"

"ခေါင်းကို ထိထားတော့ ဂေါက်သွားပြီ ဖြစ်ရမယ်"

"အန်. . ဒါ. . ဒါဆိုလည်း ဒီစာလေးတွေ ဖတ်ကြည့်ပါဦးလား!"

"အင်းလေ. . . ထားချင်ထားခဲ့ပေါ့၊ သူ့စာတွေ ဖတ်ရတာလည်း မလွယ်ဘူးဟ၊ စာထဲမှာ သွေးကြောတွေ အရမ်းရှုပ်ထွေးလွန်းတယ်၊ သူ့ကို ပြောလိုက်စမ်းပါ၊ နောက်တစ်ခါ စာပေးရင် အနှစ်တစ်ထောင် နတ်ဂမုန်းပွင့်နဲ့ ရေခဲပိုးကောင်ပါ ထည့်ပေးပါလို့. . သိလား!"

"အေး. . အေး. . ကိုယ်ကြပ်အကျီရောလား၊ ဟို. . ရေခဲပိုးမျှင်နဲ့ ရက်လုပ်ထားတာလေ၊ သူ့ကို ဝတ်ထားရင် ဓါးတွေလှံတွေ မတိုးဘူး"

"ရတယ်. . . ငါလည်း သူ့စာတွေ ဖတ်ရင်း အတွင်းအားတွေ အတော်တက်လာပါပြီ၊ နှမြောစရာက အရိုးဆွေးအဆိပ်ငါးမျိုးနဲ့ သမုဒယဝတ်မှုန်ကူးတဲ့နည်းကို သူတို့ မသိသေးတာပဲဟ"

"ဒါဆို ငါပြောလိုက်မယ်လေ"

"ပြောပေါ့. . . ငါ့မှာ ဖြေဆေးရှိတာပဲ၊ ဘာဖြစ်လဲ"

ကျွန်တော်တို့အုပ်စု. . . တက်ညီလက်ညီနဲ့ကို မိုးမလွန်ခင် ထွန်ချတာပါပဲ၊ ဒါပေမယ့် ထွန်သွားပဲ တုံးလို့လား၊ ကျွန်တော့်တတုံးတာပဲ. . . ဆံပင်တွေ ပြန်ပေါက်လာလို့ ကံဇာတာ ဖောက်သွားတာလား မဆိုနိုင်ဘူး၊ မိုးရာသီကုန်လို့ ဆောင်းရာသီသာ ဝင်လာတယ်၊ မြလွန်းဆီ ကျွန်တော်စိုက်ခဲ့တဲ့ အချစ်ပင်ကတော့ ပေါက်မလာခဲ့ပါဘူး. . .



www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်းမဟုတ်. . . အင်းလည်း မလုပ်နဲ့ ဒုက္ခပျာ၊ ကျွန်တော့်မှာ မအီမသာကြီး။

တစ်နေ့တော့. . . ကျွန်တော် စိတ်ခါတ်တွေ အဖတ်ဆယ်မရအောင် ကျနေတာနဲ့. . . အတန်းမတက်ဘဲ လက်ဖက်ရည်ဆိုင်မှာ ထွက်ထိုင်နေမိတယ်၊ ကျွန်တော် ထိုင်မိတဲ့စားပွဲမှာ. . . အသားညိုညို တုတ်တုတ်ခိုင်ခိုင် အသက်သုံးဆယ်လောက် ရှိမယ့်လူတစ်ယောက် လာဝင်ထိုင်တယ်၊ ပါလာတဲ့ ထန်းခေါက်တောင်းထဲမှာ. . . ဘာတွေ ပါသလဲတော့ မသိဘူး၊ သပ်သပ်ရပ်ရပ် အုပ်ဆိုင်းထားပြီး အောက်မှာ တောင် မချဘဲ စားပွဲပေါ် တင်ထားတယ်. . . အညာသားတော့ အညာသားပဲ။ ဘယ်အညာလဲတော့ မပြောတတ်ဘူး။

စားပွဲထိုးလေး ရောက်လာတော့ သူက ချိုဆိမ့်တစ်ခွက် မှာလိုက်တယ်၊ အဲ့ဒီနောက် ပခုံးပေါ် တင်လာတဲ့ တဘက်ကလေးနဲ့ ချွေးတွေဘာတွေသုတ်၊ ဟိုကြည့်ဒီကြည့်၊ ကျီးကြည့်ကြောင်ကြည့်ရင်း ကျွန်တော့်ကိုလည်း တစ်ချက်တစ်ချက် ကြည့်တယ်၊ သူ့စိတ်ထဲမှာ တစ်ခုခုကို မေးချင်ပုံပဲ။

ခင်ဗျားက ဘာမေးချင်တာလဲလို့ ကျွန်တော် စလိုက်တာနဲ့ တန်းခနဲ မေးတော့မှာ။ ကျွန်တော်ကလည်း မွေးရာပါ နှုတ်စ လျှာစ နည်းတဲ့ကောင်ဆိုတော့ ထုံးစံအတိုင်း ကိုယ့်သဘောနဲ့ကိုယ် ဆက်ပြီး မှိုင်နေမိတယ်။

ခဏကြာတော့. . . ကျွန်တော် အိပ်မက်တောင် မမက်ရဲတဲ့ မြင်ကွင်းမျိုးကို ဖြုံးခနဲ မြင်လိုက်ရလို့ ထတောင်ခုန်မိတော့မလို ဖြစ်သွားတယ်။ မြယွန်းခင်ပေါ့ဗျာ၊ ကျောင်းထဲက တစ်ယောက်ထဲ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ကျွန်တော်ရှိနေတဲ့ လက်ဖက်ရည်ဆိုင်ကို တန်းတန်းကြီး လာနေတာ. . . ကျက်သရေရှိလိုက်တာဗျာ။

သေချာတယ်။ ကျွန်တော် မြယွန်းခင်အတွက် ဘယ်လောက်ခံစားကြေကွဲနေရတယ်ဆိုတာ. . . သာဦး ခေါင်းဆောင်ပြီး သွားညှော်လို့ သူမ မနေနိုင်တော့ပဲ လိုက်လာတာ ဖြစ်ရမယ်။ ဒီလိုဆိုတော့လည်း ငါ့ကံဇာတာက. . . ဘယ်ဆိုးသေးလို့လဲ၊ ဟုတ်ပြီ။ ကျွန်တော် ဘာပြောရမလဲ။

ဒီအချိန်ဟာ. . . သိပ်အရေးကြီးတဲ့အချိန်ပေါ့။ စကားလုံးတစ်လုံးမှ အလေအလွင့် အဖျင်းအမှော်. . . မပါအောင် ဂရုစိုက်ရမယ်၊ အခွန်းတိုင်းအခွန်းတိုင်း ကောင်မလေးရဲ့ရင်ထဲ နင့်ခနဲ လှိုက်ခနဲ စိမ့်ဝင်မှုကို ဖြစ်မယ်။

"ကိုရွှေဦးမောင်လည်း ဒီမှာ ရောက်နေတာကိုး. . . အတန်းလစ်တာပေါ့လေ"

"အင်းပေါ့ မြယွန်း"

"မြယွန်း. . . နင်ဟာ. . . ငါ့တွေ့မှတွေ့ပါ့မလားလို့၊ ဒီမယ်ထန်းလျက်တစ်ပိုး ပါလာတယ်၊ နင့်ဆရာမကို လက်ဆောင်ပေးမယ်ဆိုတာလေ. . ."

ရုတ်တရက် ကျွန်တော့်ရှေ့က အညာသားကြီး အသံကွဲကြီးနဲ့ ဖြတ်ပြောပြီး တဟီးဟီးရယ်ရင်း ခုံတွေဘာတွေ ဆွဲထုတ်ပြီး. . . မြယွန်းခင် ထိုင်ဖို့ လုပ်ပေးလိုက်တယ်။ ကျွန်တော့်မှာ အံ့ဩလွန်းလို့ ဆွံ့အပြီး. . . သွားဖြီးထားတဲ့ ကိုရွှေညာကို နားမလည်နိုင်သလို ငေးကြည့်ရတဲ့အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ မြယွန်းခင်က လင်းလက်နေတဲ့မျက်နှာနဲ့. . .

"အတော်ပဲ. . . ကိုနွေဦးမောင်နဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကိုထွန်းခတဲ့၊ မြယွန်းတို့ ရွာကပဲလေ. . . ကျောင်းပြီးရင် မြယွန်းနဲ့ လက်ထပ်ဖို့ စေ့စပ်ထားတာ. . . ဪ. . . ကိုထွန်းခ သူက. . ."

ကျွန်တော့်စိတ်ထဲမှာ မြယွန်းရဲ့စကားသံတွေဟာ ဟိုးအဝေးကြီးကနေ စီးမျောလာသလိုမျိုး၊ မသဲမကွဲတွေ ဖြစ်နေတယ်။ ဒုတ်ခနဲ ရပ်သွားပြီးကတည်းက ပြန်မခုန်တော့တဲ့. . . ရင်ဟာ. . . လူသေကောင်တွေမှာ တွေ့ရတတ်တဲ့ ရင်ဘတ်လိုပဲ. . . ညှိမည်းမှိုမောက်နေသလား၊ ပြာနှမ်းချပ်ရပ်နေသလားဆိုတာပဲ တွေးမိနေတယ်၊ အမြင်အာရုံထဲမှာတော့. . . သူတို့နှစ်ယောက်ရဲ့ရယ်မြူးပုံရိပ် တွေနဲ့ ခါးသက်လို့ပေါ့ ပရိသတ်ရယ်။

တကယ်ပါ. . . အဲ့ဒီတုန်းကတော့ ကျွန်တော့်ကိုယ်ကျွန်တော် ရှုံးသွားပြီလို့ ထင်လိုက်တာပါပဲ။ ကျွန်တော့်ရင်ထဲမှာ အာကာသတစ်ခုလုံး ပေါက်ကွဲပွင့်ထွက်သံတွေပဲ. . . ကြားနေရတော့တယ်လို့ ပြောရင် လွန်မလား. . .။

အရက်တွေ မူးအောင်သောက်၊ ဦးပိန် တံတားပေါ် လျှောက်ကိုရီးယားမင်းသားတွေ မခံချိ မခံသာဖြစ်ရင် အော်သလိုမျိုး "အဘား အဘား" နဲ့ အော်၊ သေမှာစိုးလို့ တောင်သမံအင်းထဲတော့ မခုန်ချမိဘူးဗျ၊ ခံစားရတာတော့ သေလုမျောပါးပဲ။

ဒီလိုနဲ့. . . ကျွန်တော် ချစ်သူတစ်ယောက် ရဖို့ စိတ်ကူးအွေ့ ဦးပိန်တံတားရဲ့ တိုင်ဆယ့်နှစ်လုံးမြောက်က နဖားပေါက်ထဲမှာ. . . ထည့်ထားခဲ့ပြီး ကျောင်းစာရယ်. . . အရက်ရယ်၊ ဒါပဲ စိတ်ထဲ ချန်



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တယ်၊ အဖေ ဘာပြောပြော. . ရှုးချင်ယောင်ဆောင်ပြီး ကျောင်းပြီးအောင်ပဲ နေလိုက်တယ်. . .။

ကျောင်းပြီးတော့ စိတ်ပြေလက်ပျောက် ရန်ကုန်ကိုလာ၊ အခု နေတဲ့ရပ်ကွက်မှာ. . . အိမ်ခန်းလေးငှား၊ ကျွန်တော် မနေဖူးသေးတဲ့ လူတန်းစားဘဝမှာ. . . ကိုယ့်ကိုယ်ကို ဇာတ်မြှုပ်နေထိုင်ရင်း အလွမ်းဖျောက်၊ ရရာအလုပ်ကလေးလျှောက်၊ ဘွဲ့လေးရထားတော့ စာရေးလေးပေါ့ဗျာ. . .။

အမှန်တော့ လူဆိုတာ. . . ကိုယ့်ပုံစံနဲ့ကိုယ် ရှုးနေကြတာပါပဲ၊ အဖေ့အိမ်မှာ ခပ်သာသာလေး နေလို့ရပါလျက်နဲ့ မန္တလေးနဲ့ ဝေးရင်ပြီးရောဆိုပြီး မြစ်ထဲချောင်းထဲ ဗေဒါမျောသလို ကိုယ့်ဘဝကိုယ် မျောပစ်တာဗျ. . . မျောရင်းနဲ့ အသားကျလာတော့ ပျော်လာတယ်။

မပျော်မဖြစ် ပျော်ရတဲ့ အချက်တစ်ချက်တော့ရှိတယ်၊ အဖေ ကျွန်တော့်ကို အမွေပြတ် ကြေငြာလိုက်တာလေ. . .။ သုံးမရတဲ့သားမိန်းမတစ်ယောက်လောက်တောင် ဖြစ်မြောက်အောင် မရှာနိုင်တဲ့သား၊ ကိုယ့်မျိုးဆက် ကိုယ်ပြန်တူးမြှုပ်ပစ်တဲ့သား၊ မိဘချမ်းသာပါလျက်နဲ့ အဆင်းရဲခံတဲ့ အူကြောင်ကျားသားဆိုတော့. . . ဖြတ်တာပေါ့။

ဖြတ်။ တစ်ခါမှ. . မငတ်ဖူးတဲ့ လူတစ်ယောက်. . ငတ်ကြည့်မယုံရင် ငတ်ကြည့်၊ ငတ်ရတဲ့အရသာကို ဘယ်လောက်စွဲလန်းသွားမယ်ဆိုတာ ကြုံဖူးမှသိတာ။ ဒီလိုပဲ. . . တစ်သက်လုံး မွဲလာတဲ့ လူတစ်ယောက်. . . တစ်ချက်တည်း ချမ်းသာသွားရင် အဲ့ဒီချမ်းသာတဲ့ စည်းစိမ်ယစ်မူးမှု အရသာကို အဲ့ဒီလူ ပြန်စွန့်လွှတ်ပါ့မလားလို့လေ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဒီလိုပေါ့ဗျာ၊ မဖြစ်နိုင်ဘူးလို့ မငြင်းနဲ့၊ ကျွန်တော့် လက်တွေ့။

အဲဒီလိုနဲ့ မန္တလေးရယ်၊ အဖေရယ်၊ ရင်နာခဲ့ဖူးတဲ့. . တစ်ခါက ချစ်ပုံပြင်. . (ချစ်ဖို့ ကြိုးစားဖူးတဲ့ ပုံပြင်)တွေရယ်ဟာ. . ကျွန်တော့် ဆီကနေ သက္ကရာဇ်ဘူတာ. . ငါးဘူတာလောက် ဝေးကွာသွားခဲ့တယ်။

တစ်နေ့တော့ ကျွန်တော့်ရုံးကို ဖုန်းဝင်လာတယ်၊ ဖုန်းဆက်တာက ဦးသာဗျော၊ သူလည်း ကျွန်တော့်လိုပဲ မနေနိုင်တော့လို့ လှူထွက်ပြီး. . . အဖေ့ဆီ ပြန်ရောက်လာတာ အတော်ကြာပြီတဲ့၊ လောလောဆယ် အဖေ. . . အသည်းအသန် ဖြစ်နေတယ်၊ မင်းပြန်လာမှ ဖြစ်မယ်ဆိုလို့ ကျွန်တော် ခွင့်ယူပြီး မန္တလေး ပြန်သွားတယ်။

ဟိုရောက်တော့ အဖေ့အသက်ကို မှီရုံလေးပါပဲ၊ အဖေ့ရဲ့ နောက်ဆုံးစကားကတော့. . .

BURMESE CLASSIC

"သား မင်းကို အဖေ အမွေတကယ်မဖြတ်ခဲ့ဘူး၊ မင်းလည်း ငါ့မျိုးဆက်ကို မဖြတ်ပါဘူးလို့ ကတိပေးပါ၊ အိမ်ထောင်ကျရင်. . . ငါထားခဲ့တဲ့ ပိုင်ဆိုင်မှုအားလုံး ပြန်ယူပါ. . . လောလောဆယ်. . . သာဗျောနဲ့ ရှေ့နေကြီး ဦးပုကို အပ်ထားတယ်. . . မင်း ကတိပေးစမ်းကွာ"

ကျွန်တော် ရင်ထဲဆို့ပြီး စဉ်းစားချိန်တောင် မရပါဘူး၊ အဖေ စိတ်ချ. . သားကတိပေးတယ်လို့ ပြောလိုက်ရတယ်၊ မီရုံလေးပါပဲ ပရိသတ်ရယ်၊

အခုဆိုရင် အဖေဆုံးတာ ငါးနှစ်နီးပါး ရှိသွားပြီ. . . ဒီကာလအတွင်း ကတိစကားအတွက် ကြိုးစားချင်ပေမယ့် ဟက်တက်ကွဲနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသည်းကို အိုးဖာတိတ်နဲ့ပဲ ဖာရမလား၊ စူပါဂလူးပဲ ကောင်းမလား ဆိုတာ စဉ်းစားနေတုန်းပါပဲ၊ ဒီကြားထဲ လူပျိုကြီး စိုင်းလားရှိုးတို့၊ လူပျိုကြီး စောတင်မောင်တို့နဲ့ အရက်ဆိုင်မှာ ခင်ပြီးတွဲမိနေတော့. . . ခက်တယ်ဗျ။ ပညတ်သွားရာ ဓါတ်သက်ပါ၊ မဒေရှိရာ မဒေစုတယ် ဆိုတဲ့ စကားလိုပဲ ကျွန်တော့်မှာ အညွန့်ကို မထွက်နိုင်တော့ဘူး. . .။

ဒီလူတွေက မိန်းမကို အရက်လောက် စိတ်ဝင်စားပြီး မိန်းမ မရတဲ့သူတွေဗျ။

ကဲ. . ပရိသတ်ရေ. . . နောက်ခံတီးလုံး မပါဘဲ နောက် ကြောင်းပြန်ရတာ. . . ဟာတာတာကြီး ဖြစ်နေမလား မသိပါဘူး၊ ဆရာကြီး သော်တာဆွေလို ကျွန်တော့်ဘဝ. . . ကျွန်တော့်အကြောင်း လို့ ခေါင်းစဉ်မတပ်ပေမယ့် ပရိသတ် ဇာတ်ရည်လည်ပြီ ထင်ပါတယ်။ တနင်္ဂနွေ တစ်ရက်လည်း ကုန်လုပြီပေါ့ဗျာ။

ဒီအချိန်လေးက ခါးခါးလေးကို ပါးပါးလေး ပုတ်ပြီး အနား ယူရမှာဗျ။ ဒါပေမယ့်လည်း အရက်ဆိုင်ရှေ့ ချိတ်ဆွဲထားတဲ့ ဆိုင်ရှင်ရဲ့ 'စေတနာ' ဆိုတဲ့ဆိုင်းဘုတ်ကိုတော့ လေးစားရမယ်ဗျ။ မဟုတ်ရင် စေတနာကို စော်ကားရာကျမယ်။

**သင်အရက်မသောက်လျှင် သင့်ကျန်းမာရေးကောင်းပါသည်။**

**ကျွန်ုပ်တစီးပွားရေးအတွက်ရောင်းသည်။**

**သင့်ကြောင့်ကျွန်ုပ်စီးပွားရေး သူများမကဲ့ရဲ့ပါစေနှင့်...။**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# အခန်း [ သုံး ]

BURMESE CLASSIC

"ပရိသတ်ကြီး. . . မင်္ဂလာပါ"

အခန်း(သုံး)အဖွင့်မှာ. . ကျွန်တော်. . ဒီလို ပဋိသန္ဓာရစကားဆိုရတာ ခေတ်နဲ့အညီ ဖြစ်အောင်လို့ပါ၊ ဒီခေတ်. . ရှိုးပွဲတွေမှာ အဆိုတော်တွေ စင်ပေါ် တက်လာတာနဲ့ အဲ့သလို အော်ကြတော့တာ။ တစ်ချို့ဆို. . . ကိုယ့်ရောဂါ ကိုယ်မသိပဲ ခေတ်မီချင်တာနဲ့ အတင်းကြီး အော်တာ. . . "မင်္ဂလာပါ. ." လို့လည်း အော်ပြီးရော လိပ်ခေါင်းက ပြွတ်ခနဲ ထွက်လာတယ်၊ အဲဒီတော့မှပဲ. . . ဓါတ်လိုက်သလို ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုက်သလို အကြောင်းပြပြီး စင်ပေါ်က ပြန်ဆင်းပြေးရတဲ့သူလည်း ရှိတယ်ဗျ. . . ကျွန်တော်က စာရွက်ပေါ်မှာ. . . ဘော(လ်)ပင်နဲ့ အော် ရတော့. . . ခပ်သာသာပဲ. . . .။

"မောင်နွေဦးမောင်ရေ. . ."

"ခင်ဗျာ. . . လာပြီ ဆရာ"

စီနီယာ စာရေးကြီးဦးနောက်နောက် လှမ်းခေါ်လို့ ကျွန်တော် computer စားပွဲကနေ ထပြေးလာခဲ့တယ်။ စီနီယာက သိပ်စိတ်မြန် တာဗျ။ 'ဗျာ' ဆိုရင် လူပါ ရောက်လာမှ၊ သူကိုယ်တိုင်လည်း မြန်တယ် သွက်တယ်။ သွက်လွန်းလို့ ဟိုတလောက. . . စီနီယာ အိမ်ထောင်ပြု တော့မယ်လို့ သတင်းကြားထားတာ. . . သတိရလို့ 'ဆရာ ဘယ်တော့ လဲ!' လို့ မေးကြည့်တော့ မျက်နှာကြီး ပုတ်ပြီး 'ငါယူလိုက်ပြီ' တဲ့။

ကျွန်တော့်စိတ်ထဲ သိပ်ဘဝင်မကျတာနဲ့ ဌာနထဲက ကျွန်တော် နဲ့ အဆင့်တူ ကိုဝင်းရီကို မေးကြည့်တယ်။ ပရိသတ် စဉ်းစားကြည့်။ ဆရာနောက်နောက်က. . . လူပျိုကြီးဗျာ။ လူပျိုကြီးတွေ အိမ်ထောင် ကျခါစတစ်နှစ်မှာ မြူးတဲ့အမြူးမျိုး၊ ပျော်တဲ့အပျော်မျိုး ကျွန်တော် တွေ့ဖူးပါတယ်။

အခု ကျွန်တော့်စီနီယာကြီးကျမှ. . . အောက်သိုးသိုးနဲ့. . . အဲ့ဒါကြောင့်. . . ကိုဝင်းရီကို. . . မေးကြည့်တော့. . .

"သူက စိတ်မြန်လက်မြန်သမားဗျ. . . ယူမယ်ဆို ရမှ၊ ရပြီးမှ တလေး(လေးယောက်)အမေ ဖြစ်နေလို့. . . စိတ်ညစ်နေတာ. . ."

အဲ့သလို. . အဲ့သလို. . ပရိသတ်ရေ. . ဒါလည်း မလျော့ဘူး။ မြန်တုန်း သွက်တုန်း။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ကျွန်တော်ရောက်ပြီ. . ."

"အေး. . . မင်း အခု ဘာလုပ်နေလဲ!. . ."

"budget အတွက်. . . အဆင်သင့်ဖြစ်အောင် data bank ဖွင့်ပြီး processing လုပ်နေပါတယ် ဆရာ. . ဒီလထဲမှာ အပြီးသတ် တင်ရမှာမို့လို့ပါ. . ."

"ငါ သိတယ်. . . ငါ ခိုင်းထားတဲ့အလုပ်ပဲ၊ ငါမေးချင်တာက မင်းမှာ ဘာပြဿနာ ရှိထားလဲ!. . ."

စီနီယာရဲ့မေးခွန်းက. . . ကျွန်တော့်ရင်ထဲ. . . ခြေသံပြင်း ပြင်းနဲ့ ဝင်သွားတယ်။ တံခါးကိုတောင် ဆောင့်ပိတ်ပစ်လို့ ကျွန်တော် တစ်ကိုယ်လုံး ခါထွက်သွားပါတယ်၊ ကျွန်တော် ပြဿနာ ရှိခဲ့တယ် ဆိုတာ ပရိုသတ်လည်း သိနေတာပဲဗျာ. . .။

"ငါမေးနေတယ်လေကွာ. . ."

"မ. . မတော်တဆပါ ဆရာ. . ကိုယ်ထိလက်ရောက်လည်း မဟုတ်ပါဘူး. . . ဟို. . ဟို. ."

"လိုရင်းကို ပြောကွာ"

"အမှန်တော့. . . လေ. . . လေသံလေး ထွက်. . ."

"အင်း. . ဒါဆို. . ရုံးထဲပြောနေကြတဲ့ အတိုင်းပါပဲလား"

"ဘာကိုလဲ ဆရာ. ."

"ဥာနမှုနဲ့အတူ ဓါတ်လှေခါးစီးရင်း လေလည်မိတဲ့ ပြဿနာ မဟုတ်လား!"

"ဟာ. . . မဟုတ်ဘူး ဆရာ. . . ပါးစပ်နဲ့. . ပါးစပ်နဲ့"

"ဟော့ကောင်. . . ပါးစပ်နဲ့ လေလည်လို့ ရမလားကွ၊ လေချဉ်



www.burmeseclassic.com

www.burmeseclassic.com



တက်လို့ပဲ ရမှာပေါ့. . . နောက်ဆို သတိထားကွာ. . သွား. . သွား။ ခုလောက်ဆို ရုံးခန်းမှာ ရောက်နေလောက်ပြီ၊ သေချာတောင်းပန်ခဲ့"

"ဟုတ်ကဲ့ ဆရာ. . . ကျွန်တော်ခုပဲ သွားလိုက်ပါ့မယ်"

ကျွန်တော့်စားပွဲဆီ ပြန်လျှောက်လာပြီး ထုံးစံအတိုင်း. . .

"ကိုဝင်းရီရေ. . . ကျွန်တော့်စားပွဲမှာ တန်းလန်းကြီးဗျာ. . . အဲ့ဒါလေး တဆိတ်လောက်"

"ဘယ်လဲဗျ. . ."

"ဌာနမှူးရုံးခန်းက ခေါ်လို့ပါ"

"ပြဿနာဆို. . . ဘာပြဿနာလဲ!"

ကျွန်တော် ဘယ်လိုရှင်းပြရမှန်း မသိတာနဲ့ 'ပြန်လာမှ' လို့. . အမူအရာနဲ့ ပြခဲ့ပြီး. . . သိပ်အရေးကြီးနေတဲ့ပုံစံမျိုးလို ခပ်သွက်သွက် ထွက်လာခဲ့တယ်။

ဌာနမှူးရုံးခန်းက ခြောက်လွှာမှာဆိုတော့ ဓါတ်လှေခါးနဲ့ တက်ဖို့ ကျွန်တော် လျှပ်စစ်လှေခါးအိမ်ထဲ ကမူးရှူးထိုး ပြေးအဝင် အထဲမှာ တောင့်တောင့်ကြီးရပ်နေတဲ့ ဒေါ်ချိုချို(အဲ. . မချို. . မချို)ကို ဘွားခနဲ တွေ့လိုက်ရတယ်။

တကယ်ပါ ပရိသတ်ရယ်၊ ဒေါ်ချိုချိုကို တွေ့လိုက်တာ တစ္ဆေနဲ့ ပက်ပင်းတိုးသလိုမျိုး. . . လန့်ခါသွားပြီး ပြန်ထွက်ပြေးတာ. . . သူက နောက်ကနေ လှမ်းဆွဲထားတယ်ဗျ။

"အာ. . အဲဗျ. . ဘာ. . ဘာလုပ်တာလဲဗျ. . . လွှတ်ပါဦး"

မလွှတ်ဘူးဗျို့၊ တံခါးပိတ် မောင်းတင်ပြီးမှ လွှတ်ပေးတာ။ အပေါ်တက်နေပြီဆိုတော့ ကျွန်တော် ပြေးလို့မရတော့ဘူးလေ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားဆိုတာ လုပ်ရဲရင် ခံရဲတဲ့သတ္တိ ရှိရတယ်၊ ရှင် ပြေးမလို့ မဟုတ်လား!. . ."

"ပြေးစရာလားဗျာ. . . ကျွန်တော် ဘာမဟုတ်တာ လုပ်မိလို့ လဲ!"

"ဘာ. . ရှင်ဘာလုပ်တယ်ဆိုတာ. . . မသိဘူး. . ဟုတ်လား ဟွန်း. . ."

"အဲဒါ မတရား ခံရတာပါဗျာ. . ."

"အောင်မာ. . . ဟင်း. . တွေ့မယ်၊ ကျွန်မ ဌာနမှူးနဲ့ တိုင်ပြီး ပြီ. . . နောက်ရောက်လာတဲ့ ဝန်ထမ်းအသစ်ဆိုပြီး လက်တည့်စမ်းချင် တဲ့ ရှင်တို့လို ဝန်ထမ်းစုတ်. . . ဝန်ထမ်းပဲ့တွေကို. . . ကောင်းကောင်း ဆုံးမပစ်ရမယ်"

ခြောက်လှာမှာ လျှပ်စစ်လှေခါးအိမ် ပွင့်သွားတော့. . . သူက ကျွန်တော့်အကျီစကို ဆွဲပြီးထွက်တယ်ဗျ. . .။

"ဟာ. . . လွှတ်ပါဗျ၊ သူများတွေ မြင်ရင် တစ်မျိုးထင်ကုန် မယ်"

"မလွှတ်ဘူး. . ."

"လွှတ်နော်. . . . ကျွန်တော် အော်လိုက်မှာ. . ဟောဒီမှာ. . ဒေါ်ချိုချို လိုက်ဆွဲနေတယ်လို့. . ."

အဲ့သလို ပြောမှပဲ ဒေါ်ချိုချို ပြာခနဲ ဖြစ်သွားပြီး ကျွန်တော့်ကို ဆောင့်တွန်းထားပစ်ခဲ့တော့တယ်. . .။ မလွယ်တော့ မလွယ်ဘူး။ ယောက်ျားတစ်ယောက်ကို. . . မတွန့်မရွံ့ ဆွဲလားရမ်းလား လုပ်ရဲတဲ့ သတ္တိကတော့ မနည်းမနောပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဟက်ဟက်. . . ကိုစိုင်းသာ ဒီမိန်းမနဲ့ အိမ်ထောင်ကျရင်တော့. . . ကိုင်ပေါက်ခံလို့. . . ခါးပဲ ကျိုးမလား၊ ခေါင်းပဲ ကွဲမလားတောင် မသိဘူး။ ကြောက်စရာပဲ. . . ဝေးဝေးက ရှောင်ရမယ်. . . စဉ်းစားကြည့် ပရိသတ်ရာ။

သူ့ရာထူးဗျာ. . သူ့ရုပ်ရည်ဗျာ. . အဲ. . ရုပ်ရည်ဆိုမှ သတိရတယ်. . . မန္တလေးသူဗျ. . . ကျွန်တော်က မန္တလေးသားဆိုတော့ ကိုယ့်အမျိုးကိုယ် မြင်တာနဲ့ သိတယ်။

ပဝင်းခင်. . တို့. . မျက်နှာမျိုးနဲ့. . . အိန္ဒြာကျော်ဇင်တို့ အဆစ်အပေါက်မျိုးဆိုတော့ကာ. . . မန္တလာသူတွေထဲမှာ ရှားရှားပါးပါးပဲ။ မန္တလေးမှာ ပူပူလောင်လောင် တစ်နေကုန်. . . စောင်ပတ်အိပ်ပြီး ညနေစောင်းမှ. . . စက်ဘီးထွက်စီးတဲ့အုပ်စုထဲကများလား မသိဘူး၊ အသားလေးလည်း လတ်တယ်၊ နက်မှောင်တဲ့ ဆံပင်အုံကြီးကလည်း ကောင်းမှကောင်း။ ထုံးထားပေလို့ပဲ။ ဖြေများ ချထားရင်. . ဆံပင်ခြုံထားရင်တောင် လုံမယ့်ဆံပင်မျိုး. . . ။

တော်ပြီ. . . တော်ပြီ. . ပရိသတ်၊ ကျွန်တော်လည်း ဌာနမှူးရုံးခန်းရှေ့ ရောက်သွားပြီ။ ကျွန်တော် လည်ချောင်းရှင်းသံတစ်ချက်ပေးပြီး အခန်းထဲ ဝင်တာနဲ့ ဦးညွှတ်လိုက်တယ်၊ ကိုယ့်အထက်လူကြီးဆိုတော့. . . ဂုဏဝုဒ္ဓိ. . ဝရဝုဒ္ဓိ. . ရှိရတာပေ့ါဗျာ၊ ကျွန်တော်က ညံ့မာလူမျိုး မဟုတ်လား။

"လာ. . . လာ. . . မောင်နွေဦးမောင်ရေ. . . ငါတော့ ဒီနေ့ ထူးဆန်းတဲ့အမှုမျိုး စစ်ရတော့မယ်. . . "

ဌာနမှူး ဦးအောင်မြင့်က ပြုံးပြုံးကြီး လုပ်ပြီး ခေါ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်. . . အားတက်သွားတယ်၊ ကျွန်တော့်စိတ်ထဲမှာ. . . ဌာနမှူးတော့. . . ငါ့ကို ကောင်းကောင်း တွယ်တော့မယ်လို့ ထင်ထားတာ။

"ထိုင်ခွင့်ပြုပါ ခင်ဗျာ"

"အေး. . . ထိုင်. . . ထိုင်ပါ"

ကျွန်တော် ထိုင်ရင်း. . . လက်ထောက်ဌာနမှူးကို မသိမသာ လှမ်းကြည့်လိုက်တော့. . . နှုတ်ခမ်းဖူးဖူးညိုညိုလေးကို တင်းနေအောင် စေ့ထားပြီး. . . ကျွန်တော့်ကို မျက်စောင်းလှမ်းပစ်ရင်း လှစ်ခနဲ အကြည့်လွှဲပစ်လိုက်တာကလား။

"ကဲ. . . မချိုချို. . . သူဆိုတာ သေချာလားဗျ!"

"ဟုတ်ကဲ့ ဆရာ. . . သူပါပဲ"

ဌာနမှူး မျက်ခုံးတွေ တွန့်ချိုးပြီး ကျွန်တော့်ကို လှမ်းကြည့်တယ်။

"မင်းကရော တကယ်ပဲလားဟေ့!"

"မဟုတ်ပါဘူး ဆရာ. . . ကျွန်တော်. . . မတရားခံရတာပါ"

"ဘာ. . . ဆရာ. . သူ. . သူလိမ်နေတာ. . ."

ကိုင်း. . . ပရိသတ်ရေ. . . ဒီပြဿနာက မြန်မာလို ဒွဲမရှင်းရင် တရုတ်လို ခွေးခေါင်းခါးစက်ပေါ် လည်စင်းပေးရတော့မယ့်အဖြစ်မျိုးဗျ၊ အဲ့ဒါကြောင့်. . . .

"ဒီလိုပါ ဆရာ. . . 'ချစ်တယ်' ဆိုတဲ့စကားတစ်ခွန်းဟာ. . . ကျွန်တော့်ဘဝမှာ အသုံးတည့်ဖို့ အတော့်ကို ခက်ခဲတဲ့ စကားတစ်ခွန်း ပါလားလို့ စိတ်ထဲက ရွတ်ကြည့်တယ်၊

'ချစ်တယ်. . . ချစ်တယ်. . . ချစ်တယ်' နဲ့ ရွတ်ရင်းရွတ်ရင်း



www.burmeseclassic.com

www.burmeseclassic.com



တ ဟို. . . အားပါလာပြီး ပါးစပ်ကနေ လွှတ်ခနဲ ထွက်သွားတာ၊ ကံဆိုးချင်တော့. . သူ. . သူက ကျွန်တော့်ဘေးနား ရောက်နေတယ် အဲ့ဒီမှာ ပြဿနာတက်တော့တာပဲ၊ ဆရာ တကယ်ပါ၊ ဘုရားစူးပါရစေရဲ့. . . မရည်ရွယ်ပါဘူး"

"နေပါဦး. . . ဒီစကားက. . မင်းအတွက် ဘယ်လို အသုံးမတည့်တာလဲ. . ."

"ဩော်. . . ဆရာရယ်၊ အခု ကျွန်တော့်အသက်သုံးဆယ်၊ ခုချိန်အထိ ရည်းစားဆိုတာ ဘယ်ဆီနေမှန်း မသိသေးဘူး၊ အရှက်နည်းနည်းနဲ့ ပြောရရင် ကြိုးစားကြည့်ဖူးပါတယ်၊ အဆင်မပြေပါဘူး ဆရာရယ်၊ စိတ်ရင်းနဲ့ ဝန်ခံရရင်တော့ မိန်းမယူချင်တဲ့စိတ်လည်း ကုန်ခမ်းနေပါပြီ၊ တစ်ခါကြုံ လိုက်ရတာလေးနဲ့တင်. . တစ်သက်စာ လုံလောက်သွားသလိုပဲ ရင်ကို မခုန်တော့တာ၊

ဒါပေမယ့် အဖေ မဆုံးခင် ကျွန်တော် အိမ်ထောင်ပြုပါ့မယ်လို့ ကတိပေးထားတော့ မရှာချင်လည်း ရှာရဦးမယ်၊ မယူချင်လည်း ယူရမှာပဲ ဆရာ. . . အဖေက သူ့ရဲ့မျိုးဆက်ကို အရမ်းတန်ဖိုးထားတာ. . . ခက်တာက. . . ကျွန်တော့်ကံပဲ၊ ဘယ်လိုဖန်ဖန် မဟန်ဘူး ဆိုတာ ကိုယ့်ဘာသာ သိတယ်၊ အဲဒါကြောင့်. . . ချစ်တယ်ဆိုတဲ့ စကားတစ်ခွန်းကို. . . စိတ်နာတာပါ ဆရာ"

ဗေဒါနမျှ ဦးအောင်မြင့်ရဲ့အကြည့်တွေ. . . သူမဘက် ရောက်သွားတယ်။

"ကိုင်း. . . ကျုပ်ပြောတဲ့အတိုင်းပဲ၊ တစ်ခုခု နားလည်မှုလွဲတာနေမှာပါဆိုတာ လက်ခံရဲ့လား!"



www.burmeseclassic.com

www.burmeseclassic.com



"လက်မခံလည်း မရတော့ဘူးလေ ဆရာ၊ သူက ပွဲစားပါးစပ်နဲ့ ပြောနေတာကြီးကို. . ."

လို့ အပြောခံလိုက်ရတဲ့အတွက်. . . မကျေနပ်လို့ကြည့်။ အကြည့်ချင်း ဆုံသွားကြတယ်။

(ဘုရား. . . ဘုရား. . .)

ကျွန်တော် ချက်ချင်း အကြည့်လွှဲပြီး ထိုင်ရာက ထရပ်လိုက်တယ်. . .။

"ဆရာ. . . ကျွန်တော်ပြန်လို့ရပြီလား!"

"အေး. . . မောင်နွေဦးမောင်၊ ဟုတ်ပြီ. . . အပြန်အလှန် နားလည်သွားကြပြီပဲကွယ်. . ရပါပြီ၊ ဪ. . . budget နီးပြီနော်"

"ဟုတ်ကဲ့. . . ကျွန်တော် ပြင်ဆင်နေပါပြီ၊ အခု. . . Detail processing လုပ်နေပါတယ် ဆရာ. . ."

"ကောင်းတယ်. . . ကောင်းတယ်"

ကျွန်တော် အခန်းထဲက ခပ်သွက်သွက် ထွက်လာပြီး ဘယ်ကိုမှ မသွားနိုင်ဘဲ လေသာဆောင်ဘက် ထွက်ပြီး အသက်ပြင်းပြင်း ရှူသွင်းတာတောင် အဆုတ်ထဲ လေမဝင်နိုင်ပဲ လေးလေးပိတ်ပိတ်ကြီး ဖြစ်နေတဲ့ ခံစားမှုများ၊ ကျွန်တော် ဒါမျိုးကြုံဖူးတယ်၊ ဒေါ်ခိုင် ကြည့်လိုက်တဲ့အကြည့်တွေကို မြင်ဖူးတယ်ဗျာ. . .။

ဘုရား. . . ဘုရား။ အဲ့သလို အကြည့်မျိုးကြောင့် ငါ ဘယ်လောက်တောင် ရှုံးသွပ်ခဲ့ရလဲ၊ ကျွန်တော့်အဖြစ်က နွားနှကို ဆွဲးတို့ခံလိုက်ရတဲ့ တီကောင်တစ်ကောင်လိုပဲ. . . ဆတ်ခနဲ တွန့်ပြီး တလွန့်လွန့် တခွေခွေနဲ့ အတော်နေရထိုင်ရခက်သွားတယ်. . .။

www.burmeseclassic.com



အဲ့ဒီအချိန်မှာပဲ. . . ဒေါ်ချိုချို ဌာနမှူးရုံးခန်းက ပြန်ထွက်လာရင်း ကျွန်တော့်ကို မြင်သွားတယ်ဗျ။

"ကိုနွေဦးမောင်. . ."

"ခင်ဗျာ. . ."

"ရှင်. . . အလုပ်မလုပ်ပဲ အဲ့ဒီမှာ ဘာလုပ်နေတာလဲ!"

"ဘာမှမလုပ်ပါဘူး ခင်ဗျ. . ."

"မလုပ်ရင် လာ. . ."

"ဟုတ်ကဲ့. . ."

ကျွန်တော် အဲ့သလို တစ်ခွန်းမခံ ပြန်ပြောရင်း. . . သူမရှေ့ကို ယုန်တစ်ကောင်လို ရောက်ရှိသွားပါတယ်။

"အခု ကျွန်မနဲ့ အတူတူ ဒုတိယထပ်ကို ပြန်ဆင်းမယ်၊ ပြီးရင် ကျွန်မအခန်းထဲ လိုက်လာပြီး. . . ရှင်ထိုင်ဖို့ စားပွဲတစ်နေရာစာ ရှင်းလင်းမယ်. . ရှင့်အလုပ်စားပွဲကို. . . ကျွန်မအခန်းထဲ ရွှေ့မယ်. . . ."

"ခင်. . . ခင်ဗျာ. . . ဘာအတွက်လဲဗျာ. . ."

"ကျွန်မက ရှင့်ရဲ့အထက်အရာရှိပါ. . . ဒါဟာ ညွှန်ကြားချက်ပါ၊ နေ့လည် ထမင်းစား မဆင်းခင် ပြီးအောင်လုပ်ပါ"

ကျွန်တော်လည်း တော်တော် တင်းသွားတယ်ဗျာ. .၊ သူက ကျွန်တော့်အထက်အရာရှိဆိုတာ သိနေတာပဲ၊ ကြွားစရာလား။ မကြွားဘူးဆိုရင်လည်း ဒါ သက်သက်ချိုးတာ. . . ငါက မင်းထက်ကြီးတဲ့ အကောင်ကြီးပေါ့. . . ဒီလိုလား. . . ဟင်း။

မတတ်နိုင်ဘူး ပရိသတ်ရာ၊ ဘာကိုမှလည်း ဂရုစိုက်မနေတော့ပဲ. . ရင်ထဲက အုန်းခနဲ ပွင့်ထွက်လာတဲ့ ဒေါသကို ထိန်းမရ



www.burmeseclassic.com

www.burmeseclassic.com



တော့ပဲ. . . "ဟုတ်ကဲ့" လို့ ခပ်ဆောင့်ဆောင့် ပြန်ပြောပြီး သူ ခိုင်းတဲ့ အတိုင်း လုပ်ပေးလိုက်တယ်. . .။

စိတ်ထဲကနေ(ဟင်း. . . မှတ်ပလား)လို့တောင် ကြိမ်းပေး လိုက်သေး။

ဒါဟာ. . . မင်္ဂလာ. . . ပါလို့ အကျယ်ကြီး အော်ရေးလိုက်တဲ့ အခန်း(သုံး)ပေါ့. . . ဆက်ဖတ် ပရိသတ်။ ကျွန်တော်ဟာ ဘယ်လို ကောင်စားလဲဆိုတာ ရှေ့မှာပြမယ်။

မန္တလေးသားချင်း အတူတူ. . . သူကပဲ ခြင်ကိုက်ဖူ ပိုများရ တယ်ရှိသေး။ ထိုးမုန့်စားလွန်းလို့ သွားပိုးတောင်တက်နေပြီ။ အရိုး တောင်းလက်ဖက်နဲ့ သူကြီးကျောင်းတက်နိုင်တာလေးများ. . . ဒါမှိုး ရတတ်လား. . . ဟင်း။



www.burmeseclassic.com

www.burmeseclassic.com

အချစ်က တောင့်တ
ဇရာက ကြောင့်ကျ
တစ်ထောင့်တစ်ည ပုံပြင်တစ်အုပ်လို
ကျုပ်ရဲ့ဒုက္ခ
လူပျို့ဘဝ ဒီခရီးရယ်
အထီးကျန်လွန်းစွ...
လိုတာလည်းမရ၊ မလိုတာလည်းမရ
အနိစ္စ...အနတ္တ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [ လေး ]

ဒီရက်အတွင်း. . ကျွန်တော်ဟာ အသက်ရှူမဝသလို ခံစားရတယ် ပရိသတ်ရယ်။ ခေတ်ကာလ တိုးတက်ပြောင်းလဲမှုနဲ့အပြိုင် ရောဂါတွေကလည်း တိုးတက်ဆန်းပြားလာတာဆိုတော့ သတိရှိတာ မလွန်ဘူး မဟုတ်လား၊ အဲ့ဒါကြောင့်. . . ဆေးခန်းပြကြည့်တယ်။

ဆရာဝန်က ပြောတယ်ဗျ. . . ခင်ဗျား လာနောက်နေတာ လား. . . တဲ့၊ ခင်ဗျားခန္ဓာကိုယ်က တင်းပုတ်နဲ့ ထုသတ်တာတောင် မသေဘူး ပြောပြီး စမ်းသပ်စစ်ဆေးခ. . . နှစ်ထောင်ပဲ ယူလိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တော်သေးတာပေါ့ဗျာ. . . စိတ်ကောင်းရှိတဲ့ ဆရာဝန် ဖြစ်နေလို့ပေါ့။

တစ်ချို့ ဆင်နှင်းလို့ မသေတဲ့ ခန္ဓာကိုယ်ကြီးတွေနဲ့ ကျန်းမာရေး စစ်ဆေးချက် လုပ်တာ. . . သုံးသိန်းလောက် ကုန်တယ်ဆိုလား။ အဲ့ဒါနဲ့ တစ်ညနေ. . . စိတ်ပြေလက်ပျောက် လမ်းလျှောက်ရင်း မတွေ့တာ ကြာပြီဖြစ်တဲ့ ကိုစိုင်းလားရှိုးဆီ. . . ရောက်သွားတယ်။ အမယ်. . . သူပြန်ထောင်နေပြီဗျ။ (ပုလင်း)

"အေး. . ငါလည်း မျှော်နေတာ. . . မင်းလာတာနဲ့ အတော်ပဲ. . . ဆိုင်သွားမလား!. . ."

"လက်ဖက်ရည်ဆိုင်လောက်ပဲ သွားချင်တာဗျာ. . . ဟိုနေရာတော့ ခဏနားထားတယ်၊ ကိုစိုင်းရော ပြန်သောက်နေပြီလား!"

"ပါးပါးလေးပါကွာ"

ကိုစိုင်းနောက်ကျောဖက်ခုံမှာ ပန်းချီရေးနေတဲ့ ကိုစိုင်းဘော်ဒါ မောင်ခင်မောင်က လက်သုံးချောင်းနဲ့ ပုလင်းအခွံတစ်လုံး ထောင်ပြတယ်။ လက်ဖက်ရည်ဆိုင် ရောက်ရောက်ချင်းပဲ ကိုစိုင်းက မေးတယ်။

"မင်း. . . ငါ့ရဲ့ချိုချိုလေးနဲ့ တွေ့သေးလားကွ. . ."

"တွေ့တာပေါ့ဗျာ. . . ကျွန်တော့်အရာရှိပဲဟာ. . ."

"ဟဲဟဲဟဲ. . ငါ. . ငါပြောသလို ဖောကြည့်သေးလား!. . ."

"ဖောပြီးရင် ရှောတတ်တယ်ဗျ. . . အဲ့ဒါကြောင့် မဖောရဲသေးတာ"

"ကနဖော့ ပြုတ်သောက်ရင်. . . ဟာ. . . ငါ အဲ့ဒီအဖောကို ပြောတာ မဟုတ်ဘူးလေကွာ. . . ငါနဲ့သူနဲ့ကြားမှာ ညီမျှခြင်း ထိုးခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တာ"

ညီမျှခြင်း မထိုးပဲ တံတားထိုးပြီး နင်းသာ သွားလိုက်ပါတော့လို့. . . ကျွန်တော် စိတ်ထဲက ညည်းတွားရင်းပြီး ရှုးချင်ယောင်ဆောင်ရင်း. . . ဆိုင်ထဲက တီဗွီဆီ လှမ်းငေးလိုက်လို့ ကိုစိုင်းအကြည့်တွေပါ တီဗွီဖန်သားပြင်ဆီ ရောက်သွားတယ်။ ဇာတ်သင်ခန်းကလည်း မင်းသမီးနဲ့မင်းသား ကောင်းနေတဲ့ အခန်းမဟုတ်လား။

ဒီရက်တွေမှာ. . . ဒေါ်ချိုချို စိတ်သိပ်မမှန်ချင်ဘူးလို့ပဲ ကျွန်တော်ထင်တယ်. . . ထင်တဲ့အတိုင်း ပြောလိုက်ရင် ကိုစိုင်း ထသတ်မှာ သေချာတယ်ဗျ. . . ။

ပရိသတ်ပဲ စဉ်းစားကြည့်။ မနက်ရုံးရောက်တာနဲ့. . . ကျွန်တော့်ကို သူက. . . ကင်(န်)တင်းက စောင့်ခိုင်းတယ်၊ မစောင့်ချင်ဘူး ပြောတော့ ဒါ အမိန့်တဲ့၊ အထက်အရာရှိရဲ့ ညွှန်ကြားချက်ကို. . . ကလန်ကဆန်. . . လုပ်ချင်တာလားလို့ ခြိမ်းခြောက်တယ်၊ သူနဲ့ လက်ဖက်ရည် အတူတူသောက်ရတယ်၊ နေ့လည်ထမင်းစားချိန် သူနဲ့ ထမင်းအတူတူ စားရမယ်လို့ . အမိန့်ထုတ်ထားတဲ့အတွက် ကျွန်တော် စိတ်နာလို့ မထည့်တဲ့ ထမင်းချိုင့်ကို. . . ပြန်ထည့်ပြီး သူနဲ့ စားရတယ်ဗျာ. . . ။

ဟင်းတွေကတော့ ကောင်းပါတယ်၊ သူ့ကို. . . သူ့အိမ်က ငါးဆင့်ချိုင့်နဲ့ ထမင်းလိုက်ပို့တာဗျ၊ ထမင်းကတော့ တစ်အိုးထဲပါပဲ၊ ကျန်တာ ဟင်းတွေချည်းဆိုတော့ ဘုန်းကြီးပွဲကျ. . မက. . မကတော့ တာချည်းကို။

ညနေအပြန်တောင် သူနဲ့အတူတူ အမိပတိ စီးရတယ်၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်မှာက ကျွန်တော့်လစာနဲ့ကျွန်တော် ချိန်ချင့်ပြီးသုံးရတာ. . . ရထားစီးရင် တစ်ဆယ်ပဲ ကုန်တယ်. . . ကားဆိုတာတော့ အချိန်ပို ဆင်းရတဲ့ရက်တွေလောက်၊ တစ်ခါတစ်လေ ဘူတာကြီးအထိ လမ်းမလျှောက်ချင်အောင် ညောင်းကိုက်နေတဲ့ရက်တွေလောက်ပဲ ကားစီးတာ၊ ဒါတောင် တစ်ရာကားပဲ၊ နှစ်ရာဆိုတာ အိပ်မက်ကို မမက်တာ၊

ဒီကြားထဲ ရုံးမှာ ကောလဟာလသတင်းက ထွက်သေးတယ်၊ ကိုစိုင်း ဆိုင်ကပြတဲ့ ဗွီဒီယိုထဲ မျှောနေတုန်း. . . ပြောပြဦးမယ်။

ဒီလိုဗျ. . . ကျွန်တော်. . ရုတ်တရက်ကြီး လက်ထောက်ဌာနမှူးအခန်းက စာရေးလေးရာထူးကနေ ဌာနခွဲ စာရေးကြီးရာထူး တိုးပေးလိုက်တာ ကျွန်တော်တောင် မသိလိုက်ဘူး၊ တစ်နေ့ကမှ ဒေါ်ချိုချိုက. . ဒီလ လစာထုတ်ရင် သူ့ကို လက်ဆောင် ဝယ်ပေးရမယ်ပြောလို့ ကျွန်တော်က မဖြစ်ဘူးဘာညာ ငြင်းတော့. . . ရှင့်လစာ ဒီလကစပြီး ရှစ်သောင်းဖြစ်သွားပြီ၊ ဝယ်ပေးရမယ်၊ ဒါ အမိန့်ပဲ လုပ်တော့မှ သိတာဗျ၊ အဲ. . . ထားပါတော့၊ ကောလဟာလကို ပြောမယ်။

ကျွန်တော် ရာထူးတိုးတာ ဌာနမှူးနဲ့ ဓါတ်လှေခါး အတူတူ စီးရင်း လေလည်မိလို့တဲ့၊ စကားနော်. . စကား၊ ဘယ်လောက် ကြောက်စရာကောင်းအောင် "ကား" သလဲဆိုတာ။ တစ်ချို့ကလည်း ယုံတယ်ဗျ။ လေလည်မှ ပြေလည်တယ်. . ဆိုပဲ။ အဲ့ဒါဗျာ ကျွန်တော်တို့ဌာနမှူး ဓါတ်လှေခါးထဲဝင်တာနဲ့. . နောက်က အတင်းလိုက်ဝင်ပြီး လေလည်ကြတော့တာဗျာ. . . အံ့သြပါရဲ့. . . ။

ဓါတ်လှေခါးအိမ်လေးထဲဆိုတော့ လေကလည်း လုံတယ်၊ သူတလည်း များ၊ အဲ့ဒီမှာ သူ့ထက်ငါ အသံကျယ်အောင် "ဘူ" ကြ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ကျွန်တော် အရင်က. . ဆရာ. . ဆရာ ခေါ်နေရတဲ့ စီနီယာ စာရေးကြီး ကိုနောက်နောက်ဆို အကျယ်ဆုံးပဲ၊ ဘူနောက်မှာ. . 'ဘီ. . ' ဆိုတဲ့အသံက ဆွဲဆွဲငင်ငင်ကိုပါတာ. . သူ့ဂျူနီယာက သူ့ကို ခုန်တက်ပြီး ရာထူးတိုးသွားတော့. . . သူလည်း လိုက်တက်ချင်ပုံ ရတယ်၊

ဌာနမှူးနဲ့ အနီးဆုံးနေရာမှာ နေပြီး အကျယ်ဆုံးဖြစ်အောင် လေလည်တာ. . ပြီးရင်. . . "ကျွန်တော်ပါခင်ဗျ. . . " လို့တောင် ဝန်ခံလိုက်သေးတယ်။ ထောင့်ကပ်နေရတဲ့ စာရေးမတွေကလည်း အားကျမခံဘူး. . "အဲ့ဒါ ကျွန်မ ဆရာရေ့" ဆိုပြီး အသိပေးတာက လား။

တစ်ရက်နှစ်ရက်တော့ ဌာနမှူးက သည်းခံသေးတယ်၊ အဲ့ဒီ နောက်နေ့ ဌာနမှူး ဓါတ်လှေခါးထဲ ဝင်ပြီးတာနဲ့ အဝင်မခံတော့ဘဲ. .

"နောက်တစ်ခေါက်မှ. . မင်းတို့ တက်ကြ. . မင်းတို့ကြောင့် ငါ့နှာခေါင်းလည်း ကြပ်ခိုးစွဲတော့မယ်"

ဖြစ်ပုံ. . . ဖြစ်ပုံ။ ကျွန်တော်တို့ ကုမ္ပဏီရုံးမှာ. . . ဒီလို အလားတူ ပြဿနာတွေ. . အများကြီး၊ အများကြီး၊ နောက်ကြုံတော့ ကျွန်တော် ပြောပြပါ့မယ်၊ အခု ကိုစိုင်းနဲ့ စကားပြောလိုက်ဦးမယ်၊ ဗွီဒီယို. . ပြီးသွားလို့ ကျွန်တော့်ဘက် ပြန်လှည့်လာပြီဗျ. . . ။

"ဟေ့. . နွေဦးမောင်. . သိပ်အချိန်မဆွဲနဲ့လေကွာ. . ငါက စောင့်လို့ရတယ်၊ ဇရာက မစောင့်ဘူးဟ"

"အင်းပါ. . . ကျွန်တော် ပြောပါ့မယ်၊ ရုံးမှာလည်း ***ဥတု ကြည့်ပြီးနေရတာ ကိုစိုင်းရဲ့. . . အမှားမခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ. . . ငါလည်း မင်းအလုပ်ဝတ္တရားတွေ ထိခိုက်အောင်တော့ မတောင်းဆိုပါဘူး၊ အခွင့်ရရင်တော့ ကြိုးစားပေးပါကွာ၊ ချိုချိုက ငါ့အတွက်တော့ နှစ်ချို့ဝိုင်တစ်ခွက်ပဲ နွေဦးမောင်. . . ငါ့ရဲ့ကျန်ရှိနေသေးတဲ့အချိန်လေးကို. . . ချိုချိုနဲ့ပဲ. . . နေချင်တယ်၊ ဪ. . . ကိုယ့်အသက်ဗူးလေး ချိုချိုရယ်. . ."

စိတ်ညစ်တယ် ပရိသတ်ရေ. . ကျွန်တော် သူ့ကို နေရာချင်းသာ လဲပေးလိုက်ချင်တယ်ဗျာ. . . တကယ်ပါ၊ ဒါမှ မဟုတ်လည်း လစာထုတ်ရင်း ကိုစိုင်းကို. . . နို့မှုန့်ဘူးနဲ့ ကလေးနို့ဘူးလေး တစ်လုံး ဝယ်ပြီးပေးထားရရင် ကောင်းမလားလို့ စဉ်းစားမိတယ်. . သူက. . ချိုချိုမှ ချိုချို ဖြစ်နေတာလေ။

နည်းနည်းမှောင်ရီသမ်းလာတဲ့အထိ ဟိုအကြောင်းဒီအကြောင်း ထွေရာလေးပါးပြောပြီး ကျွန်တော် ပြန်လာခဲ့တော့တယ်။ ကိုစိုင်းက နှုတ်ဆက်ရင်း. . သူ့ကိစ္စကို သတိပေးပုံကိုလည်းကြည့်ဦး နှုတ်ခမ်းလေးစူစူနဲ့. . .

"ကကျွတ်. . . ကကျွတ်"

"ဘာလဲ. . ကိုစိုင်း!. . ."

"ချိုချိုလေ. . . ငှဲငှဲငှဲ. . ."

ကျွန်တော် အိမ်ပြန်ရောက်တော့ ညက အတော်မှောင်နေပြီ။ လက်ပတ်နာရီ ပါမလာတော့. . . ညခုနစ်နာရီကျော်ကျော်လောက်တော့ ရှိမယ်ထင်တာပဲ။ ဟိုဖက်ခန်းက မပျိုကြီးတို့အိမ်. . . မီးထွန်းလင်းနေပြီး. . . တံခါးတွေလည်း ဖွင့်ထားတယ်ဗျ။

အခုမှ ရောက်တယ်ထင်တယ်။ ဒါနဲ့. . . ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ခြံတံခါးဖွင့်၊ အိမ်တံခါးဖွင့်ရင်း ခြံစည်းရိုးဘေးတစ်ဖက် အမှတ်တမဲ့ ကျော်ကြည့်လိုက်တော့ လူတွေလည်း အများကြီး။ အိမ်ရှေ့တံစက်မြိတ်အောက် ခရီးဆောင်အိတ်တွေ အထုတ်အပိုးတွေကလည်း ပုံလို့။

တစ်ယောက်တစ်ပေါက် ပြောဆိုသံတွေကြား . . ကလေးငိုသံကပါ ညှပ်ပြီးထွက်ပေါ်နေလို့ . . . နှစ်ပတ်နီးပါး တိတ်ဆိတ်နေတဲ့ . . ကျွန်တော်တို့ အိမ်ပတ်ဝန်းကျင်ဟာ . . အချိန်အခါမဟုတ် အသက်ဝင်လာသလိုပါပဲ။

ဪ . . . သူတို့ ဘုရားဖူးအပြန် ဧည့်သည်တွေပါ ပါလာကြတယ်လို့ပဲ အကြမ်းဖျင်း နားလည်ထားလိုက်တယ်။

အဲ့ဒီအခိုက်မှာပဲ အချောဖျင်း နားလည်ဖို့ မပျိုကြီး အသံကို ကျွန်တော်ကြားလိုက်ရပါတော့တယ်။

"ဟော . . . မောင်လေးရောက်ပြီ ထင်တယ် . . ဟိုဖက်က နွေဦးမောင်လားဟင်! . . ."

ကြမ်းတစ်ပြေးတည်း၊ ထရံတစ်ချပ် တည်းဆိုတော့ ဒီဖက်က တံခါးဖွင့်သံ၊ လမ်းလျှောက်လို့ ကြမ်းပြင် တုန်ခါသံကို နားစွင့်မိတာ ထင်တယ်။

"ဟုတ်ကဲ့ . . မပျိုကြီးတို့ . . . ပြန်ရောက်ကြပြီလားဗျ . . ."

"အေးကွယ် . . ခရီးရောက်မဆိုက် မောင်လေးရေ . . ဒီဘက် ခဏလောက် လာခဲ့ပါလားကွယ် . . ."

ကျွန်တော် နားထောင်ရင်း မျက်ခုံးရှုံ့သွားတယ်၊ ဘာအကြောင်းလဲ ဘာကြောင့်လဲ တွေးရတာပေါ့ဗျာ . . . ၊ မပျိုကြီးဆိုတာကလည်း ပရိသတ် သိတော်မူတဲ့အတိုင်း . . လေးငါးနှစ်နေလာတာ ဘာမှမဖြစ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတလောက လက်ဖက်ရည်ဆိုင်မှာ ပြဿနာတစ်ခု အရင်းပြုပြီး မယုံကြည်နိုင်စရာကောင်းတဲ့ အကြည့်မျက်ဝန်းတွေ ပို့လွှတ်ထားတာ မဟုတ်လား။

ခေါ်တယ်ဆိုတော့ မသွားလို့ကလည်း မကောင်းတာနဲ့ ကျွန်တော်လည်း အိမ်တံခါးစေ့ရုံတင် စေ့ထားခဲ့ပြီး ဒီဘက်ခြမ်း ကူးလာခဲ့ရတယ်. . ။

ပရိသတ်ရေ. . . ဧည့်သည်တွေက (၇)ယောက်တောင်ဗျ. . အသက်(၆၀)လောက် ရှိတဲ့ ဘွားတော်ကြီးက နှစ်ယောက်၊ အသက် (၇၀)လောက် ရှိမယ့် ဘိုးတော်ကြီးက တစ်ယောက်၊ နောက် မပျိုကြီး တို့အရွယ် လင်မယားနှစ်ယောက်နဲ့ (၁၀)နှစ်လောက် ရှိမယ့် ကောင်လေးတစ်ယောက်နဲ့. . . နို့စို့ကလေးအရွယ်တစ်ယောက်လည်း ပါတယ်ဗျ. . . အဲ့ဒီကလေးက ဟို. . လင်မယားနှစ်ယောက်ထဲက အမျိုးသမီးက ကျောပိုးတဘက်နဲ့ ပိုးထားတယ်။

စကားပြောသံတွေ နားထောင်ရတာ ရှမ်းပြည်က ပါလာတဲ့ ဧည့်သည်တွေ ထင်တယ်ဗျ. . . မပျိုကြီးရဲ့အမေကလည်း တောင်ကြီးသူ မဟုတ်လား၊ အဲ့ဒီတော့ ဘုရားဖူးသွားရင်း. . ကိုယ့်ဇာတိရပ်ကို ခဏဝင်လည်၊ လည်ရင်းက စုံမိစပ်မိပြီး ရန်ကုန် ဘုရားဖူးတို့ဘာတို့ ပါလာပုံရတယ်။

"ထိုင်. . . မောင်လေး"

"ဟုတ်ကဲ့. . ."

ကျွန်တော်လည်း မပျိုကြီး ခင်းပေးတဲ့ တစ်ယောက်ထိုင် ဖျာတလေးမှာ ဝင်ထိုင်လိုက်တယ်၊ သူတို့အိမ်မှာ ဆက်တီဝိုင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဗျ၊ ဒါပေမယ့် အဲ့ဒီဝိုင်းမှာ အဖွားကြီးနှစ်ယောက် အဘိုးကြီး တစ်ယောက်. . တဘက်ခေါင်းပေါင်းကြီးတွေနဲ့. . ထိုင်နေပြီး ကျန်တဲ့ သူတွေအားလုံး ကြမ်းပေါ်မှာ ဖျာခင်းထိုင်နေကြတော့ ကျွန်တော် လည်း သူတို့လိုပဲ. . . ထိုင်လိုက်တယ်။

အဲ့ဒီအချိန်မှာ မပျိုကြီးက ကျွန်တော့်ဘေးမှာ ဝင်ထိုင်လိုက် တယ်၊ ကျွန်တော် မကြည့်ရဲဘူး၊ ဟိုအကြည့် ဒီအကြည့်တွေကို. . . ကျွန်တော် မခံနိုင်ဘူး ပရိသတ်ရယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ ဒီလိုပြောရတာ သိမ်ငယ်လွန်းပါတယ်။

"မောင်လေးကို အကူအညီ တောင်းစရာရှိလို့. . ."

"ဟုတ်ကဲ့. . . ပြောပါ မပျိုကြီး"

"ဒီညေ့သည်တွေက. . . အမေ့ရွာက ပါလာကြတာ၊ အားလုံး ရပ်ဆွေရပ်မျိုးပေါ့။ ဟိုးက. . . အစ်ကိုက သူ့ကျောကုန်းမှာ ကင်ဆာ ကြိတ်လို အကြိတ်ကြီး ဖြစ်နေတယ်၊ ဆေးစစ်ကြည့်တော့လည်း. . ကင်ဆာလို့ ပြောတယ်၊ အဲ့ဒါ သူတို့က ဗမာဆရာကောင်းကောင်းနဲ့ပဲ ကုချင်တယ်ဆိုလို့ ခေါ်လာတာ။

အိမ်မှာက သူက အဓိက ငွေရှာတဲ့သူ၊ သူမရှိရင် ကျန်တဲ့ အိမ်သားအားလုံး ငုတ်တုတ်ဆိုတော့ မထူးဘူး အကုန်လိုက်ခဲ့၊ သူက ဆေးကု. . ကျန်တဲ့သူတွေက ဘုရားဖူးပေါ့၊ ဟိုးက အဘိုးအဘွားတွေ ဆို ဒီတစ်သက် ရွှေတိဂုံဘုရားကို တစ်ခါလောက်ပဲ ကိုယ်လက်နဲ့ ဖူးခွင့်ရရင် သေပျော်ပြီလို့တောင် တမ်းတတာ မောင်လေးရဲ့. . အဟင်းဟင်း. . . အဲ့ဒါ မမက. . ဒီလိုစီစဉ်ချင်တယ်. .

သူတို့မိသားစုကလည်းများ 'ကလေးကလည်းငိုနေတော့. .



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးအခန်းမှာ. . . ခဏတည်းစေချင်တယ်. . . မောင်လေးက မမတို့ သားအမိနဲ့ လာနေလေ!. . . "

"ဗျာ. . . "

ကျွန်တော့်စိတ်ထဲမှာ ငယ်ထိပ်တည့်တည့် မြွေပေါက်ခံလိုက်ရသလိုမျိုး မျက်လုံးထဲမှာ. . . မီးတွေပါ ပွင့်ကုန်တယ်။ ကယ်ပါဦး ပရိသတ်ရယ်၊ ကျွန်တော်က သူ. . သူမကြီးနဲ့ တစ်အိမ်တည်းအတူ. . . ဟာ. . ဘယ်လိုမှ မဖြစ်နိုင်ဘူး ထင်တယ်ဗျာ. . နော၊

"မ. . . မဖြစ်ဘူးထင်တယ် မပျိုကြီး. . . ကျွန်တော်. . . "

"အို. . . ဘာလို့ မဖြစ်ရမှာလဲ. . မမောင်က ဘုရားခန်းမှာ အိပ်ပေါ့၊ မတို့သားအမိက အတွင်းခန်းမှာ အိပ်၊ တို့တတွေ နေလာကြတာ ငါးနှစ်လောက် ဖြစ်နေပြီ၊ အမေကလေ. . . မောင်လေးကို သူ့သားလေးသာ ဖြစ်ရင် ဘယ်လောက်ကောင်းမလဲလို့တောင် ပြောနေတာ"

ဘုရား ဘုရား. . . မမကနေ. . . မတွေဘာတွေ ဖြစ်ကုန်ပါရောလားဗျာ၊ ကျွန်တော်တော့. . လျှာတစောင်းကိုက်ပြီး ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်လာရင် ဒုက္ခ။

"အေး. . . မောင်နွေဦးမောင်ရေ. . . အဒေါ်လည်း သက်ကြီးရွယ်အိုတွေကို. . . ကုသိုလ်ပြုချင်တာနဲ့ အဒေါ်ပဲ ခေါ်လာခဲ့တာ၊ မင်းက ကိုယ့်တူ ကိုယ့်သားလို ရင်းနှီးနေပြီဆိုတော့. . . ပြောရင် ရလောက်တယ်ပေါ့ကွယ်. . . မင်းလည်း ကုသိုလ်လေး မျှယူပေါ့. . . နော့. . "

အဒေါ်ကပါ ဝင်ပြောလာတော့ ကျွန်တော့်မှာ ငြင်းရေအတော်



www.burmeseclassic.com

www.burmeseclassic.com



ခက်သွားတယ်၊ ပရိသတ် သိတဲ့အတိုင်း ဗုဒ္ဓဘာသာ မြန်မာလူမျိုး 'ကုသိုလ်' ဆိုတဲ့ စကားလုံး ပါလာပြီဆိုတာနဲ့ ချုပ်ပြီး တုတ်ပြီးသားပဲ၊ ကျွန်တော်ကိုယ်တိုင်ကလည်း ဝိနည်းဆရာတော်တွေဆီ ဥပ္ပဇ္ဈာယ်ခံပြီး ရဟန်းတက်ဖူးတဲ့လူဆိုတော့. . .

ပရိသတ်ရေ. . အမှန်အတိုင်း ပြောရရင် ကျွန်တော်တွေဝေသွားတယ်၊ ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါပဲ ငြိမ်သွားတော့ သူတို့စိတ်ထဲမယ်. . . ကျွန်တော် သဘောတူလိုက်ပြီပေါ့။ တစ်ခါတည်း မပျိုကြီးအမေက ဝမ်းသာအားရနဲ့. . .

"တွေ့တယ် မဟုတ်လား၊ ငါ့တူက သူတော်ကောင်း၊ ကဲ. . ကဲ. . မပျိုကြီးရေ. . . ညှိသည်ကို. . နေရာချရအောင်၊ လုပ်ကြစမ်းပြော်. . . မောင်နွေဦးမောင်ရေ. . . သားက လောလောဆယ်. . . အရေးတကြီး လိုမယ်ထင်တဲ့ပစ္စည်းနဲ့ အဝတ်အစားပဲ ဒီဘက်ရွှေ့၊ ကျန်တာ အားလုံးထားခဲ့၊ သူတို့ ကြာလွန်းမှ ဆယ့်ငါးရက်ပါကွယ်. . . အဟင်းဟင်းဟင်း. . . "

ကိုင်း. . . ကျွန်တော်လည်း အဟင်းဟင်းဟင်းပေါ့. . . မရှိပြီးလိုက် ဟင်းရင်းနဲ့ပဲ တွေးမိပါတယ်. . . ပရိသတ်ရယ်. . .

(ငါတော့ ကံဆိုးပြီထင်တယ်. . . )



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၉း ]

ညက. . . ပစ္စည်းတွေရွှေ့၊ နေရာတွေရွှေ့၊ ရွှေ့ကြပြောင်းကြဆိုတော့ ကိုယ့်ပစ္စည်း. . . တစ်ခုတည်းနဲ့ မပြီးပြန်ဘူးဗျ၊ သူတို့ဧည့်သည်. . . အုပ်စုထဲမှာ လုပ်နိုင်ကိုင်နိုင်တဲ့ ယောကျ်ားဆိုလို့. . . ဟိုလူ. . သူ့အမျိုးသမီးခေါ်လို့ ကြားမိတာ. . ကိုဗဒူဆိုလား၊ ကိုပတ္တူဆိုလား၊ ထားပါတော့ အဲ့ဒီဘုကြောင့် လက်တောင် ကောင်းကောင်းမြှောက်လို့မရဘူးတဲ့။

ကျန်တာတော့. . . ကျွန်တော်တို့ရဲ့ဒေါ်ဗလရှင် မပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အဲဒီတော့ ကျွန်တော်က ကိုယ့်ပစ္စည်းလေးကိုယ် ကွက်ကွက်လေး သယ်ပြီး ငုတ်တုတ်ထိုင်ကြည့်နေလို့ မြန်မာမဆန်ပြန်ဘူး မဟုတ်လား ပရိသတ်ရယ်၊ ဒါနဲ့ပဲ. . . ကျွန်တော် ဝိုင်းသယ် ရွှေ့ပြောင်းနဲ့ ဖိုးလိုးဖတ်လပ်ကို မောသွားတာ၊ ဘော့(လ်)ပင် လောက် အလေးဆုံးမပြီး နေလာတာ ကြာပြီဆိုတော့. . သူတို့အထုပ်တွေကလည်း ဘာတွေနဲ့ ဒီလောက်တောင် လေးနေမှန်း မသိပါဘူး ခါးကို ညွတ်နေတော့တာ။

ဒီကြားထဲ ပိုဆိုးတာက. . မပျိုကြီးနဲ့ ထမင်းလက်ဆုံစားရမှာကြောက်လို့ စားပြီးပြီလို့ ညာမိလိုက်တာဗျ. . . တစ်ညလုံး ဗိုက်တွေဆာ၊ အိပ်ယာ ပြောင်းထားလို့ အိပ်လို့က မပျော်နဲ့. . . မိုးလင်းပိုင်းမှပဲ မှေးခနဲ တစ်ရေးရသွားတယ်. . . ။

ပရိသတ်ရေ. . . အဲ့ဒီတစ်မှေးလေးမှာ ကျွန်တော် အိပ်မက်, မက်တယ်ဗျ သိလား။ ဖွင့်ရက်မှိုလို့ အတိတ်ကောက်ခိုင်းချင်လို့တော့ မဟုတ်ပါဘူး၊ နည်းနည်းထူးဆန်းနေမလားလို့ပါ။ အိပ်မက်ထဲမှာ ကျွန်တော့် အိမ်မိုးက သွပ်မိုးမဟုတ်ပဲ ကြွေပြားကပ် ကွန်ကရစ် ရေကန်ကြီးတဲ့ဗျာ. . . . အထဲမှာ ရေတွေက ကြည်ပြီးစိမ်းနေတာ၊ ကျွန်တော် ကြည့်ရင်းက ရေကူးချင်စိတ် ပေါက်လာလို့ ခုန်ချပြီး ကူးခတ်ရတယ်လို့ အိပ်မက်,မက်တယ်၊ ကံကောင်းပြီဆိုတဲ့ သဘောလားဗျာ. . . လောလောဆယ်တော့. . .

"ဟော. . . မောင်လေး နိုးပြီလား. . . မျက်နှာသစ်လေးသွား. . .သွား၊ အိပ်ယာတွေ မ. . သိမ်းလိုက်မယ်. . . အစာပြေစားဖို့ ပဲပြုတ်နဲ့ထောပတ် ထမင်းကြော် အသင့်ပြင်ထားတယ်၊ ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖျော်ပြီးသား. . . ဩော်. . . မောင်လေး ထမင်းချိုင့်လည်း အဆင်သင့် ဖြစ်ပြီနော်"

ကျွန်တော် ကြက်သီးတွေ ဖျင်းခနဲ. . ဖျင်းခနဲ ထပြီး ခေါင်း ညိတ်သလို ခေါင်းခါသလို လုပ်ရင်း အိမ်နောက်ဖေးဘက် ထပြေးလာ ခဲ့ရတယ်၊ တကယ်ကို အမှန်အကန် လုပ်ထားတာ. . . ပရိသတ်ရေ အံ့ကြီးလည်း သြောပါရဲ့ဗျာ။

ဗုဒ္ဓေါ. . . အလုပ်သွားမယ့် ဝတ်စုံလည်း မီးပူထိုးပြီးသား (ဟင်). . လွယ်အိတ်လည်း အဆင်သင့်။ ကျွန်တော် ထွက်ပြေးရရင် ကောင်းမလားလို့တောင် စဉ်းစားမိတယ်၊ သိနေတယ်၊ ကျွန်တော် သိနေတယ်ဗျာ၊ မပျိုကြီးရဲ့ဂရုစိုက်မှုတွေ၊ အပြုံးတွေ၊ အခေါ်အပြော တွေ၊ အကြည့်တွေ၊ ကျွန်တော်လှုပ်လို့မရအောင် တစ်ရစ်ပြီးတစ်ရစ် ဖွဲ့နှောင်နေတာ၊ ဘာမှမစွဲပေမယ့် မအ,ဘူးဗျာ၊ ဒီလောက်တော့ ကျွန် တော် သိတယ်။

ရုံးရောက်တော့လည်း ရုံးမှာ. . . တစ်မှောင့်။

ထုံးစံအတိုင်း ကင်(န်)တင်းမှာ ထိုင်စောင့်ရင်း စိတ်နဲ့ကိုယ်နဲ့ မကပ်ဘဲ တွေးချင်ရာတွေး ငေးချင်ရာ ငေးနေလို့ ဒေါ်ချိုချို ရောက် လာတာ မသိလိုက်ဘူး. . . ။

"ဒီမယ်. . . "

"ဗျာ. . . "

"ရှင် ဒီလောက်တောင် ငေးငိုင်နေရအောင် တာဝန်မဲ့လှချင် လား"

ပြောရရင်. . . ကျွန်တော် နည်းနည်းတင်းသွားတယ်၊ အိပ်



www.burmeseclassic.com

www.burmeseclassic.com



ရေးတွေပျက်၊ စိတ်ပင်ပန်း လူပင်ပန်းဆိုတော့ သည်းခံနိုင်တဲ့ ခန္တီပါရမီလည်း ခန္ဓာပြောင်းလို့ ကျွန်တော့်ကိုယ်ထဲက ထွက်သွားပြီလား မဆိုနိုင်ဘူး။ ကျွန်တော် ဝုန်းခနဲ ထရပ်ပြီး. . .

"ပြောစမ်းပါဦး. . . ဒေါ်ချိုချို. . . ဘာတာဝန်လဲ"

"ဘာ. . . ရှင်က ကျွန်မကို. . ."

"ဟုတ်တယ်. . . ခင်ဗျားကို. . . ကြိုဆိုဖို့ အဖော်လုပ်ပေးဖို့ ကုမ္ပဏီက ကျုပ်ကို ခန့်ထားတာ မဟုတ်ဘူး၊ ကျုပ်မှာ ခင်ဗျားထက် အရေးကြီးတဲ့ အလုပ်တာဝန်တွေ ရှိတယ်. . . ဒီလောက် လိုက်လျော သည်းခံပေးတာကို ကမ်းတက်လာရင်တော့ ကျုပ်အဆိုးမဆိုနဲ့"

အံ့ဩစရာပဲ ပရိသတ်. . . ကျွန်တော် ဒီလောက် ထန်ထန်ပြောပစ်တာကို. . . သူ ဒေါသမထွက်ပဲ ပြုံးတယ်ဗျ. . ဘာမှ မဖြစ်သလိုကို ပြုံးတာ၊ ဒါဘာလဲ. . . အရပ်ထဲက စကားနဲ့ပြောရင်. . . ဘာအထာလဲ. . .။

သေချာတယ် ပရိသတ်၊ ကျွန်တော် ခန့်မှန်းထားသလိုပဲ၊ ဒီမိန်းမ စိတ်သိပ်မမှန်တော့ဘူးဗျ၊ ရုပ်ကလေး သနားကမားနဲ့ စိတ်ပျက်စရာဗျာ၊ ကျွန်တော်လည်း ထရပ်လက်စနဲ့ မထူးဘူးဆိုပြီး သုံးလွှာက ကျွန်တော် အရင်နေခဲ့တဲ့ ဌာနခန်းမှာ သွားထိုင်နေလိုက်တယ်။

ရုံးတက်ချိန်ဆိုတော့. . အခန်းထဲမှာ လူမစုံသေးဘူး၊ ကိုဝင်းရီ နဲ့ စီနီယာ စာရေးကြီး ကိုနောက်နောက်တို့ နှစ်ယောက်ပဲ ရောက်သေးတယ်။ ကိုနောက်နောက်က ကျွန်တော့်ကို ဆရာလို့ ခေါ်ရမှာ. . အားယားလို့လား မသိဘူးဗျ. . . ကျွန်တော်ဝင်လာမှန်း သိလျက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အတင်းငုံ့ချပြီး. . . အလုပ်များနေတဲ့ပုံမျိုး. . .။

"ဟာ. . . ငါတို့ ဌာနခွဲ စာရေးကြီး ကိုနွေဦးမောင်ပါလား ဟေ့"

"ဟုတ်တယ် ကိုဝင်းရီရေ၊ ဒီရာထူးနဲ့ ကျွန်တော်နဲ့ ထောင့် မတည့်ဘူး ထင်တယ်ဗျာ၊ ရာထူးပြန်အပ်လို့ရရင်. . . အပ်ချင်တယ်"

"ဟာ. . . မဟုတ်တာ ကိုနွေဦးမောင်ရာ၊ လစာကငါးသောင်း နဲ့ ရှစ်သောင်း၊ ရာထူးငယ်နဲ့ ရာထူးကြီး၊ ဘဝအခန်းနဲ့ အလှအခန်း၊ အဟာမ်းဟာမ်း. . ."

"တကယ်ပါ ကိုဝင်းရီ. . . ကျွန်တော် ငါးသောင်းနဲ့ပဲ ဒီအခန်း မှာ ပြန်နေချင်တယ်"

ကျွန်တော့်ညည်းတွားသံကြောင့် ကိုနောက်နောက် စိတ်ဝင် စားသွားပြီး လှမ်းကြည့်တယ်၊ မျက်မှန်အပေါ်ကိုင်းကို ဖိချပြီး လှမ်း ကြည့်နေတဲ့ ကိုနောက်နောက် မျက်လုံးတွေ ဌာနခန်း အဝင်ပေါက် ဘက် တစ်ချက်ရွေ့သွားပြီးမှ ထိုင်ရာကနေ ကျွန်တော့်ဆီ ခပ်သွက် သွက် လျှောက်လာတယ်။

"မင်း. . . မင်း ဒီရာထူးကို တကယ် မလိုချင်တော့ဘူးလား နွေဦးမောင်!. . ."

"လုံးဝပဲ. . . ဆရာ. . . တကယ် မလိုချင်တာ"

"အိုကေ. . ဒါ. . ဒါဆို. . ဒီလိုလုပ်ကွာ၊ မင်း ဒီရာထူးရ အောင်လုပ်တဲ့. . အမှန်အကန် နည်းလေး ငါ့ကို ပြောပြလေ"

ကိုနောက်နောက် ကျွန်တော်တို့ အနီးကို ဗျက်တင်းလို မီးခိုးတန်းလန်းနဲ့ မလာဘဲ၊ စကားတန်းလန်းနဲ့ ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာနည်းလဲ!. . . "

"ဟိုကွာ. . လေ. . . လေလည်တဲ့နည်းလေ၊ မင်းလေလည်တဲ့ပုံစံလေး ပြောပြရင် ရပြီ. . . "

"ဟာ. . . ဆရာ. . . ဘာလဲဗျာ!. . စိတ်ရှုပ်ရတဲ့အထဲ"

"မဟုတ်ဘူးလေ. . . မင်းပဲ လေလည်တဲ့ ပြဿနာနဲ့ ရုံးတက်ရပြီး ရာထူး"

"အဲ့ဒါ. . . ရူးတာ. . ကျွန်တော် မရူးဘူး. . . ဆရာတို့ ရူးနေတာ. . . ကျွက်. . . စိတ်ရှုပ်လို့ တောထဲ သွားထိုင်ကာမှ စာဘူးတောင်း ခေါင်းပေါ် ပြုတ်ကျရတယ်လို့. . . "

"ကမ်းနဖူးထိုင်လို့ သပွတ်အူ မျောတယ် လုပ်စမ်းပါကွာ"

"အဲဒါက ရိုးနေပြီ"

"နေစမ်းပါဦး. . . လစာ. . ငါးသောင်းကနေ ရှစ်သောင်းအထိ. . . ရာထူးတက်ပေးတာကို ဘာတွေ ဒီလောက်စိတ်ညစ်နေရတာတုန်း"

ကျွန်တော်လည်း ရင်ထဲ ကြပ်ခဲနေလို့ ပြောပြလိုက်တယ် ပရိသတ်ရယ်. . . အိမ်မှာ ညစ်ရတဲ့အကြောင်း၊ ရုံးမှာ ညစ်ရတဲ့အကြောင်း၊ ကျွန်တော့်အထင် နားထောင်ရင်း. . . အော်ဂလီ ဆန်သလို ဖြစ်လာကြလိမ့်မယ်ပေါ့၊ ကျွန်တော်က အဲ့သလို ခံစားနေရတာလေ၊ အမယ်. . . သူတို့က မဟုတ်ဘူးဗျ၊ ပြောလေ. . . ပြုံးလေ၊ ပြောလေပြုံးလေ ဖြစ်လာလို့. . .

"ဟော့လူတွေ. . ကျုပ်နောက်ပြောင်တယ်များ မှတ်နေလား!"

"မမှတ်ပါဘူး. . . မင်းကိုက တော်းကြီး ကျနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ. ."

"ဟုတ်တယ် နွေဦးမောင်. . ကျွန်တော့်အမြင်မှာတော့ ဒေါ်ချို ချို ခင်ဗျားကို စိတ်ဝင်စားနေတာ သေချာတယ်. . ."

"မဖြစ်နိုင်ဘူး. . . လုံးလုံးကြီး ဝအောင်မဖြစ်နိုင်ဘူး. . ."

"ဟုတ်ပြီလေ. . . ကျွန်တော် ပြောပြမယ်၊ သူ့ရာထူး၊ သူ့ရုပ်ရည်၊ သူ့အဆင့်အတန်းနဲ့. . . ဒီလောက်လိုက်လျောနေတာ ဘာကြောင့်လဲ၊ ရော်နယ်ဒို. . . ရက်ကွက်ပွဲလေး ဆင်းကန်တဲ့ကိစ္စကတော့ မေတ္တာနဲ့ ကူညီတာကလွဲလို့ ကျန်တာ မဖြစ်နိုင်ဘူးဗျာ. . ."

ကိုနောက်နောက် ဘာပြောဦးမလဲလို့. . . လှည့်ကြည့်မိတော့ အမ်ဘီ. . . ဘီစကစ် ကြော်ငြာထဲက ဦးသုမောင်ကြီး ဘီစကစ် လှမ်းကျွေးရင်း ကြည့်တဲ့မျက်လုံးမျိုးနဲ့ ကျွန်တော့်ကို ကြည့်နေတာ. . ပရိသတ်ရေ၊ ဒါပေမယ့် သူ့လက်ထဲက ဘော(လ်)ပင်ကိုတော့ မကျွေးဘူးဗျ။

ပြီးမှ. . .

"လေးစားတယ်ကွာ. . . မိန်းမတစ်ယောက် မင်းကို တန်းတန်းစွဲ စိတ်ဝင်စားသလိုမျိုး. . . ငါ့ဘဝမှာ တစ်ခါမှ မကြုံခဲ့ရဖူးဘူး၊ အခု ယူထားတဲ့မိန်းမကိုတောင် အောင်သွယ်က မနက်ပိုင်း လာစပ်ပြီး နေ့ခင်းပိုင်း အပြီးယူထားလိုက်လို့ရတာ. . . နွေဦးမောင်၊ မဟုတ်ရင် တော့ ငါလည်း ခုချိန်ထိ. . . လူပျိုကြီးပဲ. . ."

"ဆရာ အဲ့ဒီစကားလုံးက အသုံးအနှုန်း လွဲနေတယ်"

"ဟေ!. . ."

ကိုဝင်းရှိ ဖြတ်ပြောလိုက်တဲ့ စကားကို. . . ကျွန်တော်ရော. .



www.burmeseclassic.com

www.burmeseclassic.com



စိနီယာပါ စိတ်ဝင်စားသွားတယ်. . .။

"လူမှန်ရင် လူသားတာဝန်ကို ကျေဖို့တော့ လိုတယ်၊ ကြီးကြီး ကျယ်ကျယ် ပြောရရင်. . . မြေကြီး ကျေးဇူးဆပ်ရမယ်ပေါ့ဗျာ. . ."

"အမယ်. . . လုပ်စမ်းပါဦး. . . ပစ်တိုင်းထောင်ရဲ့"

ကိုဝင်းရီက စကားနည်းတဲ့ လူအေးတစ်ယောက်မို့လို့ သူ့ကို ပစ်တိုင်းထောင်လို့ နာမည်ပေးထားတာပါ၊ ပြုံးပြုံး,ပြုံးပြုံးနဲ့ တကုန်းကုန်းသာ လုပ်ကိုင်နေတာ. . . ပြောခဲ့တယ်။ တစ်ခါတုန်းက. . . MD ရုံးက အတွင်းရေးမှူးမလေး ခွင့်ယူသွားလို့ ကိုဝင်းရီကို. . . ယာယီ တာဝန်နဲ့ ခဏပို့လိုက်တာ. . MD ဆီက ညွှန်ကြားချက် ရောက်လာလို့ လူပြန်လဲပေးလိုက်ရတယ်။

ဘာကြောင့်လဲလို့ နီးစပ်ရာကို တီးတိုးမေးကြည့်တော့ MD က ညည်းတယ်တဲ့၊ "ဒီလူနဲ့ တစ်ခန်းတည်း အတူနေရရင်. . ငါ ဖျင်းပြီးသေလိမ့်မယ်တဲ့. . ." ကိုဝင်းရီက အဲ့သလို အဲ့သလို။

"ကမ္ဘာမြေရဲ့ကျေးဇူးကြောင့်. . လူသားတွေ. . အသက်ရှင် ရပ်တည်ခွင့် ရတယ်ဆိုတာ. . . လူတွေရဲ့မွေးရာပါ အသိတရား တစ်ခုပါ ဆရာ၊ ဒါကြောင့် လူသားတွေက. . သူတို့ရဲ့ကျေးဇူးရှင်. . ကမ္ဘာကြီးရဲ့ကျန်းမာရေးကို. . ဆွေစဉ်မျိုးဆက် ပြန်ပြီးဂရုစိုက် စောင့် ရှောက်သင့်တယ်. . ."

ကိုနောက်နောက်က. . လက်ဖျစ်တီး ခေါင်းညိတ်ပြီး ထောက် ခံရင်း. . .

"ဟုတ်တယ်. . ငါတောင် ကျေးဇူးဆပ်ချင်လို့. . အိုဇုန်းလွှာ ပေါက်နေတဲ့နေရာကို. . . အိုးဖာတိတ်နဲ့ တက်ဖာပေးရင်ကောင်းမ



www.burmeseclassic.com

www.burmeseclassic.com



လားလို့. . .”

သူ့စကားကို ရယ်ပေါ့ပစ်လို့ ကိုဝင်းရီ နင်သွားပြီး. . .

“မြင့်လွန်းပါတယ် ဆရာရယ်. . . မြောက်ဝင်ရိုးစွန်းမှာ ရေခဲတွေ ပျော်ကျနေတဲ့ကိစ္စ. . စပါးခွံ သွားအုံပေးတာလောက်ပဲ လုပ်လိုက်ပါ”

ကျွန်တော်လည်း အပြန်ကို ပင်ဂွင်းငှက်တစ်ကောင်လောက် လက်ဆောင်ယူခဲ့ပါလို့ မှာချင်ပေမယ့် စကားလမ်းကြောင်း မပျောက်အောင်. . . ပြန်တည့်ပေးလိုက်တယ်။

“ထားလိုက်ပါတော့. . လိုအပ်ရင် ကျွန်တော်လည်း လုပ်အားပေးပါ့မယ်၊ ဆက်ပြောပါဦး ကိုဝင်းရီ. . .”

ကိုဝင်းရီ သိပ်ဖီလင်မလာတော့ပေမယ့် ကျွန်တော့်ကို အားနာပြီး ဆက်ပြောရှာပါတယ်။

“လွယ်ပါတယ်ကွာ ကမ္ဘာမြေရဲ့ကျန်းမာရေးကို စောင့်ကြည့်ဖို့ လူသားမျိုးဆက် တုံးသွားလို့ မဖြစ်ဘူး၊ ဒါကြောင့် ကိုယ့်တာဝန် ကိုယ်ယူတဲ့အနေနဲ့. . . ကိုယ့်ရဲ့မျိုးဆက်သစ်တွေ. . . ဖြစ်ထွန်းလာအောင် ကြံဆောင်ပေးရမယ်. . အိမ်ထောင်ပြုရမယ်၊ သားသမီး ထွန်းကားပေးရမယ်. . . ဒါဟာ လူသားတာဝန်ပဲ၊ ဒီတာဝန်ကို မကျေပွန်တဲ့လူဟာ ကမ္ဘာမြေအတွက် မစွမ်းဆောင်ဘဲ ပိုလျှံနေတဲ့လူ ဖြစ်နေလို့ လူပျိုကြီးလို့ ပြောမယ့်အစား “လူပိုကြီး” လို့ သုံးနှုန်းတာ ပိုသင့်တယ်၊ မိန်းမတွေဆိုရင်လည်း အပျိုကြီး မဟုတ်တော့ဘူး၊ “အပိုကြီး” ဖြစ်သွားပြီဗျ၊ ကျွန်တော်ပြောချင်တာ ဒါပဲ. . .”

ကိုဝင်းရီ ကျွန်တော့်ကို မရည်ရွယ်ပေမယ့် စကားလုံးတိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ပြေးပြေးမှန်တာ ပရိသတ်ရေ. . . ခဲလုံးလောက်သာမာရင်. . . ကျွန်တော်လည်း ခုလောက်ဆို ဖူးယောင်နေမလား မသိဘူး၊ ဒါပေမယ့် စိတ်ထဲမှာတော့ နည်းနည်းဖုသွားတယ်။

လောလောဆယ် ဒီအခန်းထဲမှာ. . ကိုဝင်းရီက အိမ်ထောင်စောစောပြုထားလို့ ကလေးသုံးယောက်အဖေ။ ကိုနောက်နောက်ကလည်း(အော်တိုမွေးလေးယောက်) အပါအဝင်. . ကလေးငါးယောက်အဖေ။ ကျွန်တော်သာ တုံးတိ လူပိုဖြစ်နေပြီလေ။

ကျွန်တော် ရင်ထဲက မခံနိုင်တော့၍ ထရပ်လိုက်ရတယ်။

"ဟ. . . ပြန်တော့မလား!"

"မပြန်ပါဘူး. . . ရုံးခန်းကို သွားမလို့"

ကျွန်တော်ထွက်သွားတာကို ကိုဝင်းရီ ဘယ်လိုမြင်သလဲ မသိဘူး. . နောက်ကနေ ပြေးလိုက်လာတယ်. . . ။

"ကျွန်တော် ခင်ဗျားကို စော်ကားသလို ဖြစ်သွားရင် တောင်းပန်ပါတယ်. . . "

"ဟာ. . . မဟုတ်တာပဲ ကိုဝင်းရီရယ်၊ ခင်ဗျားပြောတာ မှန်ပါတယ်. . . ကျွန်တော်က လူပိုကြီးတစ်ယောက်ပဲ. . . ခင်ဗျားပြောတဲ့အတိုင်း လူသားတာဝန်ကျေအောင် ကြိုးစားရမှာပေါ့"

"ခင်ဗျား စိတ်ရင်းနဲ့ ပြောတာရော ဟုတ်ရဲ့လားဗျာ!. . "

"တကယ် စိတ်ရင်းပါ. . . ကျွန်တော်လည်း ကမ္ဘာကြီးကို ကျေးဇူးဆပ်ရမယ်"

ပြောရင်းနဲ့ ကိုဝင်းရီလက်ကို ဆွဲယူဆုပ်ကိုင်လိုက်တယ်။

"ကျေးဇူးပဲ. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲဗျ!. . ."

"ကျွန်တော့်ကို သတိပေးတဲ့အတွက်ပါ၊ ကြိုးစားမယ်ဗျာ"

အဲ့ဒီနောက်တော့ ဘာရယ်မဟုတ်ပဲ. . . ကျွန်တော်တို့ နှစ်ယောက် ပြိုင်တူရယ်ပစ်လိုက်ကြတယ်။


လောလောဆယ်တော့ ရယ်မောခြင်းရဲ့ကျေးဇူးကြောင့်. . . ကျွန်တော့်ရင်ထဲ ပေါ့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အမုန်းတရားနဲ့ အမှားတရားက...
ကျောနဲ့ရင်လို ညှပ်ထားတဲ့အတွက်...
ကြားက..ကလီစာတွေ..သနားစရာပါပဲ...(အဲ့ဒီအချိန်မှာ)
ကံတရားက..သားသတ်သမား..ဓါးနဲ့...
ငါ့ရဲ့စိတ်ချုံထဲက ထွက်လာတယ်။
"ရှလော..."(သေချာတယ်လေ)
ပါးပါးလှီး၊ ကြီးကြီးစား၊ များများမြိုတော့မယ်ဆိုတာ...
ကဲ... ချိုချင်ချို၊ မချိုချင်နေ...
ငါ့ကိုယ်ငါပဲ ပြန်မြိုပစ်လိုက်မယ်။
"ဂလု"
ရေ...ရေပေးပါ...။




www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ခြောက် ]

ကိုဝင်းရီ စကားနဲ့ မှိုတက်နေတဲ့ ရင်ဘတ်ကို. . ဆပ်ပြာနဲ့ လျှော်ပြီး. . ရင်ကော့လျှောက်ဖို့ ဆုံးဖြတ်ထားတဲ့စိတ်တွေ. . . အိမ်ရှေ့ရောက်မှ. . . ကစဉ့်ကလျား ဖြစ်ကုန်ကြတယ်။

ခြံရှေ့မှာ ရပ်ထားတဲ့ လင့်ခရူဇာကားကြီး ဘေးကနေ. . . ဘွားခနဲ ပေါ်လာတဲ့ မပျိုကြီးက. . .

"မျှော်လိုက်ရတာ. . . မမောင်ရယ်. . . နောက်ကျနေလို့ စိုးရိမ်နေတာ၊ ဒါ. . ဘယ်သူ့ကားလဲ မမောင် စဉ်းစားကြည့်စမ်း. . . အခစ်ခစ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး. . ."

"ဟင်. . . မသိဘူး ဟုတ်လား!"

"ဘယ်သိမှာလဲ. . !"

မမျိုးကြီးရဲ့ညုတုတု. . . အပြုံးနဲ့အသံတွေ. . . ရုတ်ချည်း ပျောက်သွားပြီး နားမလည်သလို မျက်မှောင်ကုတ် ကြည့်လိုက်တဲ့ တစ်ချက်မျှ၊ စိတ်ကို. . . ချမ်းသာသွားတာပဲ၊ တကယ်ပါ။

ဟိုတုန်းက. . . ဘာမှပတ်သက်မှု မရှိသေးတဲ့ကာလထဲ ရုတ်ချည်း ပြန်ရောက်သွားသလိုပဲ၊ လူကို လွတ်မြောက်ပေါ့သွားတာ၊ စဉ်းစားသာ ကြည့်ပေါ့ ပရိသတ်ရယ်. . . သူနဲ့ကျွန်တော်က. . ဘာမို့လို့ မျှော်ရ စိုးရိမ်နေရတာလဲ၊ ပြီးတော့. . မ. . မောင်. တဲ့၊ ဒီလိုကြီးတော့. . . နည်းနည်းလွန်လာပြီ. . . ရုံးက ဒေါ်ချိုချိုကိုတောင်. . . ဒီနေ့ပဲ တုတ်ထားခဲ့တာ၊ ဒင်းက အဆစ်ပါချင်နေပြီ. . . ကျွန်တော့်စိတ်ထဲမှာလည်း ဒီအသံ ဒီဟန်ကြီးကို အတော်မရိုးမရွ ဖြစ်နေပြီ. . .။

"သမီးရေ. . . ကလေးခဏခေါ်စမ်းပါဦး. . အမေ. . ရေ နွေးသွားထည့်မလို့. . ."

"ဩော်. . . ဟုတ်. . . လာပြီ အမေ၊ မောင်လေး. . ကဲ. . နောက်မှ စဉ်းစား၊ အိမ်ပေါ်မှာ ဘယ်သူရောက်နေလဲလို့ ကြည့်စမ်းပါ ဦး"

ပြောပြီး လုံးလုံး,လုံးလုံးနဲ့ သူအရင်ပြေးတက်သွားတယ်၊ ပြီး တော့ သူ့အမေဆီကနေ. . . ကလေးလေးကို ပွေ့ယူလာပြီး အိမ် ပေါက်ဝကို ပြန်လျှောက်လာတယ်၊ ကလေးက. . . ဟိုဖက်ခန်းက ညော့်သည်ရဲ့ကလေးပါ၊ ညော့်သည်တွေ တစ်နေရာ သွားလို့ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ခဏထားခဲ့တာ ဖြစ်ရမယ်. . .။

"မမောင်ရေ. . ကြည့်ပါဦးကွယ်၊ သားလေးက ချစ်စရာကြီး နော်. . အဟင်းဟင်း. . ."

ကျွန်တော် အန်ချင်စိတ်ကို မြိုချပြီး အိမ်ထဲအဝင် ညည့်ခန်း ဆက်တီပေါ်မှာ ထိုင်ပြီး ရှုတည်တည်ကြီး လှမ်းကြည့်နေတဲ့. . ဦး သာဗျောကို ရုတ်တရက် မြင်လိုက်ရလို့. . . ဝမ်းသာသွားပြီး. . .

"ဟာ. . . ဦးလေး. . ."

"လာစမ်းပါဦး. . . နွေဦးမောင်"

"ဟုတ်. . ဟုတ်ကဲ့ ဦးလေး. . ဘယ်အချိန်က ရောက်တာလဲ ဗျ၊ လာမယ်ဆိုလည်း ဖုန်းလေးဘာလေး ဆက်ရောပေါ့၊ မဆိုးဘူး. . ဦးလေး အိမ်လိပ်စာကို တွေ့အောင် ရှာနိုင်သားပဲ"

"ဟော့ကောင်. . . အပိုတွေ မပြောနဲ့ကွာ၊ မင်းအိမ်ထောင်ပြု တဲ့ကိစ္စ. . . ငါ့ကို ဘာလို့ အကြောင်းမကြားတာလဲ!"

"ဗျာ. . . ဘယ်. . ဘယ်က အိမ်ထောင်လဲ"

ကျွန်တော်. . . ပြူးတူးပြဲတဲ. . . ပြန်မေးတာကို. . ဦးသာ ဗျောက. . .

"တော်တော့ နွေဦးမောင်. . . မင်းဒီလိုလုပ်တာကတော့ မကောင်းဘူးကွာ . . အကုန်လွဲပြီ. . အကုန်လွဲပြီကွ. . မင်းသိလား"

"ခင်ဗျာ. . ဦးလေး. . ဘာတွေပြောနေတာလဲ!. . ."

"တယ်. . . ငါထရိုက်မိတော့မယ်. . . အခု ဒီအိမ်က မင်း ယောက္ခမအိမ်လား၊ မင်းအိမ်လား!"

"ခင်. . ခင်ဗျာ. . . ဒါ. . ဒါက. . သူ သူတို့အိမ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . . ကြောင်တောင်တောင်နဲ့၊ မိန်းမရော. . . ကလေးရော၊ ယောက္ခမရော၊ ယောက္ခမအိမ်မှာ နေနေတာရော ငါ့ မျက်စိ. . . မြင်နေရတာတောင်. . . မင်းက. . ."

"ဟာ. . . ဦးလေး"

"ဘာလဲကွ!. . ."

"ဒါ ဘာမှမတော်ဘူး. . . သူတို့က အိမ်ရှင်. . ကျွန်တော်က အိမ်ငှါး. . ."

"ဟေ. . . ဟုတ်လှချည်လား၊ မင်းတို့ ရန်ကုန်မှာ. . အိမ်ရှင် အိမ်ငှါး တစ်အိမ်တည်း တစ်ခန်းတည်း နေကြလား!"

ကျွန်တော့် တစ်ကိုယ်လုံး ထူပူသွားပြီး ဟိုဝတုတ်မ သားအမိ ကို အစိမ်းလိုက် ဝါးစားချင်စိတ် ပေါက်သွားတယ်၊ ကျွန်တော် နည်း နည်း ရိုင်းချင်ရိုင်းမယ် ပရိသတ်၊ ဒါပေမယ့် ဒီလိုချည်းဗျာ။ ကျွန်တော် ထောင်းခနဲ ဒေါသဖြစ်သွားပြီး. . .

"ကဲ. . . ခင်ဗျားတို့ သားအမိ လာရှင်း. . . ကျုပ်သိက္ခာတွေ တစ်ပြားသားမှ မကျန်အောင်လုပ်တာ. . . ခင်ဗျားတို့သားအမိပဲ၊ လာ ရှင်း. . . လာ. . ."

"ရှင်းစရာ မလိုပါဘူး မောင်နွေဦးမောင်. . . မင်းကိုယ်မင်း လည်း သိပ်ပြီး နားထင်သွေးရောက်မနေစမ်းပါနဲ့"

ကျွန်တော် ကြောင်အ,ပြီး လှည့်အကြည့်. . မပျိုကြီး သူ့ အမေဆီ. . ကလေးလှမ်းပေး၊ ကျွန်တော့်ဆီ လွှားခနဲ. . . ခုန်မဝင်ရုံ တမယ် ရောက်လာတယ်. . ။ ပြီးတော့ သူ့ဗလကြီးနဲ့ ကျွန်တော့် ရင်ဘတ်အကျီကို လှမ်းဆွဲပြီး. . . မ,တင်လိုက်တာ. . . ဝုန်းခနဲပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိပ်လွန်လွန်းသွားပြီ နွေဦးမောင်၊ ငါက နင့်ကို မောင်နှမစိတ်နဲ့ ဆက်ဆံတာ၊ နင်က. . ခွေးစိတ်နဲ့ ငါ့ကို တွက်တယ်. . . အခုလည်း နင်တို့ဘာသာ မြင်ချင်တာ မြင်ပြီး. . . ထင်ရာစိုင်း. . . ပြောနေကြတာ၊ ငါတို့သားအမိနဲ့ ဘာဆိုင်လဲ. . . ဘာဆိုင်လဲ"

"ဖြည်းဖြည်းအော်ပါဗျာ. . . သွားတွေထွက်ကုန်ပါဦးမယ်"

"အိမ်ပေါ်တက်ပြီး. . . စော်ကားတဲ့ နင်တို့နှစ်ယောက်ကို ရပ်ကွက် လူကြီးနဲ့ တိုင်မယ်၊ အမျိုးသမီးရေးရာနဲ့ တိုင်မယ်"

"ဟား . ဟေ့. . . ဟေ့ သမီးလေး. . ဦးလေး. . ဦးလေးတို့က လူကြီးလူကောင်း. . ."

"ဘာကောင်းလဲ. . ဘာကောင်းတာလဲ၊ အမေ. . . ရပ်ကွက်လူကြီး ခေါ်ပေး. . ."

"အဲ့. . အဲ့သလိုတော့ မလုပ်ပါနဲ့ မပျိုကြီး. . . ဦးလေးမှ မဟုတ်ဘူး၊ အကြောင်းမသိရင်. . . ဘယ်သူဖြစ်ဖြစ် ဒီလိုပဲ ထင်ကြမှာပဲ၊ ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း ရှက်ပြီး. . ."

"သြော်. . မင်းတစ်ယောက်ထဲ ရှက်တတ်လား၊ ငါလည်း အပျိုစစ်စစ်ပါဟဲ့. . . နင်ကများ ယောကျ်ားဖြစ်ပြီး. . ဟင်း. . ."

"ကဲ. . ကဲ. . . ကဲ တူမကြီးတို့ သားအမိကို. . ဦးလေး အနူးအညွတ် တောင်းပန်ပါတယ်ကွယ်၊ မစူးမစမ်း မဆင်ခြင်တဲ့ ဦးလေးရဲ့ အမှားပါ. . ကိုင်း. . မောင်နွေဦးမောင် မင်းပစ္စည်းတွေယူ ကားပေါ်တင်. . ဘာပဲဖြစ်ဖြစ် မိန်းမသားတွေရဲ့ဂုဏ်သိက္ခာကို ငဲ့ပြီး မင်းဒီလို မနေသင့်ဘူး. . ."

"ဟုတ်. . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဟုတ်ကဲ့လဲ၊ မင်း စာချုပ်နဲ့ နေတာနော်. . စာချုပ်အရ. . . နောက်ထပ်နှစ်လကျန်သေးတယ်၊ ဆက်ပြီးနေရမယ်"

"ဟာ. . မပျိုကြီး. . အခုပဲ ကျွန်တော့်ကို တိုင်မယ်တောမယ် ဆိုပြီးတော့. . ."

"အဲ့ဒါက. . ငါလည်း မင်းလိုပဲ ရှတ်တရက် ရှက်မွန်ပြီး ပြောမိတာ. . ."

ဘုရားရေ. . . ရှက်ရုံလေး ရှက်လို့ပဲ. . . ဒေါသများ ဖြစ်ရင် မောင်းထဲ ထည့်ထောင်းပစ်မလား မသိဘူး ပရိသတ်ရေ၊ ဒါပေမယ့် ကျွန်တော် ဆက်နေလို့ မဖြစ်တော့ဘူးဆိုတာ စိတ်က သိနေတယ်။ ဦးလေးလည်း ရောက်လာပြီ။ ကိုင်း. . .။

"ဒါဆိုလည်း နေပါ့မယ်. . အခု. . ကျွန်တော့်ဦးလေးကို လိုက်ပို့ပါရစေဦး. . . ပြန်မှပဲ ထမင်းစားတော့မယ်၊ ကဲ. . လာလာ ဦးလေး. . ."

ပြောပြီး သူတို့ဆီက. . . စကားသံတစ်သံမှ. . . ထွက်မလာခင်. . . ဦးသာဗျော လက်ကို ဆွဲပြီး အိမ်ပေါ်က. . . ခပ်သုတ်သုတ် ဆင်းလာခဲ့ကြတယ်။

"ဦးလေး မြန်မြန်တက်. . သော့. . သော့ပေး. . ကျွန်တော် မောင်းမယ်. . ."

ကျွန်တော် ယာဉ်မောင်းခန်းထဲအရောက် မပျိုကြီး လိုက်ဆင်းလာပြီး. . .

"မ. . မောင် မကြာနဲ့နော်၊ ထမင်းစားဖို့ စောင့်နေမှာ. . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းမညိတ် ခေါင်းလည်းမခါဘဲ. . ကားကိုသာ အမိအရ စက်နှိုးပြီး ခပ်သုတ်သုတ်. . မောင်းထွက်ပစ်လိုက်တယ် ပရိသတ်ရယ်. . .။

အောင်မငိုးလို့ အော်ပြီး. . . ကိုယ့်ရင်ဘတ်ကိုယ်. . . ပတ်မကြီးလို ထုထုပြီး ငိုပစ်ချင်တော့တာဗျာ. . ပရိသတ်တို့ အမြင်အသိပဲ၊ ကျွန်တော် ဘာမှားခဲ့လဲဗျာ၊ ကံကောင်းလို့သာ တူဝရီးနှစ်ယောက်လုံး ထောင်မကျတာ၊ ဟူး. . . တော်ပါပြီ. . . ဒီတစ်သက် လူပိုကြီး မကလို့ လူပုပ်ကြီးပဲ ဖြစ်ဖြစ်. . . ကျွန်တော် မိန်းမတွေကို ကြောက်သွားပြီ။

တကယ်ဆို. . ဦးသာဗျော. . ထင်ယောင်ထင်မှား ဖြစ်သွားတဲ့အချိန်မှာ သူ့ဘက်က ချော်လဲရောထိုင်ပစ်မယ်. . ၊ ပွေ့ထားတဲ့ ကလေးကိုတောင် သူနဲ့ကျွန်တော် ရခဲ့တဲ့ကလေးလိုလို ပြောရမယ်. . ဒီလိုပြောရင်တော့ သူမကို ယုတ်မာကောက်ကျစ်တာပဲလို့ ထင်မှာပဲ။

ဒီတော့. . သူက. . အမျိုးကောင်းသမီးဆိုတော့ အဲ့သလို ကလိန်စေ့ ငြမ်းဆင်ပြီး မယုတ်မာချင်ဘူး၊ အမှန်အတိုင်း ရိုးရိုးကြီး ဖွင့်ပစ်ပြီးမှ၊ ပြောင်. . . ပြန်ချုပ်မယ့်. . . အကွက်ကြီး၊ အားလာလာ နောက်ဆုံးတော့. . ရိုးရိုးသားသားစိတ်နဲ့ ခြောက်တာကလား. . ။

သတိထား ပရိသတ်ရေ၊ လောကမှာ. . . ရိုးသားတယ်၊ ပွင့်လင်းတယ်. . . ဆိုတိုင်းလည်း လျှော့မတွက်မိစေနဲ့ဗျာ၊ ကျွန်တော်လက်တွေ့ပဲ. . . ဒါ အရိုးခံအကွက် ခေါ်တယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၁၁ ]

ကျွဲဝရီးနှစ်ယောက် ကြောက်ကြောက်လန့်လန့်နဲ့ မောင်းသာမောင်းလာခဲ့ရတယ်. . ဘယ်ကိုသွားရမယ်ဆိုတာ မသိဘူးဗျ. . လောလောဆယ် ဗိုက်အတော်ဆာနေတာနဲ့ 'မနုဖြူဒေါ်စောရီ' ထမင်းဆိုင်ရှေ့မှာ ကားထိုးရပ်ပြီး. . . ဦးသာဗျောနဲ့ ထမင်းဝင်စားကြတယ်. ရန်ကုန်ရောက်လာတဲ့ ကာလတစ်လျှောက် ဗိုက်ဆံကို ကျကျနနသုံးဖို့ စဉ်းစားတာ. . . ဒါ ပထမဦးဆုံးအကြိမ်ပဲ ပရိသတ်ရာ။

လန့်ဖြတ်ပြီး ဆာတာလား၊ ဆာလို့ ဆာတာလား၊ စားရတာ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကောင်းမှကောင်း၊ ထောင်းသိပ်သလိုကို. . . စားပစ်တာ။ စားသောက်ပြီးမှ. . . အအေးတစ်ခွက်စီ မှာသောက်ရင်း. . .

"ကဲ. . . ဦးလေး၊ ကျွန်တော်တို့ ဒီည ဘယ်မှာ တည်းကြမလဲ!. . ."

"ဟေ. . . ငါက. . . ငါ့နှမကြီးအိမ်မှာ သွားတည်းမယ်လေ၊ မင်းက ပြန်မှာ မဟုတ်ဘူးလား!. . ."

"မပြန်ဘူး. . . ဘယ်တော့မှ မပြန်ဘူး"

"ဟင်. . . မင်းပစ္စည်းတွေက. . ."

"အဆုံးခံမယ်ဗျာ. . . လူမဆုံးတာပဲ တော်ပြီ၊ ပြန်သွားရင် လူပါ ပြန်မလာနိုင်တော့တဲ့ဘဝ ရောက်သွားမယ်. . . ဒီတော့. . . ဦးလေးနဲ့ အတူတူပဲ. . . လိုက်တည်းမယ်"

ဦးသာဗျောက. . . ကျွန်တော်ပြောတာကို နားထောင်ပြီး ကျွန်တော့်ကိုလည်း အကဲခတ်သလို ကြည့်နေတယ်ဗျ။

ခဏကြာမှ. . .

"မင်းတကယ်ပဲ သူတို့နဲ့ ဘာမှမပတ်သက်ဘူးလား"

"တာ. . . ဦးလေးရာ. . . ဘုရားပေးပေး ကျမ်းပေးပေး၊ ဘာမှကို မပတ်သက်တာ၊ ဖြစ်ပုံက ဒီလို. . ."

အဲ့ဒါနဲ့ ကျွန်တော်လည်း. . . ဘဝကြေးမုံ ဇာတ်လမ်းစုံကို တတုန်ကယင်နဲ့ အကုန်ခင်းပြလိုက်တယ် ပရိသတ်ရေ။ ဦးသဗျော တလည်း ဘာကို ဘယ်လို စိတ်ဝင်စားပြီး မျက်တောင်မခတ်စတမ်း နားထောင်တယ် မသိဘူးဗျ။

"အင်း. . . ဒါဆိုလည်း ပြီးရောကွာ. . . ကဲ. . . ထမင်းဖိုးရှင်း



www.burmeseclassic.com

www.burmeseclassic.com



တော့. . . သွားကြမယ်. . .”

ကျွန်တော်လည်း ရှင်းလိုက်တယ်၊ ကားကိုလည်း ကျွန်တော်ပဲ ဆက်မောင်းတာပေါ့ဗျာ၊ လမ်းကိုတော့ ဦးသာဗျော က ညွှန်တာဗျ၊ မန္တလေးက ရောက်လာတဲ့ ညည့်သည်က. . . ရန်ကုန်မှာ နေတဲ့လူကို ဟိုလမ်းမောင်း၊ ဒီလမ်းမောင်း ပြောနေတာ သိပ်တော့ နေရာမကျလှ ဘူး၊ ဒါပေမယ့် ကိုယ်မှ မသိဘဲကိုး. . .။

“အေး. . . အေး. . . အဲ့ဒီလမ်းသွယ်ထိပ်က ခြံပဲ. . ဟွန်းတီး လိုက်. .”

ပရိသတ်ရေ. . . ဦးသာဗျော. . ညီမကြီးက သူဌေးစာရင်း ဝင်ပဲဗျ၊ ရန်ကုန်မှာ ဒီလိုခြံကြီး. . . တိုက်ကြီးနဲ့ အခန့်သား နေနိုင်တဲ့ အင်အားက နည်းတာမှတ်လို့၊ အသက်လတ်လတ် လူတစ်ယောက်က ခြံတံခါး လာဖွင့်ပေးတော့ ကျွန်တော်လည်း ဘီးလှိမ့်ဝင်လိုက်တယ်။

ဝင်ရင်းနဲ့ တံခါးလာဖွင့်ပေးတဲ့လူကို အမှတ်တမဲ့ ကြည့်မိပြီး စိတ်ထဲမှာ. . . မြင်ဖူးသလို ရင်းနှီးသလို ခံစားလိုက်ရတယ်ဗျ။

“ကားကို အဲ့ဒီမှာပဲ ရပ်ကွာ၊ မောင်စိမ်း သူ့ဘာသာ ဂိုဒေါင် ထဲ သွင်းလိမ့်မယ်. . .”

ကျွန်တော်လည်း ဦးသာဗျော ပြောတဲ့အတိုင်း ရပ်ထားပေးခဲ့ ပြီး ဆင်းလာခဲ့တာပေါ့ဗျာ။ အဆောက်အဦးကလည်း ကောင်းမှ ကောင်းဗျ။ အမေရိကန်သမ္မတ. . . အိမ်ဖြူတော်တောင် ဒီလောက် ခန့်ငြားမယ် မထင်ဘူး. . .။

“လာပါကွ. . ဘာ. . တွန့်ဆုတ်. . တွန့်ဆုတ် လုပ်နေတာလဲ၊ မင်း ငမွဲလို နေလို့. . ငမွဲစိတ် ဝင်နေပြီ မဟုတ်လား!. .”



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . အဲ့သလိုတော့ မဟုတ်ပါဘူး ဦးလေးရာ. . . ဒါပေမယ့် နည်းနည်းတော့. . ."

ကျွန်တော်တို့နှစ်ယောက်ကလွဲလို့ ဧည့်ခန်းထဲမှာ ဘယ်သူမှ ရှိမနေဘူးဗျ. . . ဒါပေမယ့် ဦးသာဗျောက သူ့အိမ်သူ့ယာလို ခပ်သွက်သွက် ခပ်ပေါ့ပေါ့ပဲ ဝင်ပြီး ကျွန်တော့်ကို. . . ဆက်တီဝိုင်းမှာ. . . ထိုင်ခိုင်းထားတယ်။

ခဏကြာတော့ မောင်စိမ်းဆိုတဲ့လူ ဝင်လာတယ်ဗျ။

"မောင်စိမ်းရေ. . . မင်းကိုးဒေါ်နဲ့. . . မင်းတူမကို ပြောလိုက်၊ ငါတို့ ရောက်ပြီလို့. . ."

"ဟုတ်ကဲ့ ဦးကြီး. . ."

မောင်စိမ်းဆိုတဲ့လူ ထွက်သွားပြီး. . . အပေါ်ထပ် လှေခါး အတိုင်း တက်သွားမှ. . .

"အခု ငါပြောတဲ့စကားကို မင်းသေချာနားထောင်. . . နွေဦးမောင်. . ."

"ဟုတ်ကဲ့. . . ပြောပါ ဦးလေး"

"တကယ်တော့. . . အခု မင်းမောင်းလာတဲ့ကား အပါအဝင် ဒီအိမ်နဲ့ ဒီခြံဟာ မင်းပိုင်ဆိုင်တဲ့အရာတွေပဲ"

"ဗျာ. . ."

"ဒီလိုကွာ. . . ဆရာက သူမဆုံးခင် မင်းအတွက် မင်း အိမ်ထောင်ကျရင် နေဖို့ဆိုပြီး ဒါတွေအားလုံး သူစီမံခဲ့တာ၊ ထပ်ပြီး အံ့ဩအောင် ပြောရရင်. . . အခု မင်းလုပ်နေတဲ့ ကုမ္ပဏီဟာလည်း မင်း အဖေ ရှယ်ယာအများဆုံး ပိုင်တဲ့ကုမ္ပဏီပဲ"

www.burmeseclassic.com



"ဗျာ. . ."

ပရိသတ်ရေ. . ကျွန်တော့်မှာ တဗျာဗျာနဲ့. . အိပ်မက်တွေ မက်နေသလိုကို ဖြစ်နေတာ. . .။

"အစီအစဉ်က. . . သူကိုယ်တိုင် မင်းအတွက်. . . ရှာထားတဲ့ မိန်းကလေးနဲ့ တခမ်းတနား လက်ထပ်ပေးမယ်၊ ဒီအိမ်နဲ့ခြံကို လက်ဖွဲ့မယ်. . . ကုမ္ပဏီလုပ်ငန်းကိုလည်း မင်းကို လွှဲမယ်ပေါ့. . . ဒါကို ငါတို့ဆရာတပည့်နှစ်ယောက် စီစဉ်ကြတာ. . ဖြစ်ချင်တော့ ဆရာ့ရောဂါ အခြေအနေက အရှမ်းဆိုးဝါးလာတယ်. . . ငါကလည်း ဆရာ နေကောင်းမှပဲ စိတ်ကြိုက်လုပ်လို့ရမယ်. . . ကျန်းမာအောင် အရင်လုပ်ပါ. . . မိန်းကလေးရှင်ဘက်က ပြဿနာမရှိဘူး. . . ကျွန်တော် တာဝန်ယူတယ်လို့ ပြောလိုက်တော့ သူလည်း စိတ်လျှော့ပြီး ဆေးကုတာကွ. . . ကံတရားက ဒီလောက်ပဲဆိုတော့. . . ဆရာ သူမြင်ချင်တာ. . မြင်မသွားရရှာဘူးပေါ့ကွာ။

ဒါပေမယ့်. . . ဒီပိုင်ဆိုင်မှုအားလုံးကို မင်းလက်ထပ်ပြီးမှသာလျှင်. . . တရားဝင် လွှဲပြောင်းခွင့် ရှိရမယ်လို့. . ရှေ့နေကြီး ဦးပုနဲ့ လွှဲပြောင်းထိန်းသိမ်းထားတဲ့အတွက်. . မင်းအိမ်ထောင်ပြုရမယ်၊ မင်း အိမ်ထောင်ပြုရမယ့် မိန်းကလေးကလည်း မင်းအဖေ ရွေးချယ်ခဲ့တဲ့သူ ဖြစ်ရမယ်၊ ဒါမှ မင်းအဖေရဲ့ဆန္ဒ ပြည့်ဝမယ်၊ မင်းလည်း ကတိတည်ရာကျမယ်၊ ငါလည်း ငါ့ဆရာအတွက် တာဝန်ကျေပြီလို့. . . ယူဆနိုင်မယ် နွေဦးမောင်. . ."

"နေပါဦး. . . အဖေ သဘောတူထားတာက ဘယ်သူလဲ!"

"ဟိုမှာ လာပါပြီကွာ. . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လှည့်ကြည့်လိုက်တော့ အသက်ငါးဆယ်ကျော် အမျိုးသမီးကြီးတစ်ဦးကို တွဲပြီး လှေခါးအတိုင်း ဆင်းလာတဲ့ ဒေါ်ချိုချို ကို မြင်လိုက်ရလို့ ထခုန်မိတော့မလို ဖြစ်သွားတယ်။

"ဦး. . ဦးလေး. . . ဟိုဘက်ကလား!. . ဒီဘက်လား!"

ကျွန်တော့်အမေးကြောင့် ဦးသာပျော. . . ခပ်တိုးတိုး လှမ်း ဆဲပြီး. . .

"ခွီးမှ. . ဒီဖက်က ငါ့နှမ မင်းယောက္ခမလောင်း. . "

"ဗျာ. . . ဒါဆို. . . ဒေါ်ချိုချိုပေါ့. . "

"ဟော့ကောင်. . . မင်းနဲ့ သက်တူရွယ်တူ၊ ဘာဒေါ်ချိုချိုလဲ"

"မဟုတ်ဘူး. . . ရုံးမှာ အဲ့ဒါ ကျွန်တော့်အထက်အရာရှိဗျ"

"ဘာရှိရှိ. . . မင်းမိန်းမ ဖြစ်ပြီးသွားရင်. . ဘယ်နေရာမှာ အရာရှိချင်သေးလဲ ချိုချိုပဲခေါ်၊ ဘာ. . ဒေါ်ချိုချိုလဲ၊ ဟော့ကောင်. . အဲ့ဒါ ငါ့တူမ. . . နော်. . . ဟင်း"

"ပြဿနာပဲ. . . ဦးလေးရာ. . . "

"ဟာ. . . နွေဦးမောင်. . . ဒီလောက်အဆင်ပြေနေတာ ဘယ်ကပြဿနာက ပါလာတာလဲ!"

ကျွန်တော် စိတ်တွေ ရှုပ်ပြီး ခေါင်းတွေ ကုတ်ဖွပစ်ရင်း သူတို့ ရောက်မလာခင်. . ခပ်သွက်သွက် ပြောရတယ်။ ဟို. . . ဘွားတော် ကြီး ကြည့်ရတာ. . ခြေထောက်သိပ်ကောင်းပုံ မရဘူး ထင်တယ်။

"ဒီလို ဦးလေးရာ. . . ဒေါ်. . အဲ. . . ချိုချိုက ကျွန်တော့် မိတ်ဆွေတစ်ယောက်နဲ့ လွန်ခဲ့တဲ့ဆယ်နှစ်ကျော်က စေ့စပ်ထားတာဗျ"

"ဒါလား. . . အဲ့ဒါ ပျက်သွားပြီ. . . စိတ်မပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအချိန်မှာ ဟိုသားအမိလည်း အနားရောက်လာပြီး ဆက်တီမှာ ဝင်ထိုင်ကြတယ်၊ ချိုချိုက ကျွန်တော့်ကို ကြည့်ပြီး မပွင့်တပွင့် ပြုံးတယ်ဗျာ. .။ မိန်းမတစ်ယောက်ရဲ့ အကြည့်မျက်လုံးတွေရှေ့မှာ ကျွတ်သလို၊ ကျက်သလို၊ ယုန်လိုလို၊ ကြွက်လိုလို၊ ကုတ်နေတတ်တဲ့ ကျွန်တော့်ဝိညာဉ်ကိုက မကောင်းတာ။

"ကဲ. . တူမကြီးရေ ခုရှုပ်မှုနောင်ရှင်း. . မောင်စိုင်းလားရှိုးနဲ့ တူမကြီးတို့ စေ့စပ်ဖူးတဲ့ကိစ္စ မေးနေတယ်ဟေ့. . . ပြောလိုက်ပါဦး"

"အဟင်းဟင်း. . . အဲ့ဒီလူနဲ့ သိလို့လား!"

"သိတာပေါ့ဗျာ. . . တစ်ရပ်ကွက်ထဲ နေကြတာ. . ဘော်ဒါတွေပဲ"

"ဒါတွေက ကြာခဲ့ပါပြီ. . ဝန်ခံရရင် ကျွန်မ ငယ်ငယ်တုန်းက သူ့ပန်းချီလေးတွေ အရမ်းစွဲလန်းတာ၊ အဲ့ဒီစွဲလန်းတဲ့စိတ်ကြောင့် ပုံလှလှလေးတွေ ဆွဲတဲ့သူလည်း ချောမှာပဲလို့ ထင်ပြီး မိတ်ဆက်စာ ရေးမိတယ်၊ ဒီလိုနဲ့ စာအပြန်အလှန်ရေးပြီး ခင်ကြတယ်ပေါ့ရှင်၊ ကျွန်မဆီက ဓါတ်ပုံတောင်းပြီး သူ့ဓါတ်ပုံလည်း ပို့ပေးတယ်၊

အဟင်း. . . ဓါတ်ပုံထဲမှာ အရမ်းချောတာရှင့်. . ဆံပင်အရှည်ကြီးကို စင်းနေတာပဲ၊ အနုပညာသည်ဆိုတော့ လူကလည်း ဖြူဖြူနုနုလေး၊ တစ်နှစ် သူလာလည်ဖို့ ခွင့်တောင်းတယ်၊ ကျွန်မလည်း အမေတို့ဆီ ခွင့်တောင်းပြီး လာလည်ဖို့ ခွင့်ပြုလိုက်တယ်၊ သူလာတော့ ရှင့်၊ အိမ်မှာပဲ တည်းတာ. . . မြင်ရတော့လည်း ဓါတ်ပုံထဲကအတိုင်းပဲ။

အိုး. . . ကျွန်မသူငယ်ချင်းတွေဆိုတာ. . ကိုစိုင်းလားရှိုးကို



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်ကြ မိတ်ဆက်ကြနဲ့ တစ်နေကုန် လူပြတ်တယ်လို့ကို မရှိဘူး၊ အဲ့ဒါနဲ့ ညကျတော့ သူက အဖေနဲ့အမေ့ကို ဖွင့်ပြောတယ်၊ ကျွန်မနဲ့ လက်ထပ်ခွင့်ပြုပါပေ့၊ အဖေနဲ့အမေကလည်း ဒီလိုနိုင်ငံကျော် ပန်းချီဆရာနဲ့သာဆို. . . ခွင့်ပြုတယ်ဆိုပြီး သဘောတူလိုက်တယ်. . .။

ကျွန်မစိတ်ရင်းနဲ့ကတော့ လေးစားတာပဲ ရှိတယ်. . ခင်ပွန်းအဖြစ် စိတ်ကူးမယဉ်မိဘူး။ ဒါပေမယ့် မိဘက စီစဉ်တာဆိုတော့လည်း မငြင်းခဲ့ဘူးပေ့လေ၊ ဖြစ်ချင်တော့ မနက်ခင်း သူ အိပ်ယာက နိုးလာပြီး အိမ်ရှေ့က ရေတွင်းမှာ. . . မျက်နှာထွက်သစ်တော့ ထိပ်ပြောင်ကြီး ဖြစ်နေတယ်. . သူ့ဆံပင်က အတုကြီးလေ. . ညက ချွတ်ပြီးအိပ်ရင်း မနက်လင်းတော့ မေ့ပြီး ပြန်မစွပ်ဘဲ ထလာတာ. . . အဲဒါနဲ့ ထိပ်ပြောင်ကြီးဆို. . ကျွန်မ. . မယူနိုင်ဘူးဆိုပြီး ငြင်းလိုက်တယ်၊ အဖေနဲ့အမေကလည်း တောသူတောင်သားတွေဆိုတော့ လိမ်တယ်ထင်ပြီး သဘောမတူတော့ဘူး၊ အဖြစ်က အဲ့ဒါပဲ. . ."

"ဩော်. . . ဒီလိုလား!"

ဖြစ်ပုံ ဖြစ်ပုံ. . ပရိသတ်ရေ. . ကျွန်တော်လည်း နားထောင်ရင်းက. . ချိုချို. . ချိုချို လို့ တမ်းတနေတဲ့ ကိုစိုင်းမျက်နှာလေးကို ပြေးပြေး မြင်ပြီး စိတ်မကောင်း ဖြစ်မိတယ်ဗျာ. . တကယ်. . . သူ ချိုချို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ. . ကျွန်တော် နားလည်သွားတယ်. . . ကျွန်တော့်အတွက်ကလည်း ချိုချိုက မိဘအမွေအနှစ်လို့ ပြောရလောက်အောင် ဖြစ်နေတယ်၊

ပရိသတ်ပဲ စဉ်းစားပြီး အကြံဉာဏ်လေးဘာလေး ပေးပါလား ဗျာ၊ ကျွန်တော့် မိဘဆန္ဒကို ပစ်ပယ်ရာလည်း မကျအောင်၊ မိတ်ဆွေ

www.burmeseclassic.com



နဲ့ အချင်းချင်း မိတ်ပျက်ရာလည်း မကျအောင် ဘယ်လိုလုပ်ပါဆိုတဲ့ အကြံဉာဏ်လေးပေါ့။

ရှေ့မှာ. . . ပရိသတ်ကို. . . ကျွန်တော် ပြောခဲ့ပြီးပြီဗျာ၊ ချိုချို က. . . ချောတယ်၊ ရာထူးအဆင့်အတန်း ပြည့်စုံတယ်၊ ဒါပေမယ့် ခုချိန်ထိ. . . ကျွန်တော် ရင်မခုန်သေးဘူး။

ပြောရရင် ကျွန်တော်နဲ့ ပထမဦးဆုံး ဆုံမိပြီး မန္တလေးကို ခွင့်ပြန်သွားပြီး ပြန်လာကတည်းက ကျွန်တော်ဟာ သူနဲ့ လက်ထပ်ရ မယ့်သူဆိုတာ သူသိလာပြီး. . . ကျွန်တော့်ကို ပုံစံပေးနေတာဗျ. . .။

ကျွန်တော်ကလည်း မွအူမလည်ကောင်ဆိုတော့ ခံနေရ တယ်။ ထားလိုက်ပါတော့၊ ရင်ခုန်သည်ဖြစ်စေ မဖြစ်စေ. . . မိဘ ကျေးဇူးဆပ်တဲ့အနေနဲ့. . . လက်ထပ်ခွင့်ရရင် လက်ထပ်လိုက်ပါ့မယ်၊ အဲ. . စောစောကပြောတဲ့ အခက်အခဲသာ ပရိသတ်က စဉ်းစားပေး ကြပါဦးလို့. . ။

ꩫ ꩫ ꩫ ꩫ



www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . ဒီည ကိုနွေဦးမောင်က ဘယ်မှာအိပ်မှာလဲ!"

"ဗျာ. . . ဒီ. . . ဒီမှာပဲလေ"

"ဒါဆိုလည်း ဦးကြီးနဲ့ အိပ်ပေါ့၊ မနက် ဒီကပဲ ရုံးတက်မှာ မလား"

"အင်းလေ. ."

"ကျွန်မက စောင့်ရတာမျိုးဆိုရင် မကြိုက်ဘူးနော်၊ ဒါ ညွှန်ကြားချက်ပဲ"

(တယ်. . . ဒီမိန်းမ. . . သူ့အမျိုးတွေကြား ထကန်လိုက်ရ မကောင်းဘဲ ရှိတော့မယ်)

ဦးသာဗျောဟာ ကျွန်တော့်ကို လက်တို့ပြီး ခေါ်ထုတ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ငါ့တူမက ဆရာကြီးလုပ်တတ်တာ ငယ်ကျင့်ကွ. . .၊ မင်းနည်းနည်းသည်းခံပါကွာ"

"ဟာ. . . တော်ပါပြီ ဦးလေး၊ သူ ဒီကိစ္စကို အစောကြီးကြိုသိထားပြီး ကျွန်တော့်ကို ပုံစံပေးနေတာ လွန်လွန်းတယ်"

"ဩော်. . . လင်နေစ ဆင်သေမှကွ၊ ဒါပေမယ့် ငါ့တူမက ချောပါတယ်ကွာ"

"ရင်ကို မခုန်သေးတာ"

"အံမာ. . . မင်းက"

"အမှန်အကန်ပဲ ဦးလေးရယ်၊ ဒါပေမယ့်လည်း မိဘအမွေဆိုတော့ စားထိုက်လို့ စားရတယ်လို့ပဲ မှတ်ပါတယ်"

"ဟမ်"

မနက်တော့ ထုံးစံအတိုင်းပဲ ရုံးကို ဘတ်(စ်)ကားနဲ့ တက်ခဲ့တယ်၊ ဟိုကားတွေ ဟိုဟာတွေက ကျွန်တော် လက်ထပ်ပြီးမှလေ။ ချိုချိုက သူနဲ့အတူသွားရမယ်လို့. . . ကိုစိမ်းဆိုတဲ့လူနဲ့ စကား[illegible]ခဲ့မှာတယ်ဗျ။ ကျွန်တော် ထွက်လာခါနီးက မှာတာ၊ ဒီတော့မှ. . . ကိုစိမ်းဆိုတဲ့လူကို. . . မစိမ်းဘူးဆိုတာ ကျွန်တော် သိလိုက်ရတယ်၊ ဒီလူ. . . ရုံးကို ထမင်းချိုင့် လာ. . လာပို့နေတဲ့လူလေဗျာ. . . ။

ကျွန်တော်လည်း ထုံးစံအတိုင်းဆိုတာထက် ယောကျ်ားတစ်ယောက်ရဲ့မာန်လေးနဲ့ စိတ်ဓါတ်ကို မြှင့်တင်ချင်လို့. . ရုံးကင်(န်)[illegible]ကပဲ စားမယ်လို့ ပြောလိုက်တယ်. . . ။

ရုံးရောက်မှ ကင်(န်)တင်းမှာ ထိုင်ရင်း ပြန်စဉ်းစားကြည့်တော့



www.burmeseclassic.com

www.burmeseclassic.com



ဒါလည်း မဟုတ်သေးဘူးဗျ. . . ကင်(န်)တင်းမှာ စောင့်တယ်ဆိုတာ လည်း သူစောင့်ခိုင်းထားတာ. . . ကျွန်တော့်မာန်မာနကို ပြချင်ရင် ဒီမှာစောင့်စရာ ဘယ်လိုမလဲ. . ။

အဲ့ဒါကြောင့်. . ရုံးရှေ့ လက်ဖက်ရည်ဆိုင်မှာ သွားထိုင်မယ် ဆိုပြီး ထအတွက်. . ။

(ဗုဒ္ဓေါ. . . )

ကင်(န်)တင်းရှေ့မှာ ကိုစိုင်းနဲ့ချိုချိုတို့ ပက်ပင်းတိုးကြတာ တလား. . . ။

"ချိုချို. . ချိုလေး. . ကိုယ်လေ ကိုစိုင်းလေ. . ချို. . "

"ဟင့်အင်း. . . ကျွန်မ ချိုချိုဆိုတာတော့ ဟုတ်ပါတယ်. . . ဒါ. . . ဒါပေမယ့် ဘကြီးကို. . . ကျွန်မ မသိဘူးရှင့်"

"ဟာ. . . ချိုရယ်. . . စိုင်းပါ. . . ဘကြီး မဟုတ်ပါဘူး"

"ဒီမှာ ဘကြီးမျက်နှာကိုလည်း မှန်ထဲ ပြန်ကြည့်ဦးရှင့်. . . ကိုယ့်အသက်အရွယ်နဲ့များ သူ့သမီးလောက် ရှိတဲ့ဟာလေးကို. . "

"ပွဲချို. . အို. . ချိုချို. . "

ချိုချို ပြောပြီး. . . ကင်(န်)တင်းထဲ ခပ်သွက်သွက် လှမ်းဝင် လာနေတယ်။ ချိုချို. . လျှောက်လာတာကို. . . ကျွန်တော်မြင်ပေမယ့် မမြင်တော့သလို. . . ကိုစိုင်းကိုပဲ လှမ်းကြည့်နေမိတယ်။

တော်တော် ကြေကွဲဆို့နင့်နေတဲ့ မျက်ဝန်းတွေနဲ့ ရပ်ကျန်ခဲ့ တဲ့ ကိုစိုင်းကို ကြည့်ပြီး. . . ကျွန်တော့်ရင်ထဲမှာ တင်းကျပ်သလိုကြီး ခံစားလိုက်ရတယ်။ အဲ့ဒီအချိန်မှာပဲ. . ချိုချိုက ကျွန်တော့်လက်မောင်း ကို လှမ်းဆွဲပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်နေတာလဲ. . . လာလေ"

ကျွန်တော်. . . သူမ ခေါ်ရာနောက်ကို ပါသွားပေမယ့် စိတ်ထဲမှာ. . . တရားမျှတမှု၊ စာနာမှု ဆိုတာတွေနဲ့ မွတ်သိပ်လို့နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘဝတစ်ခုလုံး ကျကွဲ...
တစ်ခြမ်းပလဲပြီး..တစ်ခြမ်းကျန်...
ငါ့အဖြစ်က မဟာန်သေးပါဘူး...
အနမ်းပျံလေးနဲ့ နှစ်သိမ့်မလား...
စကားတစ်ခွန်းလောက် ကျွံခဲ့ပါ...။
မစွံစေမယ့်လည်း...
အချွန်နဲ့ မ,တဲ့သူကရှိ...
လွန်ခဲ့ပြီလားလို့ ပြန်မေးတော့...
ငါ့အတွေးက...
ကလေးဆန်တုန်းကိုး...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း [ ၅၈ ]

ပရိသတ်ရေ. . ရုံးမှာလည်း အုံးအုံးကြွ။ ဝရုန်းသုန်းကားပဲ ဖြစ်ကုန်ကြတာ။ ဖြစ်တော့မှာပေါ့။ ဒေါ်ချိုချို ကျွန်ဖော်ရဲ့လက်ကို ဆွဲပြီး လျှပ်စစ်လှေခါးအိမ်ထဲ ပြေးဝင်တယ်ဗျာ။

အထဲရောက်မှ တအိအိ ရှိုက်ပြီး. . ကျွန်တော့်ရင်ခွင်ထဲ ခေါင်းတိုးငိုတယ်ဗျာ။ အထဲမှာလည်း ရုံးသူရုံးသားတွေနဲ့။ လှေခါးအိမ် ပွင့်တာတောင် အငိုမရပ်လို့ ကျွန်တော့်မှာ ဟျာယာခတ်ပြီး သူမကို တွဲခေါ်လာရတယ်ဗျာ။

ရုံးခန်းထဲရောက်မှ တစ်ခွန်းတည်းပြောပြီး အငိုတိတ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။

"ဆောရီး ကိုနွေဦးမောင်၊ ကျွန်မ ရှက်လို့ပါ"

သေရောဗျာ၊ ကိုယ့်ကိုယ်ကို ပိုစတာလား ဆိုင်းဘုတ်လားလို့ ပြန်ငုံ့ကြည့်ပြီး နည်းနည်းဖောင်းသွားတယ်။

(တင်းတယ်လို့ ပြောတာ ရှိုးလို့ . . ဖောင်းလိုက်တာ)

အဲဒါကြောင့် လှည့်မာန်ပစ်မယ်လုပ်တုန်း သူမက. . .

"ဒီကိစ္စကို ရှင်တာဝန်ယူပေးပါ"

"ဘယ်ကိစ္စလဲ!"

"ဦးစိုင်းလားရှိုးကိစ္စ"

"ဟာ. . . အဲဒါ ခင်ဗျားကိစ္စပဲ"

"ဘာ. . . ရှင်နဲ့ မပတ်သက်ဘူးလား!"

"ဟင်. . . ကျွန်တော်နဲ့ စေ့စပ်တာ မဟုတ်ဘူးလေ၊ ခင်ဗျားနဲ့ စေစပ်ခဲ့တာပဲဟာ"

"တောက်"

သူမ တက်တစ်ချက်ခေါက်ပြီး ကျွန်တော့်မျက်နှာကို စိမ်းရင့်စွာ ကြည့်ပစ်လိုက်တယ်။ အဲ့ဒီနောက်. . .

"ကျွန်မဟာ. . ရှင်နဲ့ မကြာခင် လက်ထပ်ရတော့မယ့် ဇနီးလောင်းရော ဟုတ်ရဲ့လား ကိုနွေဦးမောင်"

ကျွန်တော် အူတူတူ ပြန်ကြည့်လိုက်ပါတယ်။

ဒီမေးခွန်းကို ကျွန်တော်ငြင်းလို့မရဘူးဆိုတာ သိတယ်။ ခက်တာက ဟုတ်တယ်လို့ ဝန်ခံလိုက်ရင်. . ကိုစိုင်းကို ကျွန်တော် ရင်ဆိုင်ရတော့မှာ အသေအချာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘယ်နှလုံးသားနဲ့ ရင်ဆိုင်ရမလဲ ပရိသတ်ရယ်။ ကိုစိုင်း ဘယ်လောက်သနားစရာကောင်းလဲ။ တွေးရင်းနဲ့ သတိရပြီး ပြတင်းပေါက်ကနေ ရုံးအောက်ဖက် မျက်နှာစာဆီ လှမ်းငုံ့ကြည့်လိုက်တယ်။

(ဘုရားသခင်. . . သူရှိတုန်းပါလား)

ကျွန်တော် ဘယ်လိုမှ မခံစားနိုင်တော့လို့ သူမကို ပြန်လှည့်ကြည့်ပြီး တစ်ခုခု ပြောလိုက်ဖို့ပါပဲ။ ဒါပေမယ့် အဲ့ဒီတစ်ခုခုက သူမနှလုံးသားနဲ့ အနီးဆုံးနေရာမှာ ပြောမှ သင့်မှာမို့လို့ သူမဆီ လျှောက်လာခဲ့တယ်။ ပြီးတော့ သူမမျက်နှာကို နီးကပ်စွာ ငုံ့ကြည့်ပြီး. . .

"အချစ်ကို ခင်ဗျား ခံစားဖူးလား!"

"ဘာရယ်"

"အချစ်ဆိုတာ ဘာလဲ၊ အချစ်ရဲ့နူးညံ့သိမ်မွေ့မှု၊ နာကျင်ခံခက်မှုဆိုတာတွေကိုရော ခံစားဖူးလား"

"ရှင်အရူးလား!"

"ငါရူးခဲ့ဖူးတယ်၊ အချစ်ကြောင့် ငါ့စိတ်နဲ့ငါ သေမလောက်ခံစားခဲ့ရဖူးတယ်၊ အဲ့ဒါကြောင့် ငါ ရင်ချင်း စာနာတတ်တယ်၊ ဘာပဲဖြစ်ဖြစ်. . မင်း ကိုစိုင်းကို တစ်နည်းနည်းတော့ နှစ်သိမ့်ပေးသင့်တယ်"

သူမ ဝုန်းခနဲ ထရပ်ပစ်လို့ ကျွန်တော်လည်း လန့်ဖြတ်ပြီး ခန္ဓာကိုယ်တစ်ခုလုံး တောင့်ခနဲ ဖြစ်သွားတယ်။

"ကောင်းပြီလေ. . . ကျွန်မက မချစ်ဖူးတော့ အချစ်ဟာဘာလဲ မသိဘူးဆိုတာ ဝန်ခံပါတယ်၊ အဲ့ဒီတော့ ရှင့်ဆန္ဒအတိုင်း ရင်ချင်းစာနာပြီး ဦးစိုင်းလားရှိုးကို တစ်ဘဝလုံး ပုံပြီး နှစ်သိမ့်ပေးလိုက်မယ်



www.burmeseclassic.com

www.burmeseclassic.com



မယ်. . . ဟုတ်ပြီနော်”

ပြောရင်းနှင့် သူမ၏ပစ္စည်းပစ္စယတွေ သိမ်းစုကာ ဆလင်းဘက်ကို ကောက်ယူလိုက်တယ်။

“ဟော့. . ဟော့. . မင်း. . မင်းဘာလုပ်မှာလဲ!”

“သွားမယ်လေ. . . အောက်မှာ ဦးစိုင်းရှိနေသေးတယ်. . မဟုတ်လား”

“မဟုတ်သေးဘူး. . . ငါပြောတာ သူ့ကို အစိမ်းကြီး ချိုးပစ်လိုက်တာမျိုး မဟုတ်ဘဲ. . ဟိုကွာ. . နားလည်နိုင်လောက်တဲ့ စကားမျိုးနဲ့”

“ကျွန်မ အဲ့သလောက် စကားပြော မကျွမ်းကျင်ဘူး ကိုနွေဦးမောင်. . . အဲ့ဒီတော့”

သူမ ဆက်လှမ်းလိုက်တဲ့ခြေလှမ်းတွေ ရှေ့မတိုးနိုင်အောင် ကျွန်တော့်လက်က သူမလက်မောင်းကို လှမ်းဆွဲမိလျက်သား ဖြစ်သွားတယ်။

ချာခနဲ လည်ဆင်းလာတဲ့ သူမရဲ့ခန္ဓာကိုယ်ဟာ ကျွန်တော်နဲ့ တော်တော်လေး နီးကပ်ပြီး သူ့အရှိန်သူ ထိန်းထားသလိုမျိုးနဲ့ ရပ်သွားတယ်။ ကိုယ်နံ့သင်းသင်းလေးပဲ ကျွန်တော့်ကို ဝင်ပူးတာ။

“မင်းဟာ ငါ့အဖေရဲ့ဆန္ဒတစ်ခုဆိုလည်း ဟုတ်တယ်၊ အမွေအနှစ်ဆိုလည်း ဟုတ်တယ်၊ အဲ့ဒါကို ငါ ဘာအတွက် အဆုံးရှုံးခံရမလဲ၊ ချိုချို ကောင်းပြီ. . . မင်းနေခဲ့ပါ၊ ကိုစိုင်းကိုစွ ငါရှင်းမယ်”

“ရှင်အရှုံးပဲ”

“ငါလည်း ရှုံးချင်ပါတယ်၊ နာမည်သာ ဆိုးတာ. . ၊ လွတ်လမ်း

www.burmeseclassic.com



ပေါ့ပါးမှုကတော့ အကောင်းတွေ လိုက်မမီဘူးကွ"

ပြောပြီး ကျွန်တော် အခန်းတံခါး ဖွင့်အထွက် အခန်းဝနဲ့ ပြည့်နေတဲ့ဦးခေါင်းတွေကို ကြည့်ပြီး ကျွန်တော်လန့်သွားတယ်။

အဲ့ဒီထဲက ရှေ့မှာ စူပြီးပြူထွက်နေတဲ့ ကိုနောက်နောက်ခေါင်း နဲ့ ကိုဝင်းရီခေါင်းကို ငုံ့ပြုံးကြည့်ပြီး. . .

"ဟော့လူတွေ. . . ခင်ဗျားတို့ ဘာလုပ်ကြတာလဲ!"

"အခွေသစ်ဆိုလို့"

"ဘာအခွေသစ်လဲဗျ. . . ဖယ်ကြစမ်းပါ"

ကျွန်တော် ခပ်ဆတ်ဆတ် ငေါက်ပစ်လိုက်လို့. . ဆပ်ပြာ ပူဖောင်းတွေထဲ လေမှုတ်သွင်းသလို ရှဲခနဲ ဘေးကပ်ကုန်ပြီး. . . လမ်းပေါက်ပေါ်လာတယ်။

ဒါပေမယ့် ကျွန်တော့်နောက်ကနေ တစ်ပြုံတစ်မကြီး ပါလာ ကြပါတော့တယ်။

"မင်းတို့ အတည်ဖြစ်သွားကြပြီလား နွေဦးမောင်"

"နောက်ထပ် ရက်သတ္တပတ်အတွင်း ဖြစ်ပေါ်လာမယ့် အခြေ အနေလေး ခန့်မှန်းပေးပါလားရှင်"

"မိဘသဘောတူထားတာလား သိပရစေခင်ဗျ"

"ခုလိုအခြေအနေမျိုးမှာ ကိုနွေဦးမောင် ဘယ်လိုခံစားရပါ သလဲ"

"အချစ်နဲ့အိမ်ထောင်ရေးဟာ ဘယ်လောက်ပတ်သက်မှု ရှိ မယ်ထင်ပါသလဲရှင်"

"ဟား. . . ခင်ဗျားတို့ ဘာတွေလဲဗျာ!"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသံက ကျွန်တော့်ဘာသာတောင် နားမခံနိုင်အောင် အတော်ကျယ်လောင်သွားပါတယ်။

ကောင်းပါတယ်။ အားလုံးရပ်ကျန်ခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



**တစ်**ယောက်ထဲ ဖွဲနဘဲကြီးစွာနဲ့ ရပ်နေတာကတော့. . . ကိုစိုင်းပါ။ ကျွန်တော် သူ့နားရောက်မှ လေပူတစ်ချက် မှုတ်ထုတ်ပြီး ရပ်လိုက်လို့ ကိုစိုင်း ငိုက်စိုက်ချထားတဲ့ခေါင်းကို မော့ကြည့်တယ်။

"ဟာ. . . နွေဦးမောင်၊ ချိုချိုရောဟင်. . . ငါ့ရဲ့ချိုချိုလေး"

ကျွန်တော် ဘာမှပြန်မဖြေဘဲ ကိုစိုင်းကို ပခုံးဖက်ပြီး ခေါ်လာခဲ့ပါတယ်။

ကျွန်တော်တို့ရုံးရဲ့နောက်က လမ်းထဲမှာ ကိုနောက်နောက်တို ညနေတိုင်း ချာချင်ဝင်ဖြည့်တဲ့ ဘားတစ်ခု ရှိတယ်ဆိုတာ ကျွန်တော်သိ ဘားလို့ ကိုစိုင်းကို အဲ့ဒီဘားကို ခေါ်လာခဲ့ပါတယ်။

ပရိသတ်လည်း စဉ်းစားမိမှာပါ။ ကျွန်တော့်အဖြစ်က ပထမ ဆုကို ပူးတွဲယူမှ တရားမျှတမယ့်အဖြစ်ကြီးလေဗျာ။ ဖြစ်နိုင်တာတာ

www.burmeseclassic.com



ဒီဆုက ဘယ်လိုမှ ပူးတွဲယူလို့မရတဲ့ဆု။

အဲဒီတော့ သူနဲ့ကျွန်တော် တစ်ယောက်တော့ ရှုံးရလိမ့်မယ်။ ပုဝါမကူ ရေမရှူစတမ်း အလဲထိုး ပွဲသိမ်းရတော့မယ်လို့ ကျွန်တော်နား လည်လိုက်တယ်။

အမှန်တော့. . . ကျွန်တော်နိုင်ပြီးသားပါ။ ကံတရားကလည်း ကိုစိုင်းကို ဒိုင်ပွဲရပ် အရှုံးပေးခိုင်းထားပြီးသား။

ဒီလိုဆိုရင်. . ကျွန်တော့်မိတ်ဆွေအပေါ် ကျွန်တော်မျှတပါ့ မလား။

တရုတ်တယ်သီးလို နီဝင်းနေတဲ့ ကိုစိုင်းမျက်နှာကို ကြည့်ပြီး ဘားကောင်တာနောက်က ပုဂ္ဂိုလ်ကြီး အတော်ဝမ်းသာသွားပုံပါပဲ။

(အသေခံပြီး သောက်မယ့်လူကွ. . . ကော်တာပဲ)

"ဆရာတို့. . . ဒီမှာပဲ ထိုင်ကြမလား!၊ သီးသန့်ခန်းလည်း ရှိတယ်"

ကျွန်တော်တို့ ခေါင်းခါပြီး ကောင်းဘွိုင်မင်းသားတွေလို လခြမ်းပုံ ကောင်တာရှေ့က ခုံတွေမှာပဲ ထိုင်လိုက်ကြတယ်။

"ဘာသုံးဆောင်မလဲ ဆရာ"

"ဝီနှစ်ပက်ကို ဂျော်နီနှစ်ပက်ရောပြီးမှ မန်းရမ်နှစ်ပက် ထပ် ဖြည့်လိုက်ဗျာ. . . နှစ်ခွက်ပေါ့"

ပုဂ္ဂိုလ်ကြီး သွပ်ချောင်ချောင် လှမ်းကြည့်ပြီးမှ ရွှေသွားတွေ ပေါ်အောင် ပြုံးပြီး ကျွန်တော်မှာတဲ့အတိုင်း စီစဉ်ပေးပါတော့တယ်။

ကိုစိုင်းလည်း ငုံ့ပြီးကြွေနေရာက မော့ပြီးလေသွားတယ်။

"ဟော့ကောင်. . . မင်းဘာတွေ မှာနေတာလဲ!"



www.burmeseclassic.com

www.burmeseclassic.com



"ဘဝတစ်လျှောက်လုံး တောက်တိုမယ်ရ တဲ့ကြွင်းကဲ့ပဲ့တွေနဲ့ အဆီအငေါ်မတည့် ဖြစ်လာရတာကို ဂုဏ်ပြုတာပါဗျာ၊ ဘာမှမဟုတ် ပါဘူး"

အဲ့ဒီအချိန်မှာပဲ အရောင်ရဲ့မြူးချခြင်းကို ခံထားရတဲ့ ဖန်ခွက် နှစ်လုံး ကျွန်တော်တို့ရှေ့ကို အစီစဉ်တကျ ရောက်ရှိလာပါတယ်။

ကိုစိုင်း ခံတွင်းစိုလာပြီး ယူမော့လိုက်ပါတယ်။

"အား. . . သေပါပြီဟ"

"ဘာဖြစ်လို့လဲ!"

ကိုစိုင်း ရှုံ့မဲ့ပြီး သူ့လည်ပင်းကို လက်နဲ့ ပုတ်ပြတယ်။

ဟုတ်ပါရဲ့၊ စောစောစီးစီး အလောတကြီး မော့လိုက်လို့. . . အရက်မင်းတို့ရဲ့ ခြေသံပြင်းပြင်းဟာ လည်ချောင်းထဲ ဆူညံသွားပုံပါပဲ။ ကိုစိုင်း ရေပုလင်းယူပြီး မော့ပစ်တယ်လေ။

ကျွန်တော်လည်း မော့လိုက်တယ်။

အူး. . .။

"သေပြီမဟုတ်လား!"

"နိုးပြီ. . အားလာလာ. . ရှိုး. . ဟမ်း. . ကောင်းမှကောင်း"

"ဘာကွ. . . သေလိမ့်မယ်. . ရော့. . ရေ"

ကျွန်တော် လက်ကာပြပြီး. . . နောက်တစ်ကျိုက်သော သောက်ချလိုက်တယ်။ မူးချင်တယ်လေ။ မန္တလေးမှာတုန်းက သောက် ပြီး သေသွားတဲ့ သူငယ်ချင်းတစ်ယောက်က ပြောတယ်။ ရှင်က အရက်နဲ့ ဖွင့်တာ အကောင်းဆုံးပဲတဲ့။ သူ့ရင်ကိုတော့ ရှင်ခွဲရုံမှာ ဖွင့်လိုက်ကြတယ်။ (အသည်းကျွမ်းပြီး သေတာတဲ့. . )



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်းကို ကျွန်တော်ပြောချင်တယ်"

"အေး. . . ပြော. . . ချိုချို့အကြောင်းလား!"

"ဟုတ်တယ်"

"အဖိုးကြီး စိုင်းလားရှိုးအတွက် ဘာပြောစရာများ ကျန်သေးလို့လဲကွာ"

ကိုစိုင်းရဲ့ လေးနက်တည်ငြိမ်တဲ့အသံကြောင့် ကျွန်တော် အံ့အားသင့်သွားတယ်။ အသံတင် မဟုတ်ဘူး. . ပရိသတ်။ ချိုချိုစို့လို့ ဝသွားတဲ့ ကလေးတစ်ယောက်ရဲ့မျက်လုံးမျိုးပါ ဖြစ်လာတာ။

"ကိုစိုင်း"

"မပြောနဲ့တော့ နွေဦးမောင်. . . ငါနားလည်နေပြီ"

ကိုစိုင်း စကားဖြတ်ပြီး တစ်ကျိုက်လောက် မော့လိုက်တယ်။

"ငါမှန်မကြည့်တာ ဆယ်နှစ်ကျော်ပြီ၊ ပြက္ခဒိန် မကြည့်တာလဲ ဆယ်နှစ်၊ နာရီမကြည့်တာ ဆယ်နှစ်၊ ကုန်ကုန်ပြောရရင် ငါ ချိုချိုတို့ဆီက ပြန်လာကတည်းက. . သူ့သတင်းကို နားစွင့်နေတာကလွဲလို့ ငါ့ကိုယ်ငါ ဒီအတိုင်း ထားထားတာ၊ မပြောင်းလဲချင်ဘူးကွာ၊ အရာရာအားလုံး ဒီအတိုင်းပဲ ရှိစေချင်ခဲ့တာ၊ မနေ့တုန်းကအထိတော့ ငါ ချိုချို့ဆီက ပြန်လာပြီးစအရွယ်အတိုင်းပဲလို့ ငါ့စိတ်ထဲမှာ ထင်ခဲ့တယ်၊ ဒါပေမယ့် ဒီနေ့တော့ အဲ့ဒီထင်မြင်မှုအားလုံး တစ်ကွက်ထဲ ပုံအောပြီးမှ မပေါက်ဘဲ လွဲသလို ပလုံခနဲပဲ နွေဦးမောင်ရာ၊ ငါ့ကို ဘကြီးတဲ့"

ကိုစိုင်း စကားဖြတ်ပြီး မော့ပြန်သည်။ သည်တစ်ကြိမ် ရေမေး။ ကိုစိုင်း ပုဝါမကူ ရေမရှုစတမ်း မော့မည်ဟု ဆုံးဖြတ်ထားပုံရသည်။ ဒီအတိုင်းဆို သူ့ကိုယ်သူ အလဲထိုးတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီတစ်ခွန်းတည်းနဲ့ ဆယ်နှစ်စာကို တစ်ချက်တည်း ပြန်မြင်လိုက်ရသလို ငါ့ကိုယ်ငါ အတော်အိုစာသွားမှန်း မှန်မကြည့်ဘဲ သိလိုက်တယ်၊ ပြက္ခဒိန်တွေ တဖျတ်ဖျတ် လွင့်ကုန်တာ ငါမြင်လိုက်ရတယ်၊ နာရီလက်တံတွေကြောင့် နာရီတွေ ရဟတ်ယာဉ်လို ပျံတက်ကုန်ကြတယ်၊ ဇာတိ ဇရာ မရဏ. . ကွာ၊ အဲ့ဒါကို ငါငယ်ငယ်တုန်းကတည်းက ဖတ်ဖူးတာ၊ အခုမှ သိသွားတယ်၊ ဟက်. . ဟက်. . ဟက်"

ဂလု. . ကစ်. . အု

(ဘုရားရေ. . . အကုန်မော့ပစ်ပါလား)

"ငါ. . ငါ. . အေ့. . ငါ မင်းတို့ရုံးရှေ့မှာ ဇက်ကျိုးနေတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတစ်ကောင်လို ရပ်နေတာ ချိုချို့ကို ကြွေနေတယ် ထင်လို့လား. . အေ့. . မဟုတ်ဘူး နွေဦးမောင်၊ ငါ့ခန္ဓာကိုယ်ထဲမှာ ချိုချင်ချိုနေတဲ့အရာအားလုံး. . ဆီးချို သွေးချိုပါမကျန်အောင် ခွာချပစ်နေတာ၊ အခုလက်ကျန်လေး ရှိနေတာတောင် ပူရှလွန်းတဲ့ မင်းရဲ့တောက်တိုမယ်ရ အရက်ခွက်ကြောင့် လောင်ကျွမ်းကြေမွကုန်ပြီကွ. . . ရှိတော့ဘူး"

ကိုပိုင်း ဖန်ခွက်ကြီးကို မ,ကြည့်ပြီး ကောင်တာနောက်က ပုလင်းကြီးကို လှမ်းကြည့်တယ်။

"အဲ့ဒီအမိန့်အတိုင်း နောက်ထပ် ခြောက်ပက်"

"ဟာ. . . ကိုပိုင်း"

"ရတယ်. . . ငါ့ဘဝတစ်လျှောက် ကံကြွင်းကံပဲ့နဲ့လူဖြစ်လာတာ၊ ခုမှတော့ ကံစုတ်ကံပြတ်နဲ့ ဇာတ်သိမ်းပရစေတော့ နွေဦးမောင်



www.burmeseclassic.com

www.burmeseclassic.com



ရာ၊ ငါက တစ်သက်သုံး ချိုလာတဲ့အကောင်ပါ၊ အခုမှ ခါးတာ၊ လုပ်ပါ. . ခါးခါးလေး. . ဂစ်. . ကု”

ပုဂ္ဂိုလ်ကြီး ဖန်ခွက်လှမ်းယူတာကို. . ကျွန်တော် တားလိုက်တယ်။ အဲ့ဒီနောက် ပိုက်ဆံရှင်းပေးပြီး ကောင်တာခုံပေါ် ကားနေတဲ့ ကိုစိုင်းကို ပွေ့ချီပြီး ထွက်လာခဲ့ပါတော့တယ်။

卐 卐 卐 卐

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ညက ကျွန်တော် ကိုစိုင်းအလုပ်ခန်းမှာပဲ အိပ်ပြီး မနက်ခင်းမှ ဦးသာဗျော နှမကြီးအိမ်(နောင်အခါ ကျွန်တော့်အိမ်)ဆီ ပြန်လာခဲ့ပါတယ်။

ဒီနေ့ ရုံးပိတ်ရက်ဖြစ်လို့ အိမ်မှာ ချိုချိုရှိမယ်ပေါ့။ ဒါပေမယ့် ကျွန်တော့်ကို မြင်တာနဲ့ ဦးသာဗျော အမောဆို့မတတ် ပြေးလာတယ်

"ဟော့. . နွေဦးမောင်၊ မင်းတို့ ဘာဖြစ်ကြတာလဲကွ!"

"ဗျာ. . . ဘာဖြစ်လို့လဲ!"

"အေး. . . ဘာဖြစ်သလဲ မင်းဘာသာစဉ်းစား၊ ဟောဒီမှာ စာ"

ကျွန်တော်လည်း အူတူအတတနဲ့ စာကို ယူဖတ်လိုက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးပဲ ကိုရွှေဦးမောင်...

ကျွန်မလည်း ဂုဏ်ပြောမှပဲ အချစ်ရဲ့အရေးပါအရာရောက်မှုကို သိတော့တယ်။ ဟုတ်ပါရဲ့နော်...ဂုဏ်ရောကျွန်မပါ တစ်ယောက်ကိုတစ်ယောက်...မချစ်ဘဲ...လက်ထပ်ရမယ်ဆိုတော့ တစ်သက်တာကြီး ဘယ်မှာလာပြီး အဆင်ပြေပါ့မလဲ။ အဲဒါကြောင့် ကျွန်မ ဂုဏ့်ကို...လက်မထပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အခု...ကျွန်မ မန္တလေးကို အပြီးပြန်သွားပါပြီ။ အမေ့ကိုလည်း ခေါ်သွားတယ်။ ဒီကာလအတွင်းမှာ ဂုဏ်ရောကျွန်မပါ အချစ်ကို ရှာကြတာပေါ့။ ဂုဏ်လည်း...ဂုဏ်ချစ်တဲ့ သူနဲ့ လက်ထပ်...၊ ကျွန်မလည်း ချစ်တဲ့သူ ရှာတွေ့ရင် လက်ထပ်မယ်။ အဲဒါမှ သာယာချမ်းမြေ့တဲ့ အိမ်ထောင်ရေးကို ပိုင်ဆိုင်ရမယ် မဟုတ်လားဂုဏ်။

BURMESE CLASSIC

ကိုရွှေဦးမောင် အမှန်ဆုံး အချစ်ကို ရှာတွေ့ပါစေလို့... ဆုတောင်းပါတယ်။

ချိုချို

"ဟာ. . . ဒုက္ခပါပဲ ဦးလေးရာ၊ ဒီလိုလုပ်လို့ရမလားဗျ"

"ဟေ. . . ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ၊ မင်းတို့ မချစ်ကြမှ တော့ ဘယ်လိုပေါင်းသင်းကြမလဲ!"

"မဟုတ်ဘူး. . . ကျွန်တော်ချစ်တယ်"

"ဟမ်"

"မနေ့ကအထိတော့ ဟုတ်တယ်၊ ဒီနေ့ကစပြီး ချို့ကို ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ချစ်သွားပြီ ဦးလေးရာ၊ မဖြစ်ဘူး. . . သူ တစ်ခြားသူရဲ့အချစ်ကို လက်ခံလို့မဖြစ်ဘူး၊ ကျွန်တော့်အချစ်ကိုပဲ သူလက်ခံရမယ်၊ ကဲ. . . ကျွန်တော်လိုက်သွားမယ် ဦးလေး"

"အေး. . အေး. . လိုက်သွား ငါ့တူရာ. . ဟိုးမှာ. ."

ကျွန်တော်လှမ်းကြည့်လိုက်တော့ ပန်းပင်တွေကြား တခိခိ ရယ်ရင်း လျှောက်သွားနေတဲ့ ချိုချို့ကို တွေ့လိုက်ရလို့ မွှန်ထူနေအောင် ရှက်သွားပြီး. . .

"ဟင်. . ဒီ. . ဒီစာက. ."

"အေး. . . မနေ့က သူစိတ်ဆိုးပြီး ရေးထားတာကွ"

"ဟာဗျာ"

ကျွန်တော် အရှုံးလုပ်ခံလိုက်ရတဲ့အတွက် စိတ်ထဲမှာ အသေ နမ်းပစ်ချင်တာကြောင့်. . . BURMESE CLASSIC

"ဦးလေး သွားတော့. . . မြန်မြန်သွား"

"ဘာအတွက်လဲ!"

"ကျွန်တော် ဦးလေးတူမကို အသားကုန် နမ်းမှာနော်"

"ဟာ. . . ဟော့ကောင်"

www.burmeseclassic.com